ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့ (15-4-2015) (၈၁၇၆)

အေးစေ မြစေ မေတ္တာရေ

- နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နှယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံမမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း မဟာသင်္ကြန်ပွဲတော် အကျနေ့တွင် ပါဝင်ဆင်နွှဲ

သတင်း » စာမျက်နှာ - ၈

စည်ကားပျော်ရွှင် ရိုးရာသင်္ကြန်ပွဲနွှဲခဲ့

သတင်း » စာမျက်နှာ - ၇

ရန်ကုန်မြို့ရှိ SKY NET မဏ္ဍပ်တွင် ပျော်ရွှင်စွာ ရေကစားနေကြသူများကို တွေ့ရစဉ်။ (ဓာတ်ပုံ - သန့်ဇင်ဝင်း)

ရခိုင်ရိုးရာရေကစားမဏ္ဍပ်၌ ပျော်ရွှင်စွာ ရေကစားနေကြသူများကို တွေ့ရစဉ်။ IPRD (ရန်ကုန်)

ရန်ကုန်အနောက်ပိုင်းခရိုင် ရေကစားမဏ္ဍပ်၌ ကရင်ရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်စဉ်။ IPRD (ရန်ကုန်)

ကြေးမုံ စာ တည်း ရှု ထောင့် ၁၅-၄-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

အမျိုးသားယဉ်ကျေးမှုသင်္ကြန်

အမျိုးသားယဉ်ကျေးမှုများ မပျောက်ပျက်စေရန်အတွက် အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါသည်။ ခေတ်စနစ်များပြောင်းလဲပြီး မိမိတို့နိုင်ငံကို ခေတ်မီအောင် ဖော်ဆောင်ရာ၌ တိုးတက်သောနိုင်ငံများ၏ အများကြိုက်ပုံစံများကို လက်ခံရယူကြသည်မှာ သဘာဝကျပါသည်။ အမျိုးသားယဉ်ကျေးမှုကိုလည်း မထိခိုက်ဖို့ သတိပြုရမည်ဖြစ်ပါသည်။

ဂလိုဘယ်လ်လိုက်ဇေးရှင်းခေတ်ကာလဝယ် ယဉ်ကျေးမှုပုံစံများမှာ ပျံ့နှံ့မှုလွယ်ကူလာသည်။ အထူးသဖြင့် အနောက်တိုင်းနိုင်ငံများတွင် အရှေ့တိုင်းယဉ်ကျေးမှု မလွှမ်းမိုးသော်လည်း အရှေ့တိုင်းနိုင်ငံများတွင်မူ အနောက်တိုင်းယဉ်ကျေးမှု လျင်မြန်စွာလွှမ်းမိုးလာသည်ဟု ဆိုနိုင်ပါသည်။ ကျွန်ုပ်တို့နိုင်ငံတွင်သာမက အရှေ့အာရှနိုင်ငံများတွင်လည်း အလားတူလွှမ်းမိုးလာပါသည်။ ယဉ်ကျေးမှုလွှမ်းမိုးခြင်း၏အကျိုးဆက်ကြောင့် လက်ငင်းတွင် ကိုယ်ကျင့်တရားပျက်ပြားခြင်း အကျိုးရလဒ်ကို ဖြစ်ပေါ်စေနိုင်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ယဉ်ကျေးမှုတိုးတက်ပြောင်းလဲခြင်းကို လက်ခံသော်လည်း အမျိုးသားယဉ်ကျေးမှုလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါသည်။ သာဓကအားဖြင့် ယခု ကျင်းပနေသော သင်္ကြန်ပွဲတော်ကာလ၏ မဏ္ဍပ်ကြီးတစ်ခု၌ အမျိုးသားယဉ်ကျေးမှုဝတ်စားဆင်ယင်မှုပုံစံဖြင့် ဖျော်ဖြေတင်ဆက်သည့် ကကွက်တစ်မျိုးတွင် ယစ်မူးမှုပုံစံသဘောပါသည့် နတ်အကနှင့် အနောက်တိုင်းတေးသွား ပေါင်းစပ်ထားမှုမှာ ယဉ်ကျေးမှုကို ဆန်းသစ်ရာမရောက်ဘဲ အမျိုးသားယဉ်ကျေးမှုလက္ခဏာကို ထိခိုက်စေသောသဘောသို့ သက်ရောက်ပါသည်။

မြူးကြွသည့်သံစဉ်ကြောင့် အမျိုးသားယဉ်ကျေးမှုကို မေ့လျော့၍ ပျော်ရွှင်ခြင်းနောက်သို့လိုက်ပါက ယဉ်ကျေးမှု၏တန်ဖိုးကို အလေးထားမှု လျော့နည်းလာခြင်း၊ ယဉ်ကျေးမှုပုံစံပျက်ယွင်းနိုင်ခြင်းတို့ကို သတိပြုရမည်ဖြစ်ပါသည်။ စိစစ်ခြင်း၊ အကဲဖြတ်ခြင်းမှာ တင်းကျပ်ခြင်းမဟုတ်ဘဲ ယဉ်ကျေးမှုကို ထိန်းသိမ်းပေးခြင်းဖြစ်သည်ဟု နားလည်လက်ခံကြရမည်ဖြစ်ပါသည်။ တန်ဖိုးကြီးမားသော မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုကို တိုင်းတစ်ပါးသားတို့ အထင်ကြီးလေးစားနှစ်သက်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြဖို့လိုပါသည်။

အနောက်တိုင်းယဉ်ကျေးမှုသည် ကူးစက်ပျံ့နှံ့မှုလွယ်ကူပြီး သင်္ကြန်ပွဲတော်ကဲ့သို့ ဖျော်ဖြေတင်ဆက်မှုများမှတစ်ဆင့် မြို့ပြမှသည် ကျေးလက်အထိ လက်ခံနှစ်သက်ပျံ့နှံ့လာပြီဖြစ်ပါသည်။ ယဉ်ကျေးမှုပျက် အရောအနှောပုံစံများ ကူးစက်ခံရပြီဖြစ်ပါသည်။ ပြည်သူများသည် သာမန်ပုထုဇဉ်လူသားများဖြစ်၍ ပျော်ရွှင်လန်းဆန်းမှုနောက်သို့ လိုက်ပါမည်သာဖြစ်သည်။ အဓိကဖန်တီးသူကသာ ယဉ်ကျေးမှုမပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပေးရန် တာဝန်ရှိပါသည်။ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ မတိမ်ကော မပပျောက်စေရေး၊ ထွန်းကားပြန့်ပွားရေး ကြံ့ကြံ့ခံထိန်းသိမ်းမြှင့်တင်ပေးကြရမည်ဖြစ်ပါသည်။

ယခုအခါ အမျိုးသားအမွေအနှစ်များကို ထိန်းသိမ်းနိုင်သဖြင့် ရှေးမြို့ဟောင်းများကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး ကမ္ဘာတွင် မြန်မာဟု ဂုဏ်ယူဝင့်ကြွားနိုင်ခဲ့ပါသည်။ ဆက်လက်၍ ရှေးမြို့ပြများကို အသိအမှတ်ပြုနိုင်ရန် ဆောင်ရွက်နေပါသည်။ တစ်ဆက်တည်းတွင် ကုလသမဂ္ဂယူနက်စကိုအဖွဲ့ကြီး၏ "ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း" တွင် မြန်မာ့ယဉ်ကျေးမှုတစ်မျိုးဖြစ်သော မြန်မာ့သင်္ကြန်ကို ထည့်သွင်းမည်၊ ထည့်သွင်းသင့်သည်ဟု ပြောဆိုလာကြပါသည်။ ထို့ကြောင့် သင်္ကြန်ယဉ်ကျေးမှုကို မြန်မာတို့ မလွဲမသွေထိန်းသိမ်းစောင့်ရှောက်ရန် အရေးတကြီးလိုအပ်လာပါသည်။ ယဉ်ကျေးမှုပျက်ယွင်းခြင်းလက်သည်ကို အပူတပြင်းရှာဖွေကြရပါမည်။

တိုးတက်ပြောင်းလဲခြင်း မည်သို့ပင်ရှိလာသည်ဖြစ်စေ မိမိတို့၏ ဘိုးဘွားစဉ်ဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့် ယဉ်ကျေးမှုတန်ဖိုးများကို အလေးထားရမည်ဖြစ်သည်။ ယင်းသည် ခေတ်နောက်ပြန်သွားခြင်းမဟုတ်ဘဲ ယဉ်ကျေးမှုနှုန်းစံများကို သူ့နေရာနှင့်သူ၊ သူ့အပိုင်းနှင့် သူ့ကဏ္ဍ အသုံးချလိုခြင်းဖြစ်ပါသည်။ ရောသမမွှေ ယဉ်ကျေးမှုထုံးစံများ လွှမ်းမိုးသွားမည်ဆိုပါက အမျိုးသားယဉ်ကျေးမှုလက္ခဏာများ ပျောက်ကွယ်နိုင်သည်ကို သတိချပ်ရမည်ဖြစ်ပါသည်။ ။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုရေကစားမဏ္ဍပ်၌ သီဆိုကပြဖျော်ဖြေမှုများနှင့်အတူ ရေကစားသူများဖြင့် စည်ကားလျက်ရှိ

နေပြည်တော် မေ ၁၄

မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူးမဟာသင်္ကြန် အကျနေ့ဖြစ်သော ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုရေကစားမဏ္ဍပ်၌ ယိမ်းအကအဖွဲ့များ၊ တေးသံရှင်များ၏ သီဆိုကပြဖျော်ဖြေမှုများနှင့်အတူ ရေကစားသူများဖြင့် စည်ကားလျက်ရှိရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်အားပေးသည်။

ရှေးဦးစွာ နံနက်ပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် မိသားစုများသည် ရေကစားမဏ္ဍပ်သို့ တက်ရောက်လာကြရာ တာဝန်ရှိသူများက စံပယ်ပန်းကုံးများဖြင့် ကြိုဆိုကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အတာရေများ အပြန်အလှန်ပက်ဖျန်းပြီး ယိမ်းအဖွဲ့များနှင့်အတူ မဟာသင်္ကြန်ရေသဘင်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲကြသည်။

အဆိုပါ ရေကစားမဏ္ဍပ်သို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များလာရောက်၍ ပျော်ရွှင်စွာရေကစားကြပြီး ရုံး/ဌာနအသီးသီးမှ ယိမ်းအကအဖွဲ့များနှင့် တေးသံရှင်များကလည်း မြဝတီတေးဂီတအဖွဲ့နှင့်အတူ တေးသံသာများ၊ သင်္ကြန်ယိမ်းအကများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမိသားစု ရေကစားမဏ္ဍပ်နှင့် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ရှိ ရေကစားမဏ္ဍပ်များသို့သွားရောက်၍ မဟာသင်္ကြန်ရေသဘင်ပွဲကို ကြည့်ရှုအားပေးကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း ရုံး/ဌာနများမှ မိသားစုရေကစားမဏ္ဍပ်၊ ဇေယျာသီရိကုန်တိုက်အနီးရှိ ဇေယျာသီရိမိသားစုရေကစားမဏ္ဍပ်၊ နေပြည်တော် တည်းခိုရေးစခန်းရှေ့ရှိ ရေကစားမဏ္ဍပ်နှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် မိသားစုရေကစားမဏ္ဍပ်များတွင်လည်း ယနေ့တွင် ရေပက်ခံလာသူများ၊ ရေပက်ကစားကြသူများဖြင့် စည်ကားလျက်ရှိပြီး မဏ္ဍပ်တိုင်းတွင် သင်္ကြန်ယိမ်းအကအဖွဲ့များနှင့် တေးသံရှင်များက တေးသီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုကပြ ဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

သင်္ကြန်ခရီးစဉ်များ
APR - 3/10/12/နှစ်ဆန်းတစ်ရက် -17/24
ကြိုတင်လက်မှတ်ရောင်းပြီ။
Ph : 380141, 241863, 09 43043109, 09 73251422

နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် မိသားစုဝင်များ ရိုးရာအတာသင်္ကြန်ပွဲ အကျနေ့၌ ပါဝင်ဆင်နွှဲ

နေပြည်တော် မေ ၁၄

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီးဦးဆောင်၍ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် မိသားစုဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ နေပြည်တော် FC ရေကစားမဏ္ဍပ်၊ တော်ဝင်နေပြည်တော်ရေကစားမဏ္ဍပ်၊ ရွှေသံလွင်ကုမ္ပဏီ မိသားစု မြန်မာ့ရိုးရာရေကစားမဏ္ဍပ်တို့သို့ရောက်ရှိကြပြီး ဒေသခံပြည်သူများနှင့်အတူ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။**(အောက်ပုံ)**

သံတမန်များအား ရေကစားမဏ္ဍပ်များမှ တာဝန်ရှိသူများက မြန်မာ့ရိုးရာ အစဉ်အလာနှင့်အညီ သပြေခက်ဖြင့် အတာရေ ပက်ဖျန်းကြိုဆိုကြပြီး သံတမန်များက ရေကစားမဏ္ဍပ်များတွင် သင်္ကြန်ယိမ်းအဖွဲ့များ၊ စတူဒီယိုတေးသံရှင်များ၊ သဘင်၊ ဂီတနှင့် ရုပ်ရှင်တို့မှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီးတို့ ဦးဆောင်သော သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် မိသားစုဝင်များအား နေပြည်တော် မြို့တော်ခန်းမ၌ မြို့တော်ဝန် ဦးသိန်းညွန့်နှင့်ဇနီး၊ တာဝန်ရှိသူများက ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး နေပြည်တော် အတာသင်္ကြန်ရေသဘင်ပွဲတွင် ပါဝင်ဆင်နွှဲ

နေပြည်တော် ဧပြီ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးဒေါ်နန်းရွှေမှုန်တို့သည် ယနေ့အတာသင်္ကြန်အကျနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် မြို့တော်ဝန် ဗဟိုရေကစားမဏ္ဍပ်နှင့် ဟိုတယ်ဇုန်ရှိ မိသားစုရေကစားမဏ္ဍပ်များသို့ သွားရောက်၍ သင်္ကြန်ချစ်သူ ပြည်သူများနှင့်အတူ အတာသင်္ကြန်ရေသဘင်ပွဲတွင် ပါဝင်ဆင်နွှဲကြသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးတို့သည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ နေပြည်တော်မြို့တော်ဝန် ဗဟိုရေကစားမဏ္ဍပ်၊ ရွှေသံလွင်ကုမ္ပဏီမိသားစု ရေကစားမဏ္ဍပ်၊ တော်ဝင်နေပြည်တော်ဟိုတယ် ရေကစားမဏ္ဍပ်၊ ဟိုတယ်မက်(စ်) မိသားစုရေကစားမဏ္ဍပ်နှင့် နေပြည်တော် FC ရေကစားမဏ္ဍပ်များသို့ သွားရောက်ပြီး ရေကစားမဏ္ဍပ်များတွင် ဖျော်ဖြေတင်ဆက်နေကြသည့် နိုင်ငံကျော် ပြည်သူချစ် အနုပညာရှင်များ၊ တေးသံရှင်များနှင့် ယိမ်းအဖွဲ့များအား သပြေခက်ဖြင့်ရေပက်ကာ သင်္ကြန်ချစ်သူပြည်သူများနှင့်အတူ သင်္ကြန်ပွဲတော်ကို ပါဝင်နွှဲပျော်ခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်အကျနေ့ ပျော်ရွှင်စွာပါဝင်ဆင်နွှဲသူ များပြား

နေပြည်တော် ဧပြီ ၁၄

ယနေ့တွင် ကျရောက်သည့် ၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အတာသင်္ကြန်ပွဲတော် အကျနေ့ အခါသမယတွင် နေပြည်တော်ရှိ မြို့နယ်များ၌ စုပေါင်း ရေကစားသူများ၊ စုပေါင်း ရေပက်ခံထွက် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များဖြင့် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲသူ များပြားသည်ကို တွေ့ရသည်။

နေပြည်တော် ဒက္ခိဏသီရိ မြို့နယ်အတွင်းရှိ ရာဇသင်္ဂဟလမ်း ဟိုတယ်ဇုန်တွင် ရေကစားမဏ္ဍပ်ကြီး၊ မဏ္ဍပ်ငယ်များဖြင့် စည်ကားလျက်ရှိပြီး နိုင်ငံကျော် တေးသံရှင်၊ အနုပညာရှင်များက တေးသီချင်းများ၊ သင်္ကြန်ယိမ်းအကများဖြင့် တင်ဆက်ဖျော်ဖြေလျက်ရှိရာ လာရောက်ကြည့်ရှုအားပေးကြသူ သင်္ကြန်ချစ်ပရိသတ်များနှင့် ရာဇသင်္ဂဟလမ်းမကြီး တစ်ခုလုံး တိုးမပေါက်အောင် စည်ကားများပြားလျက်ရှိသည်။

လမ်းတစ်လျှောက်တွင် ရာသီနှင့်အညီ ငုရွှေဝါပန်းတို့ ဝွားဝွားစွင့်စွင့် ဖူးပွင့်လျက်ရှိသည်ကို တွေ့ရပြီး သင်္ကြန်ဒိုး၊ သင်္ကြန်တေးသီချင်းများနှင့် ခေတ်ပေါ်တေးသီချင်းများကို နိုင်ငံကျော် အနုပညာရှင်၊ တေးသံရှင်များက တရစပ် ဖျော်ဖြေတင်ဆက်လျက်ရှိသည့်အတွက် ဂီတကိုဝါသနာပါသူ၊ သင်္ကြန်ကိုချစ်မြတ်နိုးသူ သင်္ကြန်ချစ်သူများအနေဖြင့် တပျော်တပါး အားပါးတရ ပါဝင်ဆင်နွှဲလျက်ရှိကြသည်။

ရွှေသံလွင်မိသားစု ရေကစားမဏ္ဍပ်တွင် သင်္ကြန်ရေကစားကြသည့် ဧည့်ပရိသတ်များအား တစ်နေ့တာပတ်လုံး သင်္ကြန်ပြီးသည်အထိ စတုဒိသာအကျွေးအမွေးဖြင့် တည်ခင်းဧည့်ခံလျက်ရှိရာ ဝင်ရောက်စားသောက်သူများဖြင့် စည်စည်ကားကားတွေ့မြင်ရသည်။

အလားတူ နေပြည်တော်ပျဉ်းမနားတွင်လည်း ဗိုလ်ချုပ်လမ်းတစ်လျှောက် ရေကစားမဏ္ဍပ်ငယ်လေးများတွင် ရေပက်ကစားသူများ ပျော်ရွှင်စွာ ရေကစားလျက်ရှိနေကြသည်ကို တွေ့ရသည်။

နေပြည်တော် လယ်ဝေး၊ နေပြည်တော်တပ်ကုန်း မြို့နယ်များနှင့် သီရိငါးမြို့နယ် ဖြစ်သည့် ဇမ္ဗူသီရိ၊ ဥတ္တရသီရိ၊ ဒက္ခိဏသီရိ၊ ပုဗ္ဗသီရိနှင့် ဇေယျာသီရိမြို့နယ်များတွင်လည်း ရပ်ကွက်များအလိုက် ရေကစားမဏ္ဍပ်ကြီး/ငယ်များ၊ ရေကစားကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့မြင်ရသည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အတာရေသဘင်ပွဲကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသူများ ရှိသကဲ့သို့ ဘုရား ကျောင်း၊ ကန်၊ ဇရပ်တို့၌ ဥပုသ် သီတင်းသီလ ဆောက်တည်ကြသူများ၊ တရားဘာဝနာပွားများအားထုတ်ကြသူများနှင့် စတုဒိသာ အကျွေးအမွေး၊အလှူအတန်းများ ပြုလုပ်ကာ ဒါနအမှုဖြင့် မွေ့လျော်နေကြသည်ကိုလည်း ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်ရသည်။ **(သတင်းစဉ်)**

သင်္ကြန်အကျနေ့က နေပြည်တော်ရှိ ပိတောက်ရွှေဝါမဏ္ဍပ်၌ ရေပက်ခံသူများနှင့် ရေပက်သူများ ပျော်ရွှင်စွာရေကစားကြစဉ်။ (ဓာတ်ပုံ-ရာမည)

နှစ်ဆန်းတစ်ရက်နေ့တွင် သက်စေ့လွှတ်ငါးများ ရောင်းချပေးမည်

ရန်ကုန် ဧပြီ ၁၄

၁၃၇၇ ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက် (ဧပြီ ၁၇ ရက်) သောကြာနေ့တွင် နှစ်သစ်မင်္ဂလာ အထိမ်းအမှတ်အဖြစ် ဇီဝိတဒါန သက်လွှတ်ကုသိုလ်ကောင်းမှု ပြုလုပ်လိုသူများအတွက် သက်စေ့လွှတ်ငါးများအား ယင်းနေ့ နံနက်ပိုင်းမှစတင်ကာ ရန်ကုန်မြို့ကန်တော်ကြီးရှိ ရေချိုငါးဥယျာဉ်၌ အရေအတွက် ကန့်သတ်ချက်မရှိ ရောင်းချပေးမည်ဖြစ်ကြောင်းနှင့် ဖုန်း-၅၅၅၆၁၃ နှင့် ၀၉၂၅၀၆၇၆၈၀၂ တို့သို့လည်း ကြိုတင်ဆက်သွယ်မှာကြားထားနိုင်ကြောင်း သိရသည်။

(ကိုချစ်)

မုဒုံသင်္ကြန်ဗဟိုမဏ္ဍပ် ဖွင့်ပွဲကျင်းပ

မုဒုံ ဧပြီ ၁၄

၁၃၇၆ ခုနှစ် မဟာသင်္ကြန်ပွဲတော် မြို့နယ်ဗဟိုမဏ္ဍပ်ဖွင့်ပွဲကို ယနေ့ (သင်္ကြန်အကျနေ့)နံနက် ၇ နာရီခွဲတွင် မုဒုံမြို့ မင်းတန်းရပ် မြို့မရဲစခန်းရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်က မင်္ဂလာနှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့နယ်ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် လှပျိုဖြူများပါဝင်သည့် ယိမ်းအကအဖွဲ့ဝင်များက "မန်းတောင်ရိပ်ခို" သီချင်းဖြင့် စုပေါင်းကပြဖျော်ဖြေကြပြီး ဧည့်ပရိသတ်များက အတာရေပက်ဖျန်းရေကစားကြသည်။ ဗဟိုမဏ္ဍပ်ရှိ သင်္ကြန်ယိမ်းအဖွဲ့များက သင်္ကြန်အတက်နေ့အထိ နေ့စဉ်ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုချစ်(မုဒုံ)**

ခန္တီး၌ MRTV-FM ရေဒီယို ထုတ်လွှင့်

ခန္တီး ဧပြီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ MRTV-FM ရေဒီယိုအား လှိုင်းနှုန်း (88:30 MHz) ဖြင့် နေ့စဉ် ညနေ ၆ နာရီမှ ည ၁၁ နာရီအထိ ထုတ်လွှင့်ပေးနေပြီဖြစ်ကြောင်း ခန္တီးခရိုင်စက်ရုံမှူး ဦးစိုးမြင့်ထံမှ သိရသည်။ **ချန်လော(IPRD)**

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အကျနေ့ စည်ကားစွာကျင်းပ

ဟားခါး ဧပြီ ၁၄

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အကျနေ့ကို ဧပြီ ၁၄ ရက် နံနက် ၁၀ နာရီက ချင်းပြည်နယ် ဟားခါးမြို့ မြန်မာ့ရိုးရာ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ၂၀၁၅ ခုနှစ် ချင်းပြည်နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီးဒေါက်တာဘမောင်၊ ပြည်နယ်လွှတ်တော်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျင်လျန်ပေါင်၊ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးစိုးလှိုင်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြည်နယ်(ပြန်/ဆက်)

လာမည့် ၁၅ နှစ်တွင် ကမ္ဘာ့လူဦးရေ ၁ ဒသမ ၁ ဘီလီယံအထိ တိုးတက်မည်ဟု ကုလသမဂ္ဂပြောကြား

ကုလသမဂ္ဂ မေ ၁၄

ကမ္ဘာ့လူဦးရေသည် ၂၀၁၅နှင့် ၂၀၃၀ ခုနှစ်အကြားတွင် (၇ ဒသမ ၃) ဘီလီယံမှ (၈ဒသမ ၄)ဘီလီယံအထိ တိုးတက်များပြားလာမည်ဟု ခန့်မှန်းထားရာ ယင်းလူဦးရေ တိုးပွားများပြားလာမှု ပြဿနာရပ်များကို ၂၀၁၅ခုနှစ်လွန် ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ်ထဲတွင် ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်းဖြင့် ကုလသမဂ္ဂက မေ ၁၃ ရက်တွင် တိုက်တွန်းခဲ့သည်။

အဆိုပါ သတင်းအချက်အလက်ကို လက်ရှိနှင့်အနာဂတ် ကမ္ဘာ့လူဦးရေအလားအလာနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအပေါ် လူဦးရေ၏ ဝယက်ရိုက်ခတ်မှုဟူသော ခေါင်းစဉ်ဖြင့် မေ ၁၃ရက်က ဖွင့်လှစ်ကျင်းပသော (၄၈)ကြိမ်မြောက် ကမ္ဘာ့လူဦးရေနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကုလသမဂ္ဂကော်မရှင်အဖွဲ့၏ အစည်းအဝေးမှထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာ အသိုက်အဝန်းသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင် ပြည့်မီရေးအတွက် ကြိုးပမ်းအားထုတ်သွားမည်ဖြစ်ရာ လက်ရှိကမ္ဘာတွင် ဖြစ်ပေါ်လျက်ရှိသည့် လူဦးရေ အကြီးအကျယ်ပြောင်းလဲမှုက ယင်းဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်ကို လွှမ်းမိုးသွားနိုင်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက လူဦးရေနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကုလသမဂ္ဂကော်မရှင်အဖွဲ့သို့ ပေးပို့သည့် အမှာစာထဲတွင် ဖော်ပြထားသည်။

လူဦးရေ ထူထပ်များပြားနေသော အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ ဘူတာရုံတစ်ခုကို တွေ့ရစဉ်။

တိုးတက်လာမည်ဟု ခန့်မှန်းထားသည့် ယင်းကမ္ဘာလုံးဆိုင်ရာလူဦးရေ၏ ၁ ဒသမ ၁ ဘီလီယံခန့်မှာ မြို့ပြဒေသများတွင် ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ဥရောပတိုက်မှအပ ကမ္ဘာ့ဒေသအားလုံးရှိ မြို့ပြနေလူဦးရေ တိုးတက်မှုနှုန်းမှာ ၁၅ ရာခိုင်နှုန်း သို့မဟုတ် ၁၅ ရာခိုင်နှုန်းအထက်ဖြင့် စံချိန်တင် တိုးပွားလာမည်ဟု ခန့်မှန်းရကြောင်း ဘန်ကီမွန်း၏ အမှာစာထဲတွင် ဆက်လက်ဖော်ပြထားသည်။

ကမ္ဘာ့လူဦးရေ၏ ထက်ဝက်ကျော်မှာ မြို့ကြီးများတွင် နေထိုင်ကြရာ ယင်းမြို့ကြီးနေ လူဦးရေအချိုးအစားမှာ လာမည့် ၁၅ နှစ်အတွင်း တိုးပွားလာနိုင်ကြောင်း၊ သို့ဖြစ်ရာ မြို့ပြနေပြည်သူများ၏ အကျိုးအမြတ်များအတွက် သင့်မြတ်အောင်ဆောင်ရွက်ပေးရေးနှင့် စိန်ခေါ်မှုများအား ကျော်လွှားနိုင်ရေးအတွက် အရေးတကြီးကြိုးပမ်းအားထုတ်သွားရန် လိုအပ်ကြောင်း ဘန်ကီမွန်းကထပ်မံဖော်ပြသည်။

အရွယ်ရောက်ပြီးသူ ကမ္ဘာ့ပြည်သူဦးရေကို ၂၀၁၅ ခုနှစ်တွင် ၁၅ ရာခိုင်နှုန်း၊ လာမည့် ၂၀၃၀ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းစသည်ဖြင့် တိုးတက်လာမည်ဟု ခန့်မှန်းထားရာ ကမ္ဘာ့ကလေးသူငယ်ဦးရေ နှစ်ဘီလီယံခန့်သည် လာမည့် (၁၅) နှစ်အတွင်း ကျောင်းနေအရွယ်သို့ရောက်ရှိလာကြမည်ဟု ခန့်မှန်းထားကြောင်း ဘန်ကီမွန်းက မှတ်ချက်ပြုသည်။ ကလေးသူငယ်များအတွက် ပညာရေးမြှင့်တင်ပေးရေး၊ ကျန်းမာရေးစောင့်ရှောက်မှုသေချာစေရေး၊ သင့်လျော်သော အလုပ်အကိုင်များဖန်တီးပေးရေးသည် ဖွံ့ဖြိုးရေးအတွက်လိုအပ်ကြောင်း၊ ထို့အတူ အရွယ်ရောက်ပြီးသူများအနေဖြင့် ၎င်းတို့နှင့်ထိုက်တန်ရာ လူမှုအကာအကွယ်ပေးရေး နယ်ပယ်များတွင် အပြည့်အဝပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လူ့ဘောင်အဖွဲ့အစည်းများကိုလည်း မိမိတို့အဆင့်တိုးမြှင့်ရမည်ဖြစ်ကြောင်းဖြင့် ဘန်ကီမွန်းက ပြောကြားသည်။

(ဆင်ဟွာ)

မြစ်များနှင့်ရေအိုင်ကြီးများညစ်ညမ်းမှု တိုက်ဖျက်ရေး တရုတ်အစိုးရက အစီအစဉ်ချမှတ်ဆောင်ရွက်တော့မည်

ပေကျင်း မေ ၁၄

တရုတ်နိုင်ငံရှိမြစ်များနှင့် ရေအိုင်ကြီးများ အရေအတွက်၏ ထက်ဝက်ခန့်မှာ ဆိုးဆိုးရွားရွား ရေထုညစ်ညမ်းမှုဖြစ်ပေါ်နေသဖြင့် ရှားပါးလှသည့် ရေအရင်းအမြစ်များ၏ အရည်အသွေးကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် အစီအစဉ်တစ်ရပ် ချမှတ် ဆောင်ရွက်တော့မည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာန၏ ထုတ်ပြန်ကြေညာချက်ကို ကိုးကားလျက် ရိုက်တာသတင်းဌာနက မေ ၁၃ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ၌ နှစ်ပေါင်းများစွာ စီးပွားရေးတိုးတက်မှု ဖြစ်ပေါ်ခဲ့ပြီးနောက် မြစ်များနှင့် ရေအိုင်ကြီးအများအပြားမှာ အလွန်အမင်း ရေထုညစ်ညမ်းမှု ဖြစ်ပေါ်လာခဲ့ရကြောင်း၊ ရေထုလွှာ အရည်အသွေးကျဆင်းမှုကြောင့် လူတို့သောက်သုံးရန်သော်လည်းကောင်း၊ အပင်များစိုက်ပျိုးရန်သော်လည်းကောင်း သင့်လျော်မှုမရှိကြောင်း သတင်းတွင် ဖော်ပြထားသည်။

မြစ်များနှင့် ရေအိုင်ကြီးများ၏ ရေထုညစ်ညမ်းမှု လျှော့ချရေး အစီအစဉ်ကို ယခုလအတွင်း ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်အရ စက္ကူစက်ရုံများ၊ ဆိုးဆေးထုတ်လုပ်သော စက်ရုံများ၊ ဓာတုဗေဒစက်ရုံများကဲ့သို့ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဆိုးရွားစေသော စက်မှုလုပ်ငန်းကုမ္ပဏီများသည် ရေဆိုးသန့်စင်မှုလုပ်ငန်းကို အလေးပေး ဆောင်ရွက်ရမည်ဖြစ်သည်။

ပတ်ဝန်းကျင် ညစ်ညမ်းစေနိုင်သော ပစ္စည်းများစွန့်ပစ်ခြင်းဆိုင်ရာ စည်းမျဉ်း စည်းကမ်းများအား ချိုးဖောက်သည့် ကုမ္ပဏီများကို ပိုမိုပြင်းထန်စွာ အပြစ်ပေးအရေးယူသွားရန် အစိုးရက စီစဉ်ထားကြောင်း သတင်းတွင် ဖော်ပြထားသည်။

(ရိုက်တာ)

နှစ်နိုင်ငံ ကုန်သွယ်ရေး သဘောတူညီချက်ရရှိရေး ဂျပန်နှင့် အမေရိကန် တွေ့ဆုံဆွေးနွေးမည်

တိုကျို မေ ၁၄

ဂျပန်နှင့် အမေရိကန်သည် နှစ်နိုင်ငံခေါင်းဆောင်များ၏ ထိပ်သီးဆွေးနွေးပွဲ မတိုင်မီ အပြန်အလှန်ကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ် ရရှိနိုင်ရန် မေ ၁၅ ရက်တွင် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဂျပန်နှင့် အမေရိကန်အကြား ကုန်သွယ်ရေး သဘောတူညီချက် ရရှိရေးတွင် အမေရိကန်ကွန်ဂရက်လွှတ်တော်၏ အားပေးထောက်ခံမှု ရရှိသည့် အပေါ်တွင်လည်း မူတည်နေကြောင်း ဂျပန် တာဝန်ရှိသူများက ပြောကြားသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် အမေရိကန် သမ္မတ ဘာရက်အိုဘားမားနှင့် မေ ၁၈ရက်တွင် ဝါရှင်တန်၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။ ထိပ်သီးဆွေးနွေးပွဲတွင် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍လည်း ဆွေးနွေးကြရန် စီစဉ်ထားသည်။

အမေရိကန် ကုန်သွယ်ရေးနှင့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ စေ့စပ်ဆွေးနွေးရေးမှူးများသည် မြို့တော်တိုကျိုတွင် ဆွေးနွေးပွဲပြုလုပ်မည်ဖြစ်သည်။

(ရိုက်တာ)

ကုန်ပစ္စည်းအပြန်အလှန်ဖလှယ်မှု အစီအစဉ် အီရန်နှင့်ပြုလုပ်နေသည်ဟု ရုရှားပြော

မော်စကို မေ ၁၄

ကုန်ပစ္စည်း အပြန်အလှန်ဖလှယ်ရေး သဘောတူညီချက်တစ်ရပ်အရ အီရန်နိုင်ငံထံမှ ရေနံစိမ်း ပေးပို့ခြင်းအတွက် ရုရှားနိုင်ငံက ယင်းနိုင်ငံသို့ ကောက်ပဲသီးနှံများ၊ စက်ပစ္စည်းကိရိယာများနှင့် ဆောက်လုပ်ရေးပစ္စည်းများကို စတင်ပေးပို့လျက်ရှိကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆာဂေးရယ်ကော့ဗ်က မေ ၁၄ ရက်တွင် ပြောကြားသည်။

အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်နှင့်ပတ်သက်၍ နိုင်ငံတကာ ဆွေးနွေးပွဲပြုလုပ်ခဲ့ရာတွင် ရုရှားနိုင်ငံက အီရန်၏ မဟာမိတ်နိုင်ငံအဖြစ် ပါဝင်တက်ရောက်ခဲ့သည်။ အီရန် နျူကလီးယား အစီအစဉ်ဆိုင်ရာ မူဘောင်သဘောတူညီချက်တစ်ရပ်ကို ရရှိခဲ့ပြီး ယင်းသဘောတူညီချက်အရ အီရန်ဘက်မှ အဏုမြူသုတေသနလုပ်ငန်းကို ထိန်းချုပ်ကန့်သတ်ပေးမည်ဆိုပါက အနောက်အုပ်စုက ယင်းနိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုများကို ရုပ်သိမ်းပေးမည်ဖြစ်သည်။

အီရန် နျူကလီးယား အစီအစဉ်ဆိုင်ရာ အပြီးသတ် သဘောတူညီချက်တစ်ရပ်ကို ဇွန်လကုန် နောက်ဆုံးထား၍ ရရှိရန် အချိန်ဇယား သတ်မှတ်ထားသည်။

ရုရှားနိုင်ငံသည် အဆိုပါ သဘောတူညီချက် ရရှိခြင်းဖြင့် စီးပွားရေးအရ အကျိုးအမြတ်ရရှိလာမည်ဟု မျှော်လင့်ရသည်။ စီးပွားရေး ဒဏ်ခတ်မှုများ ဖြစ်ပေါ်နေချိန်မှာပင် ရုရှားနှင့်အီရန်နိုင်ငံအကြား ရေနံနှင့် ကုန်ပစ္စည်း အပြန်အလှန်ဖလှယ်ရေး အစီအစဉ်တစ်ရပ်ကို အကောင်အထည် ဖော်လျက်ရှိသည်။

(ရိုက်တာ)

ယီမင်ငြိမ်းချမ်းရေးအစီအစဉ် အီရန်နိုင်ငံခြားရေး ဝန်ကြီးအဆိုပြု

အီရန်နိုင်ငံခြားရေးဝန်ကြီး ဂျာဗဒ်ဇာအစ်။

တီဟီရန် မေ ၁၄

ယီမင်နိုင်ငံ ငြိမ်းချမ်းရေးအတွက် အစီအစဉ်တစ်ရပ်ကို အီရန် နိုင်ငံခြားရေးဝန်ကြီးကရေးဆွဲထားပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပြုလုပ်ရေးနှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေးတို့အပါအဝင် အချက်လေးချက်ပါ ငြိမ်းချမ်းရေးအစီအစဉ်တွင် အီရန်၏ မဟာမိတ် ဟူသီသူပုန်အဖွဲ့အား ဆော်ဒီအာရေဗျနိုင်ငံ ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့က လေကြောင်းမှ တိုက်ခိုက်နေမှုကို အဆုံးသတ်ရန် ဖော်ပြထားသည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး ဂျာဗဒ်ဇာအစ်က အဆိုပြုသော ငြိမ်းချမ်းရေးအစီအစဉ်သည် ဆော်ဒီအာရေဗျနှင့် ယင်း၏ မဟာမိတ်နိုင်ငံများကို ဒေါသထွက်စေဖွယ်ရှိသည်ဟု ယူဆရသည်။ အီရန်နိုင်ငံသည် ဟူသီသူပုန်အဖွဲ့ကို လက်နက်တပ်ဆင်ပေးနေပြီး ယီမင် ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်နေသည်ဟု ဆော်ဒီအာရေဗျနှင့် ယင်း၏ မဟာမိတ်နိုင်ငံများက စွပ်စွဲခဲ့ကြသည်။

ယီမင်သမ္မတ မင်ဆောဟာဒီသည် လွန်ခဲ့သည့်လက ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့သို့ ထွက်ပြေးသွားခဲ့ရသည်။ ယီမင်တောင်ပိုင်းအေဒင်ပင်လယ်ဆိပ်ကမ်းမြို့ဆီသို့ ဦးတည်လျက် သူပုန်တပ်ဖွဲ့ဝင်များ ရှေ့တိုးချီတက်လာနေချိန်တွင် သမ္မတဟာဒီ ထွက်ပြေးခဲ့ရခြင်းဖြစ်သည်။

အပစ်အခတ်ရပ်စဲရေး၊ လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေး၊ ပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဆွေးနွေးပွဲ ပြုလုပ်ရေး၊ ပဋိပက္ခအဆုံးသတ်စေရေးအတွက် အစိုးရအဖွဲ့ကို ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းရေးတို့နှင့် ပတ်သက်၍ ငြိမ်းချမ်းရေး အစီအစဉ်တွင် အဆိုပြု ဖော်ပြထားသည်။

(ရိုက်တာ)

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် မြန်ပြည်တစ်ခွင်၌ ဆက်လက်ဆင်နွှဲ

မော်လမြိုင်မြို့၌ သင်္ကြန်အကြိုနေ့က မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။
ပြည်နယ်(ပြန်/ဆက်)

သင်္ကြန်အကြိုနေ့က မကွေးတိုင်းဒေသကြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ဗဟိုမဏ္ဍပ် ဖွင့်ပွဲကျင်းပစဉ်။
(ဇူလိုင်မိုး)

ရခိုင်ပြည်နယ်သံတွဲမြို့၌ ဧပြီ ၁၃ ရက်က မဟာသင်္ကြန်ပွဲတော်အထိမ်းအမှတ်အဖြစ် ရခိုင်ရိုးရာ နံ့သာသွေးပြိုင်ပွဲ ပြုလုပ်စဉ်။
ခရိုင်(ပြန်/ဆက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် ဧပြီ ၁၃ ရက် (အကြိုနေ့)က မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲကျင်းပစဉ်။
ဆရာမောင်(မူဆယ်)

မန္တလေးမြို့၌ သင်္ကြန်အကျနေ့ ညနေပိုင်းက ပြည်သူများ ပျော်ရွှင်စွာ ရေကစားနေသည်ကို တွေ့ရစဉ်။
ဇော်ကြီး (ပဂါတ)

သင်္ကြန်အကျနေ့က မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်တွင် ကမ္ဘာလှည့်ခရီးသည်များ ပါဝင်ဆင်နွှဲကြစဉ်။
ကျော်ဇေယျ(ပုသိမ်)

တာသင်္ကြန်နှစ်သစ်ကူးမို့

မျိုးသာကီ မြန်မာဟော့လို့
မြတ်ဓလေ့ကြွေးကြော်သံ။
မိုးဘဝင်ညံ။ ။
ထူးမြတ်တဲ့ မဟာသင်္ကြန်
ဇာတိမာန်ဆင့်ကဲ။
ဒို့ရိုးရာသဘင်ပွဲမို့
(သွေးချင်းတို့ရယ်) ပြုံးပျော်လို့နွှဲ။ ။
တာသင်္ကြန်နှစ်သစ်ကူးမို့
ပိတောက်ဖူးထိန်ထိန်ဝါ
သင်းပျံ့ကြိုင်စွာ။
အောင်အတိတ်အောင်မင်္ဂလာ
ဘေးဘယာကင်းဝေး။
တိုင်းရင်းသားသွေးချင်းတွေဆုံလို့
မေတ္တာခြံ၊ စည်ပိုက်ထွေးမယ်
(အိုကွယ်) အေးငြိမ်းပြီလော။ ။
ရာသီခွင်မိဿမို့
စိတြကြယ်ထွန်းပေါ်။
မြူးရွှင်လို့ပျော်။ ။
ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ
အတာသင်္ကြန်ဆင်နွှဲ။
နှစ်ဟောင်းမှ ညစ်ကြောင်းဘယာကို
ပစ်ကြောင်းခွာရှောင်လွှဲ။
မြမေတ္တာခိုင်မြဲလို့
တူနွဲ့လို့ လှမ်းချီ။
ခေတ်မီနိုင်ငံထူထောင်ရေး
မနေးပမြဲကြံစည်။
သွေးစည်းကြသည်။
စစ်မှန်တဲ့ဒီမိုကရေစီ
တို့ညီနောင်တော်လိုလား။
အမျိုးသားညီညွတ်ရေးကို
(ကွယ်) သွေးချင်းတို့ရယ်
ထွေးပိုက်စို့လား။

ယုဝတီကဗျာရှင်တက္ကသိုလ်နွယ်သဇင်

ငွေဖလားလေးကိုယ်စီ ရေကစားဖို့လာပြီ

ယုဝတီကဗျာရှင်
တက္ကသိုလ်နွယ်သဇင်

မှတ်မိပါသေးသည်။ ကြာတော့ကြာခဲ့လေပြီ။ လွန်ခဲ့သော ၁၉၆၃ ခုနှစ် တန်ခူးလမဟာအတာသင်္ကြန်ပွဲ ရန်ကုန်မြို့၌ ခြိမ့်ခြိမ့်သဲကျင်းပနေချိန်ဖြစ်သည်။

စာရေးသူသည် ၁၉၅၉ ခုနှစ်တွင် ပညာရေးမဟာဌာနမှ ဘီအေအီးဒီ ပညာရေးဘွဲ့ရပြီး အထက(၂) ကွမ်းခြံကုန်းမြို့ (ယခင် အမျိုးသားကျောင်း) ၌ အထက်တန်းပြဆရာမလေးအဖြစ် စတင်ထမ်းဆောင်ခဲ့ပြီး ၁၉၆၁ ခုနှစ် ဩဂုတ်လတွင် အထက(၂) ဟုမ်းလမ်းထီးတန်းကြည့်မြင်တိုင် ကျောင်းသို့ ပြောင်းရွှေ့ခွင့်ရခဲ့သည်။ ထိုစဉ်ကာလက ရန်ကုန်တိုင်းရှိ ကျောင်းများသည် ကျောင်းစိမ်းတူညီဝတ်စုံဝတ်ဆင်ခြင်းမရှိခဲ့ပါ။ ကျောင်းအလိုက် ဝတ်စုံများ ရှိခဲ့သည်။ ဥပမာ အထက(၂) ထီးတန်းကြည့်မြင်တိုင်က အင်္ကျီအဖြူနှင့် မိုးပြာရောင်လုံချည်၊ ထ-၁ အေဘီအမ် မိန်းကလေးကျောင်းက နီညိုရောင်လုံချည်၊ ထ-၂ စမ်းချောင်းက အပြာရောင်ပေါ်အဖြူပွင့်ဖော်၊ ထ-၁ ကမာရွတ် မရမ်းခြံကျောင်းက မရန်းရောင်၊ ထ-၁ တာမွေကျောက်မြောင်းကျောင်းက အစိမ်း၊ ထ-၂ တာမွေ-ရာမကျောင်းအနီး ယခု ထ-၁ လသာ-စင်ထရယ် ယောကျ်ားလေးကျောင်းက အဝါရောင် အနီဖောက်အကွက် စသည်တို့ဖြစ်သည်။

လွန်ခဲ့သော (၄၂)နှစ် ၁၉၆၃ ခုနှစ် ဧပြီလက ပညာရေးဝန်ကြီးဌာနမှ ရန်ကုန်တိုင်းအတွင်းရှိ အထက်တန်းကျောင်းများကို မဟာသင်္ကြန်တွင် အလှပြကားများထွက်ရန်အတွက် ကားတစ်စီးစီစဉ်ပေးခဲ့သည်။ ထိုစဉ်က ကျောင်းအုပ်ဆရာကြီး ဦးသိုက်ထွန်းနှင့် ဆရာကြီး ရာထူးတိုးပြောင်းသွား၍ တာဝန်ခံဆရာမကြီး ဒေါ်ဖလောစီသင်တို့က အနုပညာဝါသနာပါ၍ စာပေဝါသနာရှင်ဖြစ်သော စာရေးသူအား ထ-၂ ထီးတန်းကျောင်း၏ အလှပြကားအတွက် ဦးစီးဆောင်ရွက်ရန် တာဝန်ပေးအပ်ပါတော့သည်။ ထို့ကြောင့် ကျောင်းအုပ်ကြီးများ၊ မိဘဆရာအသင်းနှင့် ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများ၏ ဝိုင်းဝန်းကူညီပံ့ပိုးမှု၊ တာဝန်သိတတ်ပြီး အနုပညာဝါသနာပါ၍ လိမ္မာရေးခြားရှိလှသော ကျောင်းသား ကျောင်းသူ တပည့်လေးများ၏ တက်တက်ကြွကြွ ပူးပေါင်းပါဝင်မှုတို့ကြောင့် အောင်မြင်စွာ စီမံဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့ကြောင့် စိတ်ပင်ပန်း၊ လူပင်ပန်း၊ နေ့မအား၊ ညမနား ကြိုးစားဆောင်ရွက်ခဲ့ရသော်လည်း အမောပြေခဲ့ရပါသည်။ မိမိတို့ကျောင်းမှာ ငွေအင်အား မတောင့်တင်းသော်လည်း စေတနာအင်အားတောင့်တင်းခဲ့ကြ၍ "ကျောင်း၏ ဂုဏ်ကို မြှင့်တင်အံ့"ဟူသော ဆောင်ပုဒ်ကို သရုပ်ဖော်နိုင်ခဲ့ပါသည်။ အထူးသဖြင့် နာမည်ကျော် ပန်းချီဆရာကြီး ဦးဉာဏ်ရှိန်နှင့် ပန်းချီဝါသနာရှင် ကျောင်းသား ကျောင်းသူလေးများ၏ စေတနာထက်သန်စွာ ဝိုင်းဝန်းပံ့ပိုးမှုတို့ကြောင့် အလှပြကားမှာ မြန်မာဆန်ဆန် ပွဲလယ်တင့်၍ ဂုဏ်ဝင့်ထည်ခဲ့ရပါသည်။

စာရေးသူမှာလည်း မိမိတတ်ကျွမ်းသည့် စာပေစွမ်းရည်နှင့် မဟာသင်္ကြန်ဘွဲ့ ထုတိဩဘာမင်္ဂလာ ဧကပိုဒ်ရတုရေးဖွဲ့ခြင်း၊ ဒိုးပတ်ဝိုင်းအတွက် ဒိုးသီချင်းနှင့်ခေတ်စနစ်နှင့် ဆီလျော်သည့် တိုင်းပြုပြည်ပြုသံချပ်များ ရေးစပ်ခြင်း စသည်ဖြင့် မမောနိုင်မပန်းနိုင် ဆောင်ရွက်ခဲ့ရသည်။ သင်္ကြန်ယိမ်းသီချင်းအတွက် ဂီတပါရမီရှင် ဆယ်တန်းကျောင်းသား မောင်လှကြည်က အနုပညာမြောက်စွာ ရေးဖွဲ့ခဲ့သည်။ ထို့နောက် တပင်တိုင်ကမည့် ကျောင်းသူလေး မသန်းရီ (နောင်အခါ ယဉ်ကျေးမှုဦးစီးဌာနတွင် ဝက်ထီးကန်တိုက်ပွဲမင်းသမီးအဖြစ် နာမည်ကျော်ကြားလာမည့်အကနည်းပြဆရာမ) ကို ရွေးချယ်အကတိုက်ခြင်း၊ ယိမ်းကမည့် ကျောင်းသူများကို ရွေးချယ်အက လေ့ကျင့်ခြင်း၊ ကမည့် ကျောင်းသူလေးများအနက် (နောင်အခါ သီဟသုဓမ္မသိင်္ဂီဘွဲ့ရ သီတဂူကျောင်းအစ်မကြီး ဖြစ်လာမည့် မစန်းမြင့်)၊ ဆရာဝန်မကြီး ဖြစ်လာမည့် သန်းသန်းနွယ်၊ ကျောင်းအုပ်ကြီးများ ဖြစ်လာကြမည့် ခင်နှင်းရွှေ၊ ခင်မေသန်း၊ မြမြ၊ စာရင်းစစ်အရာရှိကြီး ဖြစ်လာမည့် ရီရီ စသည်တို့ ပါဝင်ကြသည်။ တီးဝိုင်းတွင် မောင်လှကြည်၊ မောင်ကြင်ဟန်၊ မောင်မျိုးသိန်း (နောင်အခါ အရာရှိကြီးများဖြစ်လာကြမည့်) မောင်လှခိုင် (နောင်အခါ မြန်မာ့အသံဂီတမှူး)၊ မောင်လှဝင်း(ကွမ်းခြံလှမွန်)၊ မောင်တင်ထွန်း၊ မောင်ထိန်ဝင်း၊ မောင်အောင်မြင့်၊ မောင်ငွေသိန်း၊ စိန်ပေါက်စ စသည့် နောင်အခါ ဂီတပညာရှင်ဖြစ်မည့်သူများ ပါဝင်သည်။ တချို့ နာမည်မမှတ်မိတော့ပါ။ ဒိုးပတ်ဝိုင်းတွင် နောင်တွင် နာမည်ကျော်လူရွှင်တော်ဖြစ်လာမည့် မောင်လေးမောင်က ခေါင်းဆောင်၍ မောင်တင်မင်း၊ မောင်ကျော်ဝင်း၊ မောင်နေဝင်း၊ မောင်စိုးဝင်း၊ မောင်စောဝင်း၊ မောင်စိုးမြင့်၊ မောင်အောင်ငွေ၊ မောင်ခင်ညို၊ မောင်လှမြိုင်၊ မောင်ရင်မောင်၊ မောင်သန်းဦး၊ မောင်သိန်းထွန်း၊ မောင်သန်းဦး၊ မောင်ချစ်ဆွေ၊ မောင်ကျော်စော၊ မောင်မောင်၊ မောင်ခင်မောင်ထွေး စသည့် တပည့်များ (နောင်အခါ စစ်ဘက်နယ်ဘက်တွင် ဗိုလ်မှူး၊ ဗိုလ်မှူးကြီး၊ ဗိုလ်ချုပ်၊ ဆရာဝန်ကြီးများ၊ စာရေးဆရာများ၊ အင်ဂျင်နီယာများ၊ အရာရှိကြီးများ၊ လုပ်ငန်းပိုင်ရှင်ကြီးများ ဖြစ်လာကြသူများ) စသည့် တပည့်များကို စာရေးသူနှင့် အနုပညာရှင်မိဘများက ဆက်တိုက်လေ့ကျင့်ပေးခဲ့သည်။ တူရိယာပစ္စည်းများကိုလည်း ကိုယ်တိုင်မရှိသူများအား မိဘများကို အကူအညီတောင်း၍ ငှားရမ်းဖြည့်စွက်ပေးခဲ့ရပါသည်။

"ဗဟိုမဏ္ဍပ်တွင် ပြိုင်ပွဲစတင်ဝင်ရောက်သောနေ့ကို မမေ့နိုင်ပါ"

သင်္ကြန်အကျနေ့တွင် ကျောင်း၌ စုရပ်ထားပြီး အားလုံးပြင်ဆင်ဝတ်စားလျက် နံနက်စာစားကြသည်။ ၎င်းနောက် အားလုံးစုရုံးပြီး ဘုရားဝတ်ပြုလျက် ဓမ္မစကြာဒေသနာကို ရွတ်ဖတ်ပူဇော်ပြီး ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ မိဘများကို ကန်တော့ကြသည်။ အားလုံးက လှိုက်လှိုက်လှဲလှဲ အောင်မြင်ပါစေကြောင်း ဆုတောင်းပေးကြသည်။

အလှပြကားပေါ်တွင် ထုံးစံအတိုင်း ကန်တော့ပွဲတင်၍ ပူဇော်ကန်တော့ကြသည်။ ချိန်ခါမီပွင့်ပေးသော ပိတောက်ပန်းများကို တစ်ကားလုံး အရိပ်ရအောင် အလှဆင်ပြီး မိမိကျောင်းတော်ကြီးကို ဦးတိုက်၍ မင်္ဂလာစည်တော်ရွှမ်းလျက် မသန်းရီက တပင်တိုင်အကဖြင့် "မြမန်းဂီရိသီလာတောင်၊ နန်းတည်ထောင်၊ ဘုန်းရောင်နေသို့လင်း" စသည့် မဟာဂီတသီချင်းဖြင့် ထွက်ခွာလာခဲ့ရာ ရပ်ကွက်သူ ရပ်ကွက်သား၊ မိဘများက ဝမ်းပန်းတသာ ဩဘာပေး၍ လက်ပြကျန်ရစ်ခဲ့ကြသည်။ ဦးဆောင်သူစာရေးသူနှင့် သူငယ်ချင်း ဆရာမလေး ဒေါ်တင်ကြည်တို့မှာ အင်္ကျီအဖြူလက်ရှည်၊ မိုးပြာရောင်ချိတ်လုံချည်၊ အပြာနုရောင်ဇာပဝါကိုခြုံ၍ ပုလဲသွယ်လည်မှာဆွဲပြီး ပိတောက်ပန်းပန်လျက် မိုးပြာရောင်ပုသိမ်ထီးကို ကိုယ်စီဆောင်း၍ လိုက်ပါလာခဲ့ကြသည်။ ယိမ်းအဖွဲ့ ကျောင်းသူလေးများကိုလည်း မိုးပြာရောင်အောက်ခံငွေရောင်ချိတ်နှင့် အဖြူရောင်ပိုးထိုင်မသိမ်းဆန်ဆန် အင်္ကျီလက်ရှည်၊ တစ်ပတ်လျှိုဆံထုံး၊ ပုလဲသွယ်ကိုယ်စီ၊ ပိတ်တောက်ပန်းပန်လျက် ငွေရောင်ပန်းကုံးလေးများဖြင့် မြန်မာဆန်ဆန်အလှတွင် အယဉ်ဆင့်ပြီး ရှုချင့်စဖွယ်တင့်တယ်လှပေသည်။ ကျောင်းသားလေးများသည်လည်း ကျောင်းဝတ်စုံ မိုးပြာရောင်ပုဆိုး၊ လည်ကတုံးအင်္ကျီနှင့် ချောမောလှပခန့်ညား၍ မြန်မာဆန်ကြပါသည်။ တပင်တိုင်မင်းသမီးကိုမူ မိုးပြာရောင်ပိုးပေါ်တွင် ဘော်ငွေရောင်ဗလာထဘီ၊ ထိုင်မသိမ်းအင်္ကျီ၊ ဆံထုံးတွင် ပိတောက်ပန်းခက်၊ မိဘတစ်ဦးက စေတနာထက်သန်စွာ ဆင်ပေးလိုက်သည့် ရွှေခေတ်စိန်ပန်းခိုင်၊ စိန်လည်တုံ၊ စိန်ဘယက်ဖြင့် အထူးပင် မြန်မာဆန်၊ မဟာဆန်လျက် မြင်သူငေးရလောက်အောင် လှပတင့်တယ်နေပါသည်။

ထိုခေတ်က ရန်ကုန်တိုင်း၏ ဗဟိုမဏ္ဍပ်မှာ ဆေးရုံကြီးရှေ့(ယခင်စင်ထရယ်ကျောင်း)၊ ယခု ထ-၁ လသာယောကျ်ားလေးကျောင်းရှေ့တွင်ဖြစ်ပြီး ကြီးကျယ်ခမ်းနားလှပါသည်။ မိမိတို့က ဝီရိယကောင်း၍ တတိယနေရာတွင် တန်းစီရသည်။ မိမိ၏ တပည့်လေးများကလည်း စည်းကမ်းအလွန်ရှိ၍ မိမိ၏ စကားကို မြေဝယ်မကျ နားထောင်ကြ၍ ဝမ်းသာ၊ ကျေနပ်မိသည်။ မိမိတို့ရှေ့က ပြိုင်ပွဲဝင်သွားကြသော အလှပြကားများကို သေချာစွာ ကြည့်ရှုလေ့လာရန် မှာကြားရသည်။ တစ်မျိုးစီကောင်း၍ အထူးကြိုးစားကြပါသည်။ ပြိုင်ကားတစ်စီးဆိုလျှင် စန္ဒရားကြီးပါ ကားပေါ်တင်လာပြီး နာမည်ကြီးဂီတစာဆိုတစ်ဦးဖြစ်သူ ဆရာတစ်ဦးက ဦးဆောင်လျက် ပြိုင်ပွဲဝင်သည်ကို တွေ့ရပါသည်။

"ဟော၊ မိမိတို့ကျောင်းအလှည့်ရောက်ပြီ"

အထက(၂) ထီးတန်းကြည့်မြင်တိုင် အလှပြကားပြိုင်ပွဲဝင်ရန် ကြွပါဟု ကြေညာလိုက်သည်နှင့်တစ်ပြိုင်နက် မိမိက အခမ်းအနားမှူးနေရာတွင် အသင့်နေရာယူလျက် မတ်တတ်ရပ်ပြီး အချက်ပြလိုက်ရာ မြန်မြန်ဆန်ဆန် စည်တော်ရွှမ်းသံပေါ်ထွက်လာပြီ။ "မြမန်းဂီရိသီလာတောင်၊ နန်းတည်ထောင်၊ ဘုန်းရောင်နေသို့လင်း" မြန်မာ့ဂီတသီချင်းသံနှင့်အတူ မသန်းရီလေးက နန်းဆန်ဆန် ကကြိုးနှင့် ဦးတိုက်လက်ယှက်၍ မဏ္ဍပ်ရှေ့သို့ ဝင်ရောက်နေရာယူရာ အကဲဖြတ် လူကြီးမင်းများအားလုံးနှင့် ရှေ့ပွဲလာပရိသတ်အားလုံးလည်း ရုတ်တရက်ရင်သပ်ရှုမောအံ့ဩသွားပြီး နောက်မှသတိရ၍ လက်ခုပ်တီးပြီး ကြိုဆိုကြရာ ဩဘာသံ ခြိမ့်ခြိမ့်ညံသွားပါတော့သည်။

ပြိုင်ပွဲဝင်လျှင် အခမ်းအနားမှူးလုပ်သူသည် အလွန်အရေးကြီးပါသည်။ စာရေးသူသည် အတွေ့အကြုံရှိပြီးသူဖြစ်သည်နှင့်အညီ ဂါရဝနှင့်ပဏာမနှုတ်ဆက်စကားပြောကြားပြီး ပြိုင်ပွဲဝင်မည့် အစီအစဉ်များကို လိုရင်းတိုရှင်း ထိမိအောင် တင်ပြလိုက်ပါသည်။ ပဏာမအနေဖြင့် ရှေးဦးစွာ မြန်မာ့ရိုးရာမဟာသင်္ကြန်ဘွဲ့ ထုတိဩဘာ မင်္ဂလာဧကပိုဒ်ရတုကို မိမိကိုယ်တိုင်ရေးဖွဲ့ပြီး တပည့်များ တီးဝိုင်းနှင့် သီဆိုဂုဏ်ပြုခြင်း၊ ကျောင်းသူလေး မသန်းရီက တပင်တိုင်အကနှင့် ယှဉ်ပြိုင်ခြင်း၊ မိမိကိုယ်တိုင်စာသားရေး၍ ဂီတပါရမီရှင် ကျောင်းသားမောင်လှကြည်က သံစဉ်ရေးဖွဲ့ထားသော "ငွေဖလားလေးကိုယ်စီ၊ ရေကစားဖို့လာပြီ" သင်္ကြန်တေးသီချင်းဖြင့် ကျောင်းသူလေးများက ယိမ်းအကဖြင့် ပြိုင်ပွဲဝင်ခြင်း၊ ကျောင်းသား မောင်လေးမောင်ဦးစီးသည့် ဒိုးပတ်အတီးအကဖြင့်ပြိုင်ပွဲဝင်ပြီး သံချပ်ဖြင့် ပြိုင်ပွဲဝင်ခြင်း၊ ဒိုးပတ်သီချင်းနှင့် သံချပ်များမှာ မိမိကိုယ်တိုင်ရေးစပ်ထားခြင်းဖြစ်ကြောင်းနှင့် နောက်ဆုံးမြန်မာ့ရိုးရာ သိုင်းပညာနှင့် ကျောင်းသားလေးမောင်ကျော်သန်းက သိုင်းပြောင်းပြန်ကကွက်များဖြင့် တင်ပြ ပြိုင်ပွဲဝင်ခြင်းနှင့် ယခုပြိုင်ပွဲဝင်သော ကျောင်းသား ကျောင်းသူလေးများမှာ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အကသုခုမအနုပညာကို မြတ်နိုးတန်ဖိုးထား၍ ကြိုးစားတင်ဆက်ကြခြင်းဖြစ်ကြောင်း၊ ဂီတတူရိယာပစ္စည်းအချို့မှာလည်း ကိုယ်ပိုင်မဝယ်နိုင်၍ ငှားရမ်းသုံးစွဲတီးခတ်ရခြင်းဖြစ်ကြောင်း အမှန်အတိုင်း ပြောကြားခဲ့ပါသည်။

ဦးစီးခေါင်းဆောင်ဖြစ်၍ နုနယ်ပျိုမြစ်ပြီး နွဲ့နောင်းလှပသော စာဆိုရှင် ဆရာမလေးနှင့် တပည့်လေးများက တီးဝိုင်းနှင့် တွဲဖက်၍ ရတုသီဆိုမည်ဖြစ်ကြောင်း သိရ၍ အထူးစိတ်ဝင်စားနေကြသည်။ မိမိမှာ ကျေးဇူးရှင် ဖခင်ကြီး မဟာဂီတကျိုက်လတ်ဦးပြုံးချိုနှင့် ဘိုကလေးဦးသက်ရှည်တို့နှင့် ခေတ်ပြိုင်စာဆိုရှင်ကြီး ဖျာပုံ ဒေဝပါလ ဆရာကိုး၏ ရင်သွေးပီပီ နာမည်ကျော်အဆိုတော်များကဲ့သို့ အောင်မြင်စွာ သီဆိုတင်ဆက်သွားနိုင်၍ အားလုံးက ရင်သပ်ရှုမောအံ့ဩပြီး လက်ခုပ်သံမစဲတော့ပါ။ သဘင်၊ ဂီတ၊ အနုပညာရှင်များ ပေါ်ထွန်းရာ ကြည့်မြင်တိုင်၏ ရင်သွေးသမီးလေး မသန်းရီ၏ တပင်တိုင် အကမှာလည်း ဝါရင့်အနုပညာရှင်ကြီးများကဲ့သို့ ညက်ညောလှပပြီး အနုပညာမြောက်၍ ကောင်းမွန်လှပါသည်။ အားပေးသူများကလည်း လက်ခုပ်သံ မစဲတော့ပါ။

"ဟော့. ကျောင်းသူလေးများရဲ့ သင်္ကြန်ယိမ်းအက အလှည့်ရောက်ပြီ"။

"ငွေဖလားလေးကိုယ်စီ
ရေကစားဖို့လာပြီ
ထီးတန်းမောင်မယ်တွေ စုံစုံညီညီ
အတာရေသဘင်ပွဲ နွှဲပျော်ဖို့ရည်
ပက်ပါကွဲ့ . . . မောင်ရယ် . . . မောင်ရယ်
ပက်ပါကွဲ့ . . . မေရယ် . . . မေရယ်
အတာရေသဘင်ပွဲ . . . တို့နွှဲပျော်ကြမည် . . . "

မြန်မာ့ဂီတသံစစ်စစ်ဖြင့် တီးလုံးက မြိုင်လှသည်။ နောက်ဆုံး ဒိုးပတ်သံနှင့် အဆုံးသတ်သည်။ ကြည့်မြင်တိုင်၏ ရင်သွေးများပီပီ မြန်မာဆန်ဆန် ငွေဖလားလေးကိုယ်စီနှင့် ညက်ညက်ညောညော ကကြိုးကကွက်ပီပြင်စွာဖြင့် မြူးမြူးကြွကြွ ကပြတင်ဆက်သွားကြရာ ရှုမဝနိုင်အောင် ဆွဲဆောင်မှုရှိ၍ လက်ခုပ်သံမစဲတော့ပါ။

"ဟော ဒိုးပတ်အတီးအကနဲ့ သံချပ်ပြိုင်ပွဲစပြီ"

မိမိရေးဖွဲ့ပေးထားသော မြန်မာဆန်ဆန် ဒိုးသံစစ်စစ်ဖြင့် "ခါသင်္ကြန် အတာဦးမို့၊ ပျော်မြူးဖို့လာပြီဗျာ" စသည်ဖြင့် အစချီကာ ရွှေတိုင်သား ကျောင်းသားလေးများပီပီ အတီးရော အကပါ ပညာသားပါပါ တင်ဆက်သွားကြသည်မှာ ပျော်မြူးဖို့ကောင်းလှသည်။ လက်ခုပ်သံမစဲ အားပေးကြသည်။ မောင်လေးမောင်က ဦးဆောင်၍ သံချပ်တိုင်ပေးသည်။

"အနန္တငါးပါး ဦးထိပ်တင်၊
ရိုကျိုးပန်ဆင်၊ သားတို့ကျောင်းသား၊
အတာသင်္ကြန်ပွဲ၊ ဆင်နွှဲလာ၊
မြန်မာ့ရိုးရာ၊ ထိန်းကြသိမ်းကြ၊
အတာကူးတဲ့ နှစ်ဦးမှာ၊ ပြစ်ကြောင်းရှောင်ခွာ၊
နိမ့်ချရိုကျိုး၊ မြန်မာ့ယဉ်ကျေးမှုဖော်ထုတ်မယ်၊
ကျောင်းသားလူငယ်၊ တို့တာဝန်ပဲ၊
လူတော်လူကောင်း ဖြစ်ချင်ရင်၊ အမြဲဆင်ခြင်၊
ကျောင်းမပြေးနဲ့၊ နိုင်ငံ့တာဝန်ထမ်းဆောင်မယ်၊
တို့လူငယ်တွေ၊ ကြိုးစားအားထုတ်၊
ကာယဉာဏစာရိတ္တရသ၊ ဗလငါးတန် ခိုင်မြဲစေရန်၊
အားသစ်မွေးကြ၊ မြန်မာဆန်ဆန် ဝတ်ပါကွယ်၊
အနောက်တိုင်းဆန်မယ်၊ သတိထားကြ"

စသည်ဖြင့် ခေတ်စနစ်နှင့်လျော်ညီသည့် သံချပ်များနှင့် ယှဉ်ပြိုင်ကြရာ လက်ခုပ်သံမစဲတော့ပါ။

"ကျောင်းသားလေးမောင်ကျော်သန်း၏ "သိုင်းပြောင်းပြန် သရုပ်ဖော်ကကွက်နှင့် ယှဉ်ပြိုင်ခြင်း" ဒိုင်လူကြီးများနှင့် ရှေ့ပွဲလာပရိသတ်များက သိုင်းကစားပြမည်ဆို၍ အထူးအဆန်းဖြစ်နေကြသည်။ ဆိုင်းသံနှင့်အတူ မင်းသားဝတ်စုံအနီရောင်ရွှေနားကွပ် ခါးတောင်းကျိုက်နှင့် အသားဖြူဖြူ ဗလကောင်းကောင်း၊ ရုပ်ရည်ခန့်ညား သန့်ပြန့်ပြီး မြန်မာဆန်လှသော ဝတ်စုံနှင့် ပြောင်လက်နေသော ငှက်ကြီးတောင်ဓားကို မာန်ပါပါ ကိုင်ဆွဲလျက် ပေါ်ထွက်လာပြီး ဂါရဝပြုလိုက်ရာ တအံ့တသြ မှင်သက်မိနေကြသည်။ မိမိကလည်း သိုင်းသရုပ်ပြကကွက်များကို ကိုယ်တိုင်လေ့လာ လေ့ကျင့်ထားခဲ့ဖူး၍ ကကွက်တစ်ခုချင်းစီကို စိတ်ဝင်စားအောင် ရှင်းပြနိုင်ခဲ့ပါသည်။ သိုင်းသရုပ်ပြကကွက်၊ ပြကွက်များကို ဂီတသံနှင့်အတူ အထိုး၊ အခုတ်၊ အတိုး၊ အဆုတ်၊ ရှေ့ကျွမ်း၊ နောက်ကျွမ်းများနှင့် မြန်မာ့ရိုးရာဓားသိုင်းကကွက်ဆန်းအမျိုးမျိုးကို အံ့မခန်းကျွမ်းကျင်စွာ တင်ဆက်လျက်ရှိရာ " ဟာ၊ ဟင်၊ အိုး" ဟူသော အာမေဋိတ်သံများကို မပြတ်ကြားနေရသည်။ နောက်ဆုံးကကွက်ဖြစ်သည့် ဓားအစစ်နှင့် မျက်နှာသစ်ပြသော ကကွက်တွင် တချို့မှာ မကြည့်ရဲတော့ဘဲ မျက်နှာလွှဲသွားကြပါသည်။ အမှန်မှာ ဓားသိုင်းကျွမ်းကျင်မှုပင်ဖြစ်သည်။ အကြောင်းမသိသူများက အလွန်အံ့ဩတုန်လှုပ် ကြောက်ရွံ့ကြခြင်းဖြစ်သည်။ ပြပွဲပြီး၍ နှုတ်ဆက်ဂါရဝပြုသောအခါ လက်ခုပ်ဩဘာသံ ဘဝင်ညံအောင် ဆူညံသွားပါတော့သည်။ ပြန်ကြားရေးဝန်ကြီးဌာနမှ ရိုက်ကူးတင်ဆက်သော အဖြူ/အမည်းရုပ်ရှင်ကလည်း မနားတမ်းရိုက်ကူး တင်ဆက်လျက် ရှိပါသည်။

"ထိုစဉ်က ယခုကဲ့သို့ ဗီဒီယိုမရှိသေးပါ"

ဩော် . . . နှစ်ပေါင်းလေးဆယ်ကြာညောင်းခဲ့လေပြီ။ စာရေးသူလည်း အသက် (၈၀) တွင် ဇရာယွင်း၍ အိုမင်းနေသော ဆရာအိုကြီးဖြစ်လေပြီ။ သို့သော် နိုင်ငံ့တာဝန်ကို နှစ်လေးဆယ်ကျော် တာဝန်သိသိ၊ သစ္စာရှိရှိ၊ ဦးဆွေးဆံမြည့် ထမ်းဆောင်နိုင်ခဲ့၍ ကျေနပ်ဂုဏ်ယူမိသည်။ ထိုစဉ်က ပါဝင်ခဲ့ကြသော တပည့်လေးများသည်လည်း နိုင်ငံ့သားကောင်း၊ သမီးကောင်းများအဖြစ် စစ်ဘက်နယ်ဘက်တွင် ဗိုလ်မှူး၊ ဗိုလ်မှူးကြီး၊ ဗိုလ်ချုပ်အဖြစ်၊ နယ်ဘက်တွင်လည်း ဆရာဝန်ကြီးများ၊ အင်ဂျင်နီယာကြီးများ၊ အမှုထမ်း၊ အရာထမ်းများ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခချုပ်၊ ပါမောက္ခများ၊ စာရေးဆရာ၊ အနုပညာရှင်များ၊ လုပ်ငန်းရှင်ကြီးများဘဝနှင့် နိုင်ငံ့တာဝန်ကို တာဝန်သိသိ၊ သစ္စာရှိရှိ ဦးဆွေးဆံမြည့်ထမ်းဆောင်နိုင်ခဲ့ကြပြီး ယခုအငြိမ်းစားယူနေကြပေပြီ။ တချို့လည်း ကွယ်လွန်ကုန်ကြပြီ။

အချုပ်ဆိုရသော် "ယနေ့လူငယ်၊ နောင်ဝယ်လူကြီး၊ သင်လည်းတစ်ဦး၊ သားထူးသားမြတ်၊ ဖြစ်အပ်ရာတည်း" ဆိုသည့် ဆရာဇော်ဂျီ၏ကဗျာအတိုင်း ယနေ့ခေတ်သားငယ်၊ သမီးငယ်၊ မြေးငယ်လေးများသည်လည်း နောင်တော်၊ အစ်မတော်ကြီးများကဲ့သို့ အမိနိုင်ငံ၏ အဖိုးထိုက်ရတနာလေးများဖြစ်ကြပါစေ၊ အစ်ကိုကြီး၊ အစ်မကြီးများကဲ့သို့ မင်္ဂလာရှိသော မြန်မာ့နှစ်သစ်ကူးပွဲတော်ကို မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာအတိုင်း ဆင်နွှဲနိုင်ကြပါစေ၊ ကမ္ဘာကျော်အောင်ထင်ပေါ်ကျော်ကြားလူသိများ၍ ဝင့်ကြွားထည်ဝါခဲ့သော အမိနိုင်ငံတော်၏ မြန်မာ့ရိုးရာ အတာနှစ်ဦးမဟာသင်္ကြန်ပွဲတော်ကြီးကိုလည်း မိဘဘိုးဘွားအမွေအနှစ်အဖြစ် ချစ်ခင်မြတ်နိုးအမွေဆက်ခံကြသည့် မျိုးဆက်သစ် သားငယ်၊ သမီးငယ်၊ မြေးငယ်လေးများက အမျိုးဂုဏ်၊ ဇာတိဂုဏ် ထက်သန်စွာနှင့် ကမ္ဘာတည်သရွေ့ ထာဝစဉ်ပွင့်လန်းတင့်ဆန်းနိုင်အောင် ပြုမူကြိုးပမ်းနိုင်ကြပါစေ၊ နှစ်ပေါင်းများစွာအစဉ်အလာကြီးမားခဲ့သော မြန်မာ့ရိုးရာနှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကို မိမိတို့ကြောင့် အသရေမနွမ်းစေဘဲ ဆတက်ထမ်းပိုးတိုးတက်ပြီး ဂုဏ်ရောင်ရှန်းပြောင်နိုင်အောင် စွမ်းစွမ်းတမံ ကြိုးပမ်းနိုင်ကြပါစေလို့ လှိုက်လှိုက်လှဲလှဲ ဆုမွန်ခြွေလိုက်ပါသည်။ ။

စည်ကားပျော်ရွှင် ရိုးရာသင်္ကြန်ပွဲ နွဲဆင်

ရန်ကုန် ဧပြီ ၁၄

မဟာသင်္ကြန်အကျနေ့တွင် အကြိုနေ့ကထက် ပိုမိုစည်ကားလာလျက်ရှိသည်။ ရေပက်ခံထွက်လည်ပတ်သူများလည်း များပြားလာခြင်းကြောင့် ပြည်လမ်း၊ ကမ္ဘာအေးစေတီလမ်းတို့တွင် ရေပက်ခံကားများဖြင့် ပြည့်နှက်လာချေပြီ။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏မဏ္ဍပ်နှင့် မြို့တော်ဝန်မဏ္ဍပ်တို့ကလည်း မရိုးနိုင်အောင်ဖျော်ဖြေတင်ဆက်ကြသလို ကန်တော်ကြီးပတ်လမ်းတွင်လည်း ရေပက်ခံကားများဖြင့် တိုးမပေါက်အောင်ဖြစ်၍လာခဲ့သည်။ ပြည်လမ်းမပေါ် ခြောက်မိုင်ခွဲတစ်ဝိုက်တွင်ရှိသော မဏ္ဍပ်များသို့ ရေပက်ခံဝင်ရောက်မည့် ကားတန်းကြီးက လမ်းမကြီးအပြည့်ပိတ်ဆို့ကာ တရွေ့ရွေ့သာသွားနေရပြီး လှည်းတန်းဘက်သို့သွားသော ယဉ်ကြောတွင် လှိုင်တက္ကသိုလ်ကျောင်းကွေ့အနီးကတည်းက တန်းစီနေရသည်။ ထို့အတူ ကမ္ဘာအေးစေတီလမ်းမကြီးတွင်လည်း ချော်တွင်းကုန်းမီးပွိုင့်မှ ကုက္ကိုင်းမီးပွိုင့်အထိကြားတစ်လျှောက်လမ်းမကြီးထက်တွင် ရေပက်ခံထွက်သောကားများက အပြည့်နေရာယူထားကြသည်ကို တွေ့မြင်ရသည်။

"အကျနေ့က ပိုပြီးတော့လည်ပတ်တဲ့ကားတွေများလာလို့ ယာဉ်ကြောရှင်းလင်းအောင် မနည်းဆောင်ရွက်နေရတယ်။ နောက်ရက်တွေလည်း ဒီလိုပဲပိုစည်ကားမယ့် အခြေအနေမျိုးရှိနိုင်ပါတယ်"ဟု ယာဉ်လမ်းကြောင်း ရှင်းလင်းရေးဆောင်ရွက်နေသော ယာဉ်ထိန်းရဲအရာရှိတစ်ဦးက ရှင်းပြသည်။ အကြိုနေ့က ရန်ကုန်မြို့၏ နေရာအချို့တွင်သာ စည်ကားခဲ့သော်လည်း အကျနေ့၏မြင်ကွင်းတွင် စည်ကားလာမှုများသည် ယာဉ်လမ်းကြောင်းပိတ်ဆို့မှု ဖြစ်လာခြင်းတို့က သက်သေပြလျက်ရှိသည်။

ထိုသို့ပျော်ရွှင်စွာလည်ပတ်သူများရှိသလို အချို့မှာသင်္ကြန်ကာလအတွင်း ရဟန်းဝတ်သူများ၊ ဥပုသ်သီတင်းဆောက်တည်သူများကိုလည်း မြင်တွေ့ခဲ့ရသည်။

သင်္ကြန်ကာလတွင်း ရဟန်းဝတ်သူများကြောင့် ဆွမ်းခံထွက်လာသော သံဃာများ၏ စီတန်းကြွချီမှုများကလည်း သင်္ကြန်ကာလ၏ မြင်ကွင်းကို တင့်တယ်စေခဲ့သည်။ ထို့အတူ မြန်မာလူမျိုးတို့၏ အလှူသဒ္ဓါတရား ထက်သန်မှုကိုလည်း ပေါ်လွင်နေသလို စတုဒိသာကျွေးသော မဏ္ဍပ်များကိုလည်း အများအပြားမြင်တွေ့ရသည်။

တာမွေဘက်တွင် ကျိုက္ကဆံကွင်းအနီးမှ ရေကစားမဏ္ဍပ်များကလည်း ရေပက်ခံအလည်ပတ်ထွက်သူများကို ဖမ်းစားခဲ့သည်။ တာမွေ အထက(၃)ကျောင်းရှေ့အနီးမှ ကျိုက္ကဆံလမ်းဆုံအထိ လမ်းတစ်လျှောက်တွင် ရေကစားမဏ္ဍပ်ကြီးနှစ်ခု၏ အပြိုင်အဆိုင်သီဆိုဖျော်ဖြေမှုများကြောင့် အားပေးကြသော ပရိသတ်များနှင့် ရေပက်ခံကားများမှာ လမ်းမကြီးအပြည့်ရှိနေခဲ့သည်။ Polo Club Residence ရှေ့တွင်ရှိသော ပိတောက်ချစ်သူရေကစားမဏ္ဍပ်မှ စီစဉ်သူကိုမောင်မောင်အေးက "သင်္ကြန်ကာလအတွင်း ဖျော်ဖြေမှုများကို တစ်ရက်နဲ့တစ်ရက် မရိုးနိုင်အောင် စီစဉ်ထားပါတယ်၊ လုံခြုံရေးစနစ်ကအစ စနစ်တကျစီစဉ်ထားတာဖြစ်ပြီး နာမည်ကြီးတေးသံရှင်များရဲ့ သီဆိုဖျော်ဖြေမှုတွေအပြင် ထိုင်းနိုင်ငံမှ dancer အဖွဲ့တွေနဲ့ ဖျော်ဖြေမှုများကိုလည်း စီစဉ်ထားပါတယ်" ဟု ပြောသည်။

သင်္ကြန်ရေပက်ခံထွက်ကာလည်ပတ်သူများသည် ယာဉ်ကြောပိတ်ဆို့ချိန်များတွင် ကားပေါ်မှ အမှိုက်များကို လမ်းမပေါ်သို့ စည်းကမ်းမဲ့စွာ စွန့်ပစ်မှုအချို့ကိုလည်း မြင်တွေ့ခဲ့ရသည်။ ရေပက်ခံကားပေါ်မှချခဲ့သော ဘီယာဘူးခွံ၊ အချိုရည်ဘူးခွံနှင့် ယမကာပုလင်းအခွံများ ပြန်လည်ရောင်းချရန် လိုက်ကောက်သူများကိုလည်း တွေ့မြင်ရသည်။ ထိုအခြေအနေပေါ်သုံးသပ်၍ လာမည့်နှစ်များတွင် ကျင်းပသွားမည့် အတာသင်္ကြန်ပွဲတော်များတွင်လည်း ယခုနှစ်ပွဲတော်ကာလအတွင်းကဲ့သို့ စည်းကမ်းမဲ့စွာ အမှိုက်စွန့်ပစ်မှုမျိုးမဖြစ်ရန် သာဓကထား၍ ကြပ်မတ်မှုလိုအပ်ကြောင်းကို ရန်ကုန်မြို့ခံများက အကြံပြုလာကြသည်။

ယခုနှစ်သင်္ကြန်တွင် ထူးခြားစွာမြင်တွေ့လာရသောကိစ္စမှာ ဆပ်ပြာမြှုပ်ပါသော ဂက်စ်ဘူးများဖြင့် ပက်ဖျန်းနေခြင်းဖြစ်သလို အဆိုပါဘူးများကို ရေကစားမဏ္ဍပ်များအနီးတွင် တွင်တွင်ကျယ်ကျယ်ရောင်းချလျက်ရှိသည်။ ထိုဆပ်ပြာမြှုပ်ဂက်စ်ဘူးများကို လွန်ခဲ့သော ဆယ်စုနှစ် ၂၀၀၅ ခုနှစ် မတိုင်ခင်က သင်္ကြန်ကာလတွင်း ဆော့ကစားမှုကို ကျယ်ကျယ်ပြန့်ပြန့်မြင်ခဲ့ရဖူးပြီး ယင်းနောက်တွင် သက်ဆိုင်ရာမှ ကြပ်မတ်မှုဖြင့် ကွယ်ပျောက်သွားခဲ့ရာမှ ယခုတစ်ဖန် ပြန်လည်မြင်တွေ့ရခြင်းဖြစ်သည်။ မြူးတူးပျော်ရွှင်စွာဆင်နွဲနေသော မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို မေ့မှိန်အကျည်းတန်ခြင်းမျိုးမဖြစ်စေရန် နိုင်ငံသားတိုင်းက စောင့်ထိန်းရမည်ဖြစ်သည်။ သာယာချမ်းမြေ့ကာ စည်ကားလှသည့်အတွက် နိုင်ငံခြားသားများကပင် လာရောက်လေ့လာဆင်နွဲခဲ့ရသော ပွဲတော် ဖြစ်သည်။ ထို့ကြောင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သည့် ရိုးရာရေသဘင်ပွဲတော်တွင် တစ်ဦးနှင့်တစ်ဦး အနာတရဖြစ်စေသော အပြုအမူများကို ရှောင်ရှားပြီး ယဉ်ကျေးမှုကိုထိန်းသိမ်း၍ ပျော်ရွှင်စွာဆင်နွဲသင့်ပါကြောင်း ရေးသားလိုက်ရသည်။

ထက်ခိုင်(စမ်းချောင်း)

❒ **ကျောဖုံးမှ**

ခြေစစ်ပွဲအုပ်စု(A)တွင် ယူအေအီး၊ ဆော်ဒီ၊ ပါလက်စတိုင်း၊ တီမော၊ မလေးရှား၊ အုပ်စု(B)တွင် ဩစတြေးလျ၊ ဂျော်ဒန်၊ တာဂျစ်ကစ္စတန်၊ ကာဂျစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ အုပ်စု(C)တွင် တရုတ်၊ ကာတာ၊ မော်လ်ဒိုက်၊ ဘူလ်တန်၊ ဟောင်ကောင်၊ အုပ်စု(D)တွင် အီရန်၊ အိုမန်၊ အိန္ဒိယ၊ တာ့ခ်မင်နစ္စတန်၊ ဂူအမ်၊ အုပ်စု(E)တွင် ဂျပန်၊ ဆီးရီးယား၊ အာဖဂန်နစ္စတန်၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ အုပ်စု(F)တွင် အီရတ်၊ ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ တရုတ်(တိုင်ပေ)၊ အုပ်စု(G)တွင် တောင်ကိုရီးယား၊ ကူဝိတ်၊ လက်ဘနွန်၊ မြန်မာ၊ လာအို၊ အုပ်စု(H)တွင် ဥဇဘက်ကစ္စတန်၊ ဘာရိန်း၊ ဖိလစ်ပိုင်၊ မြောက်ကိုရီးယား၊ ယီမင်တို့ ပါဝင်နေသည်။ ခြေစစ်ပွဲအုပ်စုပွဲစဉ်များကို ၂၀၁၅ ခုနှစ် ဇွန် ၁၁ ရက်မှ ၂၀၁၆ ခုနှစ် မတ် ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာအသင်းသည် ခြေစစ်ပွဲ ပွဲစဉ်များအဖြစ် ဇွန် ၁၁ ရက်တွင် လာအိုအသင်းနှင့် အဝေးကွင်း၊ ဇွန် ၁၆ ရက် တွင် တောင်ကိုရီးယားအသင်းနှင့် အိမ်ကွင်း၊ စက်တင်ဘာ ၃ ရက်တွင် ကူဝိတ်နှင့် အဝေးကွင်း၊ အောက်တိုဘာ ၈ ရက်တွင် လက်ဘနွန်နှင့် အိမ်ကွင်း၊ အောက်တိုဘာ ၁၃ ရက်တွင် လာအိုနှင့် အိမ်ကွင်း၊ နိုဝင်ဘာ ၁၂ ရက်တွင် တောင်ကိုရီးယားနှင့် အဝေးကွင်း၊ နိုဝင်ဘာ ၁၇ ရက်တွင် ကူဝိတ်နှင့် အိမ်ကွင်း၊ မတ် ၂၉ ရက်တွင် လက်ဘနွန်နှင့် အဝေးကွင်းတို့ ကစားရမည်ဖြစ်သည်။

ကချင်ပြည်နယ်သို့ ပြည်တွင်းခရီးသွားသူများ လွတ်လပ်စွာလည်ပတ်နိုင်ပြီး ပြည်ပခရီးသွားများအတွက် အကန့်အသတ်ဖြင့် ခွင့်ပြုထား

မိုးညှင်း ဧပြီ ၁၄

ဧရာဝတီမြစ် စတင်မွေးဖွားစီးဆင်းရာ မြစ်ဆုံဒေသအပါအဝင် ပူတာအိုမြို့မှ လှမ်းမြင်တွေ့နိုင်သည့် ရေခဲဖုံးတောင်တန်းများ၊ တနိုင်းမြို့နယ်ရှိ ဟူးကောင်းကျွားဘေးမဲ့တော၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် ဒုတိယကမ္ဘာစစ်အတွင်းက လီဒိုလမ်းမကြီး၊ မိုးညှင်းမြို့နယ်မှ ကုန်းတွင်းပင်လယ်ဟုဆိုနိုင်သည့် အင်းတော်ကြီးကန် စသည် စသည်တို့ဖြင့် မြေပေါ်မြေအောက် သဘာဝအရင်းအမြစ်ကြွယ်ဝလှသည့် မြန်မာပြည်မြောက်ဖျား ကချင်ပြည်နယ်သို့ ပြည်တွင်းခရီးသွားများ လွတ်လပ်စွာ သွားရောက်လည်ပတ်ခွင့်ရှိသော်လည်း နိုင်ငံတကာမှ ခရီးသွားများအတွက်မူ အကန့်အသတ်ဖြင့် ခွင့်ပြုထားရှိကြောင်း သိရသည်။

ကချင်ပြည်နယ်၏ အဓိကမြို့များဖြစ်သည့် မြစ်ကြီးနား၊ မိုးညှင်း၊ မိုးကောင်း၊ ဗန်းမော်၊ ရွှေကူမြို့ပေါ် ဒေသများတွင် နိုင်ငံတကာခရီးသွားများ လွတ်လပ်စွာ လည်ပတ်သွားလာခွင့်ရှိသော်လည်း အခြားမြို့များနှင့်နယ်များသို့ သွားရောက်လိုက ခွင့်ပြုချက်တင်ပြတောင်းခံရမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်ကြေညာထားသည်။ (GNLM 001)

သင်္ကြန်အကျနေ့တွင် ငပုတောမြို့နယ်၌ ယာဉ်တစ်စီး တိမ်းမှောက်၊ ၁၀ ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရရှိ

ငပုတော ဧပြီ ၁၄

သင်္ကြန်အကျနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပုသိမ်-မော်တင်ကားလမ်း၌ ယာဉ်တစ်စီး လျှိုတွင်း ထိုးကျတိမ်းမှောက်ခဲ့ရာ ၁၀ ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၁၄ ရက် နံနက် ၃ နာရီကျော်ခန့်တွင် ငပုတောမြို့နယ် တင်းချောင်းကျေးရွာမှ ဆူးပိတ်ကျေးရွာသို့ ယာဉ်မောင်း တရုတ်ကလေးမောင်းနှင်သည့် တီအီးယာဉ်သည် ယာဉ်နောက်လိုက်တစ်ဦး၊ လမ်းကြုံလိုက်ပါသူ ဒေသတွင်း သစ်ခုတ် ဝါးခုတ်အလုပ်သမား ၁၆ ဦးတို့နှင့်အတူ ထွက်ခွာလာစဉ် ပုသိမ်-မော်တင်ကားလမ်းရှိ မိုင်တိုင်အမှတ်(၄၃/၀)ဒေသအခေါ် မမလေးတောင်ခြေရင်းအရောက် အရှိန်မထိန်းနိုင်ဘဲ အနက် ၁၀ ပေခန့်ရှိသည့် လမ်းဝဲဘက် လျှိုတွင်းသို့ ထိုးကျတိမ်းမှောက်သွားခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်နောက်လိုက် လှသိန်းဦးအပါအဝင် ၁၀ ဦးမှာ နေရာတွင် ကားပိ၍သေဆုံးခဲ့ပြီး ငပုတောမြို့နယ် တောင်သရက်ကျေးရွာနေ အမျိုးသားနှစ်ဦးမှာ ဒဏ်ရာများရရှိခဲ့သည်။ ယာဉ်ပေါ်လိုက်ပါလာသူများအနက် အခြားအမျိုးသား လေးဦးနှင့် အမျိုးသမီးတစ်ဦးတို့မှာ ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ ဒဏ်ရာရရှိသူများအား ငပုတောဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး သေဆုံးသူများအား ကျုံကူးတိုက်နယ်ဆေးရုံသို့ ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

မြန်မာယူ-၂၀ အသင်း ဘယ်လ်ဂျီယံ ဒုတိယတန်းကလပ်လူငယ်အသင်းနှင့်ခြေစမ်း

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ဂျာမနီနိုင်ငံတွင် လေ့ကျင့်နေသည့် မြန်မာယူ-၂၀ အသင်းသည် ဧပြီ ၁၃ ရက် ညပိုင်းက ဘယ်လ်ဂျီယံဒုတိယတန်းကလပ် K.A.S.Eupen အသင်းနှင့် ခြေစမ်းကစားခဲ့ရာ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာယူ-၂၀ အသင်းသည် မျိုးမင်းလတ်၊ နန္ဒကျော်၊ ထိုက်ထိုက်အောင်၊ သီဟထက်အောင်၊ ကျော်မင်းဦး၊ ငြိမ်းချမ်းအောင်၊ အောင်သူတို့ဖြင့် ပွဲထွက်ခဲ့ပြီး တစ်လုံးတည်းသောဂိုးကို မောင်မောင်လွင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ K.A.S Eupen အသင်းမှာ ဘယ်လ်ဂျီယံ ဒုတိယတန်းကလပ်တွင် ကစားနေသည့် အသင်းဖြစ်ပြီး ယခုပွဲကို ယူ-၂၁အသင်းဖြင့်သာ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာယူ-၂၀ အသင်းသည် ဧပြီ ၆ ရက်ကတည်းက ဂျာမနီနိုင်ငံတွင် လေ့ကျင့်နေခြင်းဖြစ်သည်။

(ဖိုးသော်ဇင်)

❒

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း မဟာသင်္ကြန်ပွဲတော် အကျနေ့တွင် ပါဝင်ဆင်နွှဲ

နေပြည်တော် ဧပြီ ၁၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ယနေ့ (မဟာသင်္ကြန်အကျနေ့) နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပသည့် ၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် နိုင်ငံတော်သမ္မတအိမ်တော် ငုရွှေဝါခန်းမ၌ ခါသင်္ကြန်ရိုးရာ အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ယင်းသို့ဖျော်ဖြေကြရာတွင် မြန်မာ့အသံခေတ်ပေါ်တေးဂီတနှင့် တွဲဖက်၍ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ ယိမ်းအဖွဲ့များ၊ ရွှေဧည့်သည်ယိမ်းအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အမေများအဖွဲ့၊ အစ်မများအဖွဲ့၊ ရုပ်ရှင်နှင့် ဂီတအနုပညာရှင်များက ခါသင်္ကြန်အဆိုအကများ၊ ရိုးရာတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၊ အမေများအဖွဲ့နှင့် အစ်မများအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများချီးမြှင့်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း နိုင်ငံတော်သမ္မတအိမ်တော်၌ ကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်တို့က ယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ နိုင်ငံတော်သမ္မတအိမ်တော်မြက်ခင်းပြင်၌ ကျင်းပသည့် မြန်မာ့ရိုးရာမဟာသင်္ကြန်ရေသဘင်ပွဲတော်ကို အတူတကွ ပါဝင်ဆင်နွှဲကြသည်။

နိုင်ငံတော်သမ္မတအိမ်တော်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် နွှဲပျော်ကြစဉ်စဉ်။ (သတင်းစဉ်)

သင်္ကြန်အကျနေ့ ရေသဘင်ပွဲ ပါဝင်ဆင်နွှဲစဉ် နိုင်ငံတော်သမ္မတက နှစ်သစ်ကူး ဆုမွန်စကားကို ပြောကြားရာတွင် "ဒီနှစ်သင်္ကြန်ပွဲတော်မှာ သင်္ကြန်ချစ်ပြည်သူတွေ ပျော်ရွှင်စွာ ရေကစားနိုင်ကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ ကောင်းမြတ်တဲ့ လိုအင်ဆန္ဒတွေလည်း တစ်လုံးတစ်ဝတည်း ပြည့်ဝနိုင်ကြပါစေ၊ သာယာချမ်းမြေ့ဖွယ်ကောင်းပြီး လုံခြုံအေးချမ်းတဲ့ နှစ်သစ်ဖြစ်ပါစေ" ဟု ပြောကြားခဲ့သည်။

အလားတူ နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ခင်ခင်ဝင်းကလည်း နှစ်သစ်ကူး ဆုမွန်စကားကို ပြောကြားရာတွင် "မြန်မာပြည်သူ ပြည်သားအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ၊ ကောင်းကျိုးလိုရာ ဆန္ဒတွေလည်း ပြည့်စုံကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်"ဟု ပြောကြားသည်။

ထို့ပြင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့က "နှစ်သစ်ကို ရောက်တော့မှာ ဖြစ်ပါတယ်။ နှစ်ဟောင်းမှာရှိတဲ့ အညစ်အကြေးဟောင်းတွေ၊ စိတ်ကူးဟောင်းတွေ အားလုံးကို ဒီနှစ်ဟောင်းမှာ ချန်ခဲ့ပြီးတော့ လာမယ့် ၁၃၇၇ ခုနှစ် နှစ်သစ်မှာ စိတ်သစ်၊ လူသစ်၊ ဘဝသစ်နဲ့ ပြည်သူပြည်သားအားလုံး

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❁

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း နှစ်ကူးဆုမွန်စကားပြောကြားစဉ်။ (သတင်းစဉ်)

*စာမျက်နှာ ၈ မှ

ဖြတ်သန်းနိုင်ကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။ နှစ်သစ်မှာအားလုံး မျှော်လင့်တောင့်တနေတဲ့ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေးတွေလည်းရပါစေလို့ ဆုတောင်းပါတယ်”ဟု နှစ်သစ်ကူးဆုမွန်စကား ပြောကြားခဲ့သည်။

ထို့အတူ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်တို့ကလည်း “သည်တန်ခူးမှ နှစ်ဦးချမ်းမြပန်းခင်းလ” ဆိုသလိုပါပဲ။ အရောင်အသွေးစုံ သဘာဝပန်းအလှတွေနဲ့ အင်မတန် ချစ်ခင်နှစ်လိုဖွယ်ကောင်းလှတဲ့ ရိုးရာသင်္ကြန် ယဉ်ကျေးမှုပန်းအလှတွေ အလှချင်းပြိုင်နေကြပုံဟာဖြင့် နိုင်ငံသူ နိုင်ငံသားအားလုံး ဂုဏ်ယူကြည်နူးမဆုံးဖြစ်ရတဲ့ သင်္ကြန်မြင်ကွင်းအလှတွေပါပဲ။ သည်အလှတရားတွေ နှစ်စဉ် နှစ်စဉ်ရာသီအချိန်မီ အမြဲရောက်လာနိုင်ကြဖို့ သူတို့ရပ်တည်ရှင်သန်ရာ သဘာဝပတ်ဝန်းကျင်နဲ့ ယဉ်ကျေးမှုပတ်ဝန်းကျင်တွေကို ထိန်းသိမ်းကာကွယ်မြှင့်တင်ပေးသွားကြဖို့ အတူတကွပူးပေါင်းလုပ်ဆောင်သွားကြရမှာ ဖြစ်ပါတယ်။ ကြည်လင်အေးချမ်းခြင်း၊ သန့်ရှင်းစင်ကြယ်စေခြင်း၊ ရေကိုသားလို့အကြားမထင်ခြင်းဆိုတဲ့ ရေရဲ့ မင်္ဂလာနိမိတ်သုံးပါးကို ဆောင်ကြဉ်းပြီး မင်္ဂလာအပေါင်းနဲ့ လာခြင်းကောင်းတဲ့ နှစ်သစ်ဖြစ်ပါစေ၊ ပြည်ထောင်စုတစ်ဝန်းလုံးမှာ ငြိမ်းချမ်းခြင်း၊ သန့်စင်ခြင်း၊ သွေးစည်းညီညွတ်ခြင်းများ လွှမ်းခြုံပြီး လူသစ်၊ စိတ်သစ်၊ အားမာန်သစ်တွေနဲ့ နိုင်ငံတော်ကို တည်ဆောက်သွားနိုင်ကြပါစေလို့ နိုင်ငံကြော့ ပြည်သူနဲ့အတူ ပန်ဆုယူအတာရေ သွန်းလိုက်ပါတယ်”ဟု နှစ်သစ်ကူးဆုမွန်စကား ပြောကြားခဲ့သည်။

ထို့ပြင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် ဇနီးတို့ကလည်း “တကယ်တော့ မြန်မာလူမျိုးတို့မှာ လောကီမင်္ဂလာ (၁၂)ပါးရှိပါတယ်။ သင်္ကြန်ဆိုတာ လောကီမင်္ဂလာ(၁၂)ပါးထဲက နဝမမြောက်မင်္ဂလာဖြစ်ပါတယ်။ ဒီသင်္ကြန်မင်္ဂလာအခါမှာ နိုင်ငံသူ နိုင်ငံသားအားလုံး၊ တစ်နိုင်ငံလုံး ပျော်ရွှင်ချမ်းမြေ့ပြီးတော့ ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကာ အောင်မြင်မှုအပေါင်း သရဖူဆောင်းနိုင်ပါစေ”ဟု လည်းကောင်း၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြည်မိန်းနှင့် ဇနီးတို့က “အခုလို နှစ်သစ်မှာ စုစုစည်းစည်းနဲ့ တာဝန်ကို ကျေပွန်စွာ ဥပဒေနဲ့အညီ ထမ်းဆောင်နိုင်ကြပါစေ၊ ဥပဒေနဲ့အညီ သတင်းမီဒီယာလောကမှာ ထိုက်ထိုက်တန်တန်နဲ့ တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ဆက်လက်ထမ်းဆောင်နိုင်ကြပါစေ”ဟု လည်းကောင်း ဆုမွန်ကောင်း တောင်းခဲ့ကြသည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းနှင့် ဇနီးတို့က “နှစ်သစ်မှာ မြန်မာပြည်တစ်ဝန်းမှာ ရှိကြတဲ့ ရဟန်းရှင်လူ ပြည်သူအပေါင်း စိတ်ကျန်းမာ ကိုယ်ချမ်းသာစွာဖြင့် အေးချမ်းသာယာတဲ့ ဘဝတွေကို ပိုင်ဆိုင်နိုင်ကြပါစေ”ဟု လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် ဇနီးတို့က “နှစ်သစ်မှာ တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတွေနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်” ဟု လည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က “နှစ်ဟောင်းမှာ ရှိနေခဲ့တဲ့၊ ဖြစ်ခဲ့တဲ့ မကောင်းမှုတွေ၊ အားနည်းမှုတွေ အားလုံးက ဒီဘက်မှာပဲ ကျန်ရစ်ပြီး နှစ်သစ်မှာ အတာရေသဘင် ဆင်နွှဲပြီးတဲ့နောက်မှာ ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ၊ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ တိုင်းရင်းသား ပြည်သူအားလုံးက ညီညွတ်ခြင်း၊ အောင်မြင်ခြင်း၊သာယာဝပြောခြင်းတွေနဲ့ဆတက်ထမ်းပိုး အေးချမ်းနိုင်ကြပါစေ”ဟု လည်းကောင်း ဆန္ဒပြုခဲ့ကြသည်။

ထို့အတူ အမေများအဖွဲ့ကိုယ်စားရပ်ရှင်သရုပ်ဆောင် ဒေါ်နွဲ့နွဲ့စန်းက “လာမယ့်နှစ်မှာ ကမ္ဘာသူ ကမ္ဘာသား၊ မြန်မာပြည်သူ၊ မြန်မာပြည်သားအားလုံး၊ ခုနစ်ရက် သားသမီးအားလုံး ဘုန်းကြီးသလောက် အသက်ရှည်ပါစေ၊ အသက်ရှည်သလောက် ဘုန်းကြီးပါစေ၊ ဒေါသခပ်သိမ်း၊ လောဘ၊ ဒေါသ၊ မောဟတွေအားလုံး ထိန်းချုပ်နိုင်ကြပါစေလို့ ဆုတောင်းလိုက်ပါတယ်။ ဒါ့အပြင် လူငယ်၊ လူရွယ်တွေအနေနဲ့ ကိုယ့်ရဲ့ ယဉ်ကျေးမှု၊ ကိုယ်ရဲ့ရိုးရာ၊ ကိုယ့်ရဲ့ သိက္ခာတွေကို ထိန်းသိမ်းစေချင်ပါတယ်၊ ထိန်းသိမ်းကြပါလို့ မှာချင်ပါတယ်” ဟုလည်းကောင်း၊ ရုပ်ရှင်သရုပ်ဆောင်ရဲအောင်က “နှစ်သစ်အခါသမယမှာ ပြည်သူပြည်သားအားလုံး၊ နိုင်ငံသားတွေအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ၊ ရွှင်လန်းချမ်းမြေ့ကြပါစေ။ မြန်မာ့ရိုးရာအတာသင်္ကြန်မှာ နှစ်ဟောင်းကုန်လို့ နှစ်သစ်ကူးတော့မယ်၊ နှစ်ဟောင်းမှာ ကြုံခဲ့၊ ဆုံခဲ့တာတွေ အကုန်လုံးကို နှစ်သစ်မှာ ဒီထက်ပိုပြီး အကောင်းဆုံးဖြစ်အောင် စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်တွေနဲ့ ဖြတ်သန်းကြမယ်။ စိတ်ထဲမှာ ရှိတဲ့အရာတွေ အကုန်လုံး အောင်မြင်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်”ဟု လည်းကောင်း၊ ရုပ်ရှင်သရုပ်ဆောင် လူမင်းက “နှစ်သစ်မှာ မြန်မာပြည်သူ ပြည်သားတွေ စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်း ကင်းဝေးပြီးတော့ စိတ်သစ်၊ လူသစ်၊ အတွေးအခေါ်သစ်၊ အကြံအစည်အသစ်တွေနဲ့ ဘဝသစ်ကို အကောင်းဆုံးတည်ဆောက်နိုင်ပါစေလို့ ဆုတောင်းပါတယ်”ဟု လည်းကောင်း၊ ရန်ကုန်မီဒီယာဂရု(ဖ်) အမှုဆောင် အရာရှိချုပ် ဦးကိုကိုက “မြန်မာ့ရိုးရာ နှစ်သစ်သင်္ကြန်တွေ များစွာ ဖြတ်သန်းတဲ့အထဲမှာ ဒီနှစ်အတာသင်္ကြန်က ထူးခြားပြီးတော့ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့သင်္ကြန်လို့ ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သင်္ကြန်ကာလမတိုင်မီမှာ ငြိမ်းချမ်းရေးအတွက် ရောင်နီတွေ သန်းလာတယ်။ တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲနိုင်ရေးအတွက် မူကြမ်းနဲ့ ပတ်သက်ပြီး တိုင်းရင်းသားတွေနဲ့ အစိုးရအကြားမှာ သဘောတူညီမှုရလိုက်တယ်။ ဒါကြောင့်မို့ ဒီနှစ်သင်္ကြန်ဟာ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ သင်္ကြန်ဖြစ်တယ်။ ဒီနှစ်အတာသင်္ကြန်ကာလမှာ မြန်မာပြည်သူအပေါင်း အမြဲတမ်းမျှော်လင့်တောင့်တနေတဲ့ ထာဝရငြိမ်းချမ်းရေး ရရှိပါစေ၊ ထာဝရငြိမ်းချမ်းရေးရရှိအောင်လည်း နိုင်ငံတော်အစိုးရနဲ့တကွ တိုင်းရင်းသားခေါင်းဆောင်တွေအားလုံး၊ သက်ဆိုင်ရာပါဝင်ပတ်သက်သူတွေအားလုံးက နှစ်သစ်မှာ စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်တဲ့လူတွေဖြစ်ကြပါစေ၊ မြန်မာပြည်ကြီးလည်း ငြိမ်းချမ်းသာယာဝပြောပါစေလို့ ဆုတောင်းပါတယ်”ဟု လည်းကောင်း ပြောကြားခဲ့ကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမူန် နှစ်ကူးဆုမွန်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့် နှစ်ကူးဆုမွန်စကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတအိမ်တော် ဥရွှေဝါခန်းမ၌ ယိမ်းအကများ ဖျော်ဖြေတင်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့ရိုးရာ သင်္ကြန်အကျနေ့ ပျော်ရွှင်စွာဆင်နွှဲနေမှု ပုံရိပ်

ပြောင်းလဲလာသည့် ခေတ်ရေစီကြောင်းနှင့်အတူ မြန်မာ့ရိုးရာသင်္ကြန်သည်လည်း အသွင်အပြင်နှင့် အမြင်များဆန်းသစ် ပြောင်းလဲလာသည်ကို တွေ့ရှိနေရသည်။ ခေတ်ပေါ်တေးဂီတ၊ အကနှင့် ဝတ်စားဆင်ယင်မှုများက ယနေ့သင်္ကြန်ကာလတွင် လူငယ်ထုကြားတွင် လွှမ်းမိုးနေရာယူထားသည်။ သင်္ကြန်ချိန်ခါရောက်လာပြီဆိုလျှင် သမိုင်းအစဉ်အလာကြီးမားသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာ့အလှတို့ကလည်း သူ့နေရာနှင့်သူ မြန်မာတို့၏ စိတ်နှလုံးကို အေးချမ်းကြည်နူးမှုပေးစွမ်းနိုင်ဆဲဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ပျော်ရွှင်စွာဆင်နွှဲသည့် ပုံရိပ်များကြားမှ ဤသင်္ကြန်လှုပ်ရှားမှုပုံရိပ်များကိုလည်း သတိပြုမိပါသည်။

(ကြေးမုံ)

ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ ပြည်သူများ ပျော်ရွှင်စွာဖြင့် ရေသဘင်ပွဲကို ဤသို့ဆင်နွှဲစဉ်။ (ခင်မောင်ဝင်း)

မန္တလေးမြို့ ကျုံးပတ်လည်၌ ရေကစားမဏ္ဍပ်ကြီးများဖြင့် လူငယ်လူရွယ်များ ပျော်ရွှင်စွာ ရေကစားလျက်ရှိရာ မဏ္ဍပ်တစ်ခုတွင် ဤသို့ ပျော်ရွှင်စွာ ရေကစားနေသည်ကို တွေ့ရစဉ်။ တင်မောင်(မန်းကိုယ်ပွား)



မဟာသင်္ကြန်အကျနေ့က နေပြည်တော်ရှိ ရွှေသံလွင်မဏ္ဍပ်သို့ လာရောက် ဆင်နွှဲကြသူများ ဤသို့ ပျော်ရွှင်ကြစဉ်။ (ရာမည)

မြင်းခြံမြို့ ရွှေပြည်စိုး သာသနာ့ဗိမာန်ရှေ့ရှိ ရေကစားမဏ္ဍပ်၌ မြင်းခြံမြို့သူ မြို့သားများ ပျော်ရွှင်စွာ ရေကစားကြစဉ်။ (ဇော်မင်းနိုင်)

ကျုံးပတ်လည်တွင် မန္တလေးမြို့သူ မြို့သားများ သင်္ကြန်ပွဲဆင်နွှဲလျက်ရှိရာ 3K BATTERY ကလည်း ဤသို့ ပါဝင်ဆင်နွှဲနေစဉ်။ (မင်းထက်အောင်)

မဟာသင်္ကြန်အကျနေ့ မိတ္ထီလာ ကျီတော်ကုန်းရပ်ကွက် ရေကစားမဏ္ဍပ်တွင် ရေကစားသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကား

မိတ္ထီလာ ဧပြီ ၁၄

မိတ္ထီလာမြို့ ကျီတော်ကုန်းရပ်ကွက် ရေကစားမဏ္ဍပ်တွင် ဧပြီ ၁၄ ရက် နံနက်ပိုင်းက ရေကစားသူများ၊ ရေပက်ခံသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားကြောင်း သိရသည်။

“ဒီနေ့ သင်္ကြန်အကျနေ့မှာ မနေ့က အကြိုနေ့ထက် ပိုစည်ကားတယ်။ ကျီတော်ကုန်းမဏ္ဍပ်မှာ မြန်မာ့ရိုးရာယဉ်ကျေးမှုယိမ်းအကအပြင် ခေတ်ပေါ်တေးဂီတတွေနဲ့လည်း သီဆိုဖျော်ဖြေတယ်။ နှစ်တိုင်းလိုပဲ ကျီတော်ကုန်းမဏ္ဍပ်မှာ ရေကစားသူ၊ ရေပက်ခံသူများနဲ့ ကြိတ်ကြိတ်တိုးစည်ကားပါတယ်။ ရပ်ကွက်အတွင်းက လူငယ်တွေ ရေကစားနိုင်ဖို့အတွက် ရေပိုက်တွေကို စီစဉ်ပေးထားပါတယ်။ တစ်နေကုန်ရေကစားသူတစ်ဦးအနေနဲ့ ရေပိုက်တစ်ချောင်းကို ငွေကျပ် ၂၀၀၀ ပေးသွင်းရပါတယ်။ ဒီနှစ်မိတ္ထီလာမှာ ဗဟိုရေကစားမဏ္ဍပ်လည်း မရှိတဲ့အပြင် မြို့တွင်းမှာ မနှစ်ကလောက် ရေကစားမဏ္ဍပ်တွေမရှိတော့ ကျီတော်ကုန်းရပ်ကွက် ရေကစားမဏ္ဍပ်က မြို့နယ်အတွင်းမှာ အစည်ကားဆုံးမဏ္ဍပ်ဖြစ်နေတာပါ”ဟု ရပ်ကွက်ဒေသခံတစ်ဦးက ပြောသည်။

ကျီတော်ကုန်းမဏ္ဍပ်အပြင် ဝန်ဇင်းရပ်ကွက် ရေကစားမဏ္ဍပ်၊ အောင်ဆန်းရပ်ကွက် မင်းခန့်ကျော် ရေကစားမဏ္ဍပ်၊ ရတနာမာရ်အောင် ရပ်ကွက်နယ်မြေရှိ ရှိုင်ရယ်ရေကစားမဏ္ဍပ်၊ ဝမ်းတော်ပြည့်တိုးချဲ့ရပ်ရှိ ရီလတ်စ် ရေကစားမဏ္ဍပ်စသည့် ရေကစားမဏ္ဍပ်များတွင် ရေကစားသူ၊ ရေပက်ခံသူများဖြင့် စည်ကားခဲ့သော်လည်း ယမန်နှစ်က မိတ္ထီလာသင်္ကြန်စည်ကားမှုကို မမီဟု ဒေသခံများက ပြောသည်။

၂၀၁၄ ခုနှစ် မိတ္ထီလာမဟာသင်္ကြန်ပွဲတော်တွင် ဗဟိုရေကစားမဏ္ဍပ်အပါအဝင် ရေကစားမဏ္ဍပ်ကြီး ၃၀ ခန့်ရှိခဲ့သော်လည်း ယခုနှစ်တွင်မူ ရေကစားမဏ္ဍပ် ၁၅ ခုခန့်သာရှိကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

မဟာသင်္ကြန်အကျနေ့တွင် ပျော်ရွှင်စွာ ရေကစားသူများဖြင့် မုံရွာမြို့၌ စည်ကားလျက်ရှိ

မုံရွာ ဧပြီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော ၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အကျနေ့ဖြစ်သော ဧပြီ ၁၄ ရက်က မုံရွာမြို့ရှိ လမ်းများတစ်လျှောက်တွင် ရေပက်ခံကားများ၊ ဆိုင်ကယ်များဖြင့် အေးချမ်းပျော်ရွှင်စွာ ရေပက်ခံကြလျက်ရှိပြီး ရေကစားမဏ္ဍပ်များကလည်း သင်္ကြန်ရိုးရာ စတုဒိသာ ကျွေးမွေးခြင်း၊ သင်္ကြန်အကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ထို့ပြင် မုံရွာမြို့၏ အထင်ကရနေရာများနှင့် ဘုရားစေတီများတွင် ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာသူများဖြင့် စည်ကားလျက်ရှိသည်။

မုံရွာမြို့တွင် ရေပက်ခံထွက်သူများ၊ ဥပုသ်သီတင်းသီလဆောက်တည်သူများဖြင့် နှစ်သစ်ကို အေးချမ်းပျော်ရွှင်စွာ ကြိုဆိုလျက်ရှိကြကြောင်း သိရှိရသည်။

(ဖိုးချမ်း-မုံရွာ)

အမြို့မြို့အနယ်နယ်တွင် ပျော်ရွှင်စွာဆင်နွှဲ မြန်မာ့ရိုးရာ ရေသဘင်ပွဲ

ကျိုက်ထို

၁၃၇၆ ခုနှစ် သင်္ကြန်ပွဲတော်ဆင်နွှဲရန်အတွက် မြန်မာ့ရိုးရာမဟာသင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၃ ရက် ညနေ ၆ နာရီတွင် ကျိုက်ထိုမြို့ ကံ့ကော်ရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှေ့ ဗဟိုမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က မဟာသင်္ကြန်အကြိုအဖြစ် နှုတ်ခွန်းဆက်စကားပြောကြားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာညီညီထွန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၊ နယ်မြေခံတပ်နယ်မှ တပ်မမှူး ဗိုလ်မှူးကြီးသန့်ဇင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစံမြတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ယိမ်းအဖွဲ့များက မန်းတောင်ရိပ်ခိုသင်္ကြန်တေးဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။

ဝင်းမောင် (iprd)

မြောင်းမြ

၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့ညနေ ၆ နာရီက ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဌေးနိုင်၊ မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးတင်လတ်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အခြေခံပညာကျောင်းများမှ ယိမ်းပျို့ဖြူများ၊ ဌာနဆိုင်ရာယိမ်းအဖွဲ့များ၊ ရပ်ကွက်ယိမ်းအဖွဲ့များမှ ယိမ်းပျို့ဖြူများက မြူမှောင်ဝေကင်း သီချင်းဖြင့် စုပေါင်းပါဝင်ကပြကြပြီး တက်ရောက်လာသူများက သင်္ကြန်ရေများ ပက်ဖျန်းကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ချောင်းဆုံ

၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲနှင့် ယိမ်းအကပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ချောင်းဆုံမြို့၌ ဧပြီ ၁၃ ရက် ည ၈ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး ဦးခင်မောင်ဦးနှင့် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးတို့က ဗဟိုမဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နှီးမှုတ်ကျေးရွာ ယိမ်းအဖွဲ့က မန်းတောင်ရိပ်ခိုတေးသီချင်းနှင့် သင်္ကြန်မိုးတေးသီချင်းတို့ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး တိုးချဲ့ယိမ်းအဖွဲ့၊ ကညော်ယိမ်းအဖွဲ့နှင့် ခရိုက်ဒူးယိမ်းအဖွဲ့တို့က သင်္ကြန်သီချင်းများဖြင့် အသီးသီးယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါပြိုင်ပွဲတွင် ART လူငယ်အဖွဲ့က သီချင်းများဖြင့် သီဆိုဖျော်ဖြေကာ ယိမ်းအကအဖွဲ့ ၁၁ ဖွဲ့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲကာလ သုံးရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဘီးလင်း

သထုံခရိုင် ဘီးလင်းမြို့နယ်၏ ၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာ နှစ်သစ်ကူး အတာသင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၃ ရက် ညနေ ၅ နာရီက အဆိုပါမဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်က နှစ်သစ်ကူးနှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။ ယင်းနောက် ဗဟိုသင်္ကြန်မဏ္ဍပ်အား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇော်နိုင်ဦး၊ KNU တပ်မဟာ(၁)မှ ဒုတိယတပ်မဟာမှူး ဗိုလ်မှူးကြီးစောပလေ့၊ မြို့နယ်ဥပဒေအရာရှိ ဦးချမ်းသာ၊ သင်္ကြန်ပွဲတော်ဖျော်ဖြေရေးအတွင်းရေးမှူး ဒေါက်တာကျော်သူလတ်နှင့် ရပ်မိရပ်ဖ ဦးမောင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အခမ်းအနားတက်ရောက်လာကြသူများက တစ်ဦးနှင့်တစ်ဦး သပြေခက်ဖြင့် အတာရေများပက်ဖျန်းခဲ့ကြသည်။

ထို့နောက် သင်္ကြန်ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များနှင့်အတူ ကရင်ရိုးရာယဉ်ကျေးမှုနှင့် ပအိုဝ်းရိုးရာယဉ်ကျေးမှု ယိမ်းအဖွဲ့များကလည်း မန်းတောင်ရိပ်ခိုတေးသီချင်းဖြင့် စုပေါင်းကပြဖျော်ဖြေကာ ဘီးလင်းမြို့နယ်၏ နှစ်သစ်ကူး အတာသင်္ကြန်ဗဟိုမဏ္ဍပ်အားစည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကြံခင်း

မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ် သင်္ကြန်အကြိုနေ့ ညနေ ၅ နာရီက ကြံခင်းမြို့ လမ်းမတော်လမ်းရှိ အဝေးပြေးဂိတ်ဝင်း၌ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်က နှစ်သစ်ကူးမင်္ဂလာနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်မောင်ကြိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်၊ မြို့နယ်စည်ပင်သာယာရေးဥက္ကဋ္ဌ ဦးစိုးမြင့်၊ မြို့မိမြို့ဖ ဦးသိန်းတင်နှင့် ဦးဝင်းရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မန်းတောင်ရိပ်ခိုတေးသီချင်းဖြင့်ယိမ်းအဖွဲ့များ၊ အလှပြယာဉ်များက ကပြဖျော်ဖြေကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က သပြေခက်ဖြင့် အတာရေစင်ပက်ဖျန်းခဲ့ကြောင်း သိရသည်။

မသူ(ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် မဟာသင်္ကြန်ပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ ရက် ညနေ ၄ နာရီခွဲက မြို့နယ်ခန်းမရှေ့ဗဟိုမဏ္ဍပ်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးက အဖွင့်အမှာစကားပြောကြားပြီး ရပ်မိ ရပ်ဖ ဦးတင်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်၊ ရဲမှူးမောင်မောင်ဦး၊ JIANSHE နှင့် SKY NET ကိုယ်စားလှယ်တို့က ဗဟိုမဏ္ဍပ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို မန်းတောင်ရိပ်ခို သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးခဲ့ပြီး ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဆက်လက်ဖျော်ဖြေခဲ့ကြောင်း သိရသည်။

(ကရင်ပြန်/ဆက်)

မန္တလေးပရိသတ်ကို ဖျော်ဖြေပေးသည့် အနုပညာရှင်များ၏ ရင်တွင်းစကား

မင်းထက်အောင် (မန်းကိုယ်ပွား)

မန္တလေးမြို့တွင် ကျင်းပလျက်ရှိသည့် မဟာသင်္ကြန်ပွဲတော်ကာလတွင် ကျုံးတောင်ဘက် Alpine မဏ္ဍပ်၏ ဖျော်ဖြေမှုများ စီစဉ်ဆောင်ရွက်ပေးသော လွယ်ဟိန်းကုမ္ပဏီနှင့် လာရောက်သီဆိုဖျော်ဖြေပေးကြသော အနုပညာရှင်များ၏ သင်္ကြန်နှုတ်ခွန်းဆက် ရင်တွင်းစကားသံများအား တွေ့ဆုံမေးမြန်းတင်ပြလိုက်ပါသည် -

ခန့်စည်သူ
အကယ်ဒမီရုပ်ရှင်သရုပ်ဆောင်

ကျွန်တော်က Alpine နဲ့ မိသားစုတွေလို ဖြစ်နေတဲ့အပြင် မန္တလေးကိုလည်းချစ်ပါတယ်။ အနုပညာရှင်တော်တော်များများက ရန်ကုန်မှာပဲရှိကြတယ်လေ။ မန္တလေးပရိသတ်ကတော့ တစ်နှစ်ကို တစ်ခါပဲတွေ့နိုင်တယ်။ မန္တလေးက အနုပညာမြို့တော်ဖြစ်ပြီး အနုပညာရှင်တွေကို ရင်ထဲက လှိုက်လှိုက်လှဲလှဲချစ်တာကို တွေ့ရတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ နှစ်သစ်မှာ အားလုံး စိတ်သစ်လူသစ်ဘဝသစ်တွေနဲ့ တည်ဆောက်နိုင်ကြပါစေဗျာ။

ခိုင်သင်းကြည်
အကယ်ဒမီရုပ်ရှင်သရုပ်ဆောင်

မန္တလေးကို နှစ်စဉ်လာရောက်ဖျော်ဖြေတာကတော့ မန္တလေးပရိသတ်ကြီးကို ချစ်လို့ပေါ့ရှင်။ အဖေကလည်း မန္တလေးသားဆိုတော့ ဒီမှာပျော်တယ်လေ။ မခိုင်တို့မိသားစု အပန်းဖြေခရီးထွက်သလိုလည်းဖြစ်ရင်း မန္တလေးပရိသတ်ကို ဖျော်ဖြေပေးရာရောက်တဲ့အတွက် မန္တလေးသင်္ကြန်ကို ရှစ်နှစ်လောက်ဆက်တိုက်ဖျော်ဖြေပေးခဲ့တာပါ။ မန္တလေးပရိသတ်နဲ့ မခိုင်က နွေးထွေးရင်းနှီးပြီးသဟဇာတဖြစ်နေပါပြီ။

မြင့်မြတ်
ရုပ်ရှင်သရုပ်ဆောင်

ကျွန်တော်မနှစ်က မန္တလေးကိုမလာဖြစ်တဲ့အတွက် ဒီနှစ်တော့ မန္တလေးပရိသတ်ကြီးကို တွေ့ချင်လို့ လာရောက်သီဆိုဖျော်ဖြေပေးတာပါ။

အခုလို ကျွန်တော်တို့ အနုပညာရှင်တွေကို တစ်ခဲနက် အားပေးတာကို တွေ့ရတဲ့အတွက် အထူးကျေနပ်မိပါတယ်။ နှစ်သစ်မှာ ဆန္ဒတွေအားလုံး ပြည့်စုံကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

□□

နီနီခင်ဇော်
အဆိုတော်

ဒီနှစ်နဲ့ဆို နီ သီဆိုတာ နှစ်နှစ်ရှိပါပြီ။ မန္တလေးရဲ့ နေပူပူအောက်မှာ အားပေးတဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်။

မန္တလေးက မြန်မာနိုင်ငံရဲ့ ရှေးဟောင်းအမွေအနှစ်တွေ အများကြီးရှိတဲ့အတွက် မြန်မာ့ယဉ်ကျေးမှုတွေကို ဆက်လက်ထိန်းသိမ်းနိုင်ပါစေ။ နီ ပရိသတ်တွေ ၂၀၁၅ မှစ၍ စိတ်ချမ်းသာမှုတွေ ရရှိနိုင်ပါစေ။

□□

နန်းခင်ဇေယျာ
မော်ဒယ်သရုပ်ဆောင်

အနုပညာကို တန်ဖိုးထားအားပေးတဲ့ မန္တလေးပရိသတ်ကြီးရဲ့စိတ်ဓာတ်ကို လေးစားလို့ လာခဲ့တာပါ။ နေအပူဒဏ်ကိုမမှုဘဲ ပျော်ရွှင်စွာကခုန်အားပေးနေတာ တွေ့ရတဲ့အတွက် အလွန်ကျေးဇူးတင်ပါတယ်။ မန္တလေးပရိသတ်ကြီး နှစ်သစ်မှာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

□□

ဖိုးကာ
တေးရေး၊ အဆိုတော်

ကျွန်တော်မန္တလေးမှာ ဆက်တိုက်ဖျော်ဖြေလာခဲ့တာ ငါးနှစ်ရှိပါပြီ။ မန္တလေးပရိသတ်ကို ကျွန်တော်ချစ်တယ်ဗျာ။ အားပေးမှုကလည်း ပွဲမပြီးမချင်း မပြန်ဘူး။ ဒါကြောင့် မန္တလေးသင်္ကြန်ကို ဖျော်ဖြေရမယ်ဆိုရင် အလွန်ပျော်ပါတယ်။ ကျွန်တော်အခုကြည့်ရတာတော့ အားလုံးအေးအေးချမ်းချမ်းနဲ့ စည်းကမ်းရှိရှိပျော်နေတာ တွေ့ရတဲ့အတွက် ကြည်နူးမိပါတယ်။

ဒေါက်တာစိုင်းဆမ်ထွန်း (လွယ်ဟိန်းကုမ္ပဏီ)

နှစ်စဉ် ဖျော်ဖြေပေးရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်က အများပျော်ရွှင်အောင်လုပ်ပေးတာပါ။ နှစ်စဉ်နှစ်တိုင်း ကျွန်တော်လုပ်ပေးနေကျ ဒီလိုသင်္ကြန်အချိန်အခါကိုရောက်ရင် ကျွန်တော်က မနေနိုင်ပါဘူး။ ကျွန်တော့်လုပ်ငန်းကနေရရှိတဲ့ အကျိုးအမြတ်တွေကို တစ်ဖက်ကနေပြန်ပြီး ကျေးဇူးဆပ်တဲ့အနေနဲ့ စီစဉ်ပေးတာပါ။ ကျွန်တော်ခံစားရတာက အခုဖျော်ဖြေပေးတဲ့ အစီအစဉ်ကို လက်လှမ်းမမီတဲ့ လူတန်းစားတွေလည်း ရှိတာပေါ့။ ဒါကြောင့် အများခံစားနိုင်တဲ့ သီဆိုဖျော်ဖြေမှုကိုလည်း စီစဉ်ပေးချင်ပါတယ်။ လူ့ဘဝမှာ အများအကျိုးအတွက် လုပ်ပေးနိုင်တဲ့အချိန်ဟာ အပျော်ဆုံးအချိန်ပါ။ ဒါကြောင့် ကျွန်တော်ဒီမြင်ကွင်းကိုကြည့်ပြီး အတော်ပျော်နေပါတယ်။ Alpine ရှိနေသရွေ့ ဖျော်ဖြေမှုတွေလည်း ဆက်လက်တည်ရှိနေမှာပါ။

မန္တလေးမြို့ ကျုံးတောင်ဘက် Alpine မဏ္ဍပ်တွင် သီဆိုဖျော်ဖြေနေသော မော်ဒယ်သရုပ်ဆောင် နန်းခင်ဇေယျာ။

ဒရော့ဘာ၊ မက်ဆီနှင့် စီရိုနယ်လ်ဒိုတို့က ရင်ဆိုင်ဖူးသမျှ ကစားသမားများထဲတွင် အကောင်းဆုံးဟု ပီကေးချီးကျူး

ဘာစီလိုနာအတွက် ပွဲ ၃၀၀ ပြည့် ဝင်ရောက်ကစားခွင့်ရသော ပီကေးက ၎င်း၏ ကစားသမားသက်တမ်းတစ်လျှောက် ပြိုင်ဘက်ကစားသမားမြောက်မြားစွာနှင့် ရင်ဆိုင်ခဲ့ရသော်လည်း ဒရော့ဘာ၊ မက်ဆီနှင့် စီရိုနယ်လ်ဒိုတို့က အခက်ခဲဆုံးနှင့် အကောင်းဆုံးပြိုင်ဘက်များဖြစ်ကြောင်း ထုတ်ဖော်ချီးကျူးခဲ့သည်။

ပီကေးသည် ဆယ်ကျော်သက်ကစားသမားဘဝက ဘာစီလိုနာကို စွန့်ခွာကာ မန်ယူသို့ သွားရောက်ကစားခဲ့သေးသော်လည်း ၂၀၀၈ ခုနှစ်တွင် ဘာစီလိုနာသို့ ပြန်လည်ရောက်ရှိလာခဲ့ကာ ကမ္ဘာ့အကောင်းဆုံးနောက်ခံလူဖြစ်လာခဲ့သည်။ ဘာစီလိုနာနှင့်အတူ ချန်ပီယံလိဂ်ဖလားနှစ်ကြိမ်၊ လာလီဂါချန်ပီယံဆုလေးကြိမ် ဆွတ်ခူးခဲ့သော ပီကေးက ထိန်းချုပ်ရန်ခက်ခဲသော ကစားသမား သုံးဦး၏ အမည်စာရင်းကို ထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။

ပီကေးက 'ကျွန်တော်လာမာစီယာ (ဘာစီလိုနာလူငယ်အကယ်ဒမီ)မှာ အရွယ်ရောက်ခဲ့ပြီး ဘာစီလိုနာအသင်းကြီးအတွက် ကစားခွင့်ရဖို့ အမြဲအိပ်မက်မက်ခဲ့ရသူပါ။ အခု အသင်းရဲ့ ဂျာစီကို အကြိမ် ၃၀၀ တောင် ဝတ်ဆင်နိုင်ခဲ့တာက ကျွန်တော့်စိတ်ကူးတွေ လက်တွေ့ဖြစ်လာခဲ့တာပါ။ အကောင်းဆုံးကစားသမားတွေ အများကြီးနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ အဲဒီထဲမှာမှ ဒရော့ဘာနဲ့ ခရစ္စယာနိုရိုနယ်ဒိုတို့က အခက်ခဲဆုံး ပြိုင်ဘက်ဖြစ်ခဲ့ပြီး လေ့ကျင့်ရေးကွင်းမှာ နေ့စဉ်အနေနဲ့ မက်ဆီကို ထိန်းချုပ်ရတာ တကယ့်ကို ခက်ခက်ခဲခဲပါပဲ'ဟု ဆိုသည်။

ဘာစီလိုနာသည် လက်ရှိတွင် လာလီဂါအမှတ်ပေးဇယား၌ ရီးယဲလ်ကို နှစ်မှတ်ဖြတ်ကာ ဦးဆောင်ထားနိုင်သကဲ့သို့ ကိုပါဒယ်ရေးဖလား ဗိုလ်လုပွဲတွင် ဘီဘာအိုနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဧပြီ ၁၅ တွင် ချန်ပီယံလိဂ် ကွာတား ဖိုင်နယ် ပထမအကျော့ ပွဲစဉ်အဖြစ် ပီအက်စ်ဂျီနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ပီကေးက ယခုနှစ် ဘောလုံးရာသီကို သမိုင်းတွင်သော ရာသီအဖြစ် အသက်သွင်းရန် ဆန္ဒရှိနေသော်လည်း ပီအက်စ်ဂျီ၏ ခံစစ်မှာ ကမ္ဘာ့အကောင်းဆုံးခံစစ်ပင်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

ဒဏ်ရာရကစားသမား များနေတဲ့ ဘိုင်ယန်နဲ့ ခြေစွမ်းထက်နေတဲ့ ပေါ်တို၊ မိုဗစ်ချ်မပါဝင်နိုင်တဲ့ ပီအက်စ်ဂျီနဲ့ မက်ဆီဦးဆောင်လာမယ့် ဘာစီလိုနာတို့၏

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များ

ဘိုင်ယန်အနေနဲ့ ဧပြီ ၁၅ ရက်မှာ ကစားမယ့် ပေါ်တိုနဲ့ ကွာတားဖိုင်နယ်ပထမအကျော့ပွဲစဉ်မှာ ဒဏ်ရာရကစားသမားတွေများနေတဲ့အတွက် အခုပွဲကိုသရေရလဒ်လောက် ထိန်းကစားပြီး ဒုတိယအကျော့မှ ပြန်ပြီးအနိုင်ယူကစားဖွယ်ရှိနေတယ်လို့ ဘောလုံးကျွမ်းကျင်သူတွေက သုံးသပ်ထားပါတယ်။ ဒါ့အပြင် ဘိုင်ယန်အနေနဲ့ ပေါ်တူဂီမြေမှာ ဘယ်ပေါ်တူဂီကလပ်ကိုမှ ၁၉၈၇ ခုနှစ်ကတည်းက အရှုံးနိမ့်ထားတာမျိုးမရှိသေးပါဘူး။

ဘိုင်ယန်မှာဒဏ်ရာရ ကစားသမားများနေတဲ့အတွက် နည်းပြဂွါဒီယိုလာအနေနဲ့ နောက်ဆုံးဖရန့်ဖတ်ကို ရင်ဆိုင်တဲ့ပွဲမှာ ကစားသမားလေးယောက်လောက်ကို အပြောင်းအလဲပြုလုပ်ထားရပါတယ်။ ရီဘာရီ၊ ရော်ဘင်နဲ့ ရှဝိန်းစတိုင်ဂါတို့ သုံးဦးလုံး ဝင်ရောက်ကစားနိုင်မှာ မဟုတ်ပေမယ့် အသင်းခေါင်းဆောင်ဖိလစ်လမ်း ပြန်လည်ပါဝင်လာနိုင်တာကတော့ ဘိုင်ယန်အတွက် သတင်းကောင်းတစ်ရပ်ပါပဲ။

ဒါပေမယ့်ပေါ်တိုကလည်း ခြောက်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ချန်ပီယံလိဂ်မှာ ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်လာနိုင်ခဲ့တာဖြစ်ပြီး ဘေဆယ်လ်ကိုကစားခဲ့တဲ့ ခြေစွမ်းကတော့ရှေ့နောက် ဟန်ချက်ညီပြီးကောင်းမွန်သေသပ်တာကို တွေ့ရပါတယ်။ ဒါကြောင့် ပေါ်တိုကလည်း ၂၀၀၃-၂၀၀၄ ဘောလုံးရာသီပြီးနောက် ပထမဆုံးအကြိမ် အကြိုဗိုလ်လုပွဲကိုတက်ရောက်ဖို့ ကြိုးစားသွားမယ်လို့ ဆိုထားပါတယ်။

တစ်ဖက်မှာဘိုင်ယန်အနေနဲ့ချန်ပီယံလိဂ်မှာ သုံးနှစ်ဆက်တိုက် အကြိုဗိုလ်လုပွဲ တက်ရောက်ထားနိုင်ပြီး ခြေစွမ်းလည်းတည်ငြိမ်မှုရှိလို့ ပေါ်တိုဘယ်လောက်ပဲ ခြေစွမ်းထက်ထက် ဘိုင်ယန်ကို နောက်ကောက်ချခဲ့ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ပေါ်တိုအိမ်ကွင်းဆိုပေမယ့် ဘိုင်ယန်ကို အမြင့်ဆုံး သရေလောက်ပဲ ကစားနိုင်ပါလိမ့်မယ်။

ဧပြီ ၁၅ ရက်မှာ ယှဉ်ပြိုင်ကစားမယ့် နောက်ထပ် ချန်ပီယံလိဂ်ပွဲစဉ်တစ်ပွဲကတော့ ဘာစီလိုနာနဲ့ ပီအက်စ်ဂျီတို့ရဲ့ ထိပ်တိုက်တွေ့ဆုံမှုပါ။ ဒီနှစ်သင်းက အုပ်စုပွဲစဉ်တွေမှာ တွေ့ဆုံခဲ့သေးပြီး တစ်သင်းနဲ့တစ်သင်းအိမ်ကွင်းအားသာချက်တွေနဲ့ အနိုင်ယူနိုင်ခဲ့တာကို တွေ့ကြရမှာပါ။

ပီအက်စ်ဂျီအနေနဲ့ ချယ်လ်ဆီးကိုဖြတ်ချပြီး ကွာတားအဆင့်ကို တက်ရောက်လာနိုင်ခဲ့ပေမယ့် အခုပွဲမှာ အသင်းရဲ့ အဓိကတိုက်စစ်မှူး မိုဗစ်ချ်၊ ကွင်းလယ်ကစားသမား ဗာရတ်တီ၊ ဒေးဗစ်လုဇ်နဲ့ မော့တာတို့ ပါဝင်နိုင်ဖွယ်မရှိတဲ့အတွက် ကစားကွက်အခင်းအကျင်းအပြောင်းအလဲတစ်ရပ်နဲ့ ရင်ဆိုင်သွားဖို့ ရှိနေပါတယ်။

ယခုနှစ်မှာ ဘာစီလိုနာအနေနဲ့ ခြေစွမ်းကောင်းမွန်နေပြီး အဓိကတိုက်စစ်မှူးသုံးဦးလုံးက ပုံမှန်ဂိုးသွင်းခြေရှိနေတဲ့အတွက် မိုဗစ်ချ်မပါတဲ့ ပီအက်စ်ဂျီတိုက်စစ်က ဘာကာတိုက်စစ်ကိုယှဉ်ပြီး ဂိုးသွင်းနိုင်ဖို့မရှိပါဘူး။

၂၀၁၂-၂၀၁၃ ရာသီမှာ ဘာစီလိုနာနဲ့ ပီအက်စ်ဂျီတို့ တွေ့ဆုံခဲ့ကြသေးပြီး သမ္မာရှိတဲ့ ဘာကာကပဲ အောင်ပွဲခံနိုင်ခဲ့ပါတယ်။ပီအက်စ်ဂျီမှာပွဲပယ်၊ ဒဏ်ရာရ ကစားသမားတွေများနေပြီး ဘာစီလိုနာကလည်း အကောင်းဆုံးပုံစံမှာ ရှိနေလို့ ဘာစီလိုနာအနိုင်(သို့မဟုတ်) သရေရအောင် ကစားနိုင်မှာဖြစ်ပါတယ်။ သေချာတာကတော့ သွင်းဂိုးများမယ့် ပွဲစဉ်တစ်ပွဲဖြစ်လာမှာပါ။

မေလဲ့သင်း စုစည်းရေးသားသည်

ရီးယဲလ်က ကားဆီးလက်စ်အား ရောင်းချရန် ဆန္ဒမရှိ၍ ဒီဂီယာ မန်ယူတွင် ဆက်ရှိနေရန် ဆုံးဖြတ်

ရီးယဲလ်နည်းပြအန်စလော့တီက လာမည့် နွေရာသီအပြောင်းအရွှေ့ဈေးကွက်တွင် ကားဆီးလက်စ်အား ရောင်းထုတ်ရန် ဆန္ဒမရှိဟု ပြောကြားခဲ့ပြီးနောက် မန်ယူအနေဖြင့် ၎င်းတို့၏ ဂိုးသမားဒေးဗစ်ဂီဒီယာကို ဆက်လက်ထိန်းထားရန် အခြေအနေကောင်းတစ်ရပ်ကိုရရှိခဲ့သည်။

ဒီဂီယာအနေဖြင့် ရီးယဲလ်သို့ ပြောင်းရွှေ့လိုသော်လည်း ကားဆီးလက်စ် ရီးယဲလ်တွင် ဆက်ရှိနေပါက ပုံမှန်ကစားခွင့်တစ်နေရာရရှိရန် မလွယ်ကူသောကြောင့် ကာဆီးလက်စ်အားအခြားအသင်းတစ်သင်းသို့ ရောင်းချပြီးမှသာ ရီးယဲလ်သို့ ပြောင်းရွှေ့လိုသည်။

သို့သော် အန်စလော့တီက ရီးယဲလ်အနေဖြင့် ကားဆီးလက်စ်ကို ရောင်းချရန် ရည်ရွယ်ထားခြင်းမရှိဘဲ ဒီဂီယာကိုသာ ဂိုးသမားအင်အားတောင့်တင်းရန် ဝယ်ယူလိုနေခြင်းဖြစ်သည်။

အန်စလော့တီက 'ဒါကရှင်းပါတယ်။ အစ်ကာ (ကားဆီးလက်စ်)က အသင်းမှာပဲ ဆက်ရှိချင်သလို ကျွန်တော်တို့အားလုံးကလည်း သူ့ကို အလိုရှိပါတယ်။ သူက ပရော်ဖက်ရှင်နယ် ပီသလွန်းပြီး စိတ်ဓာတ်ခိုင်မာတဲ့ ကစားသမားဖြစ်တာကြောင့် ဘယ်သူ့အကာအကွယ်မှ သူမလိုအပ်ပါဘူး။ တခြားကစားသမားတွေနဲ့ ဂိုးသမားတွေက အခြေအနေချင်းမတူညီတာကြောင့် ဂိုးသမားတစ်ဦးဒဏ်ရာရမှ နောက်ဂိုးသမားက ကွင်းထဲမှာ ဝင်ရောက်ကစားခွင့်ရကြပါတယ်။ အခြားကစားသမားတွေက နေရာမရဘူးဆိုရင်တောင် ၁၅ မိနစ် ဒါမှမဟုတ် နာရီဝက်လောက်တော့ ဝင်ကစားခွင့်ရကြပါတယ်' ဟု ဆိုသည်။

ယင်းသို့ အန်စလော့တီ၏ ပြောကြားချက်သည် မန်ယူအတွက် သတင်းကောင်းတစ်ရပ်ဖြစ်ခဲ့သော်လည်း ကားဆီးလက်စ်ကို ခေါ်ယူရန် ကြိုးပမ်းနေသော အာဆင်နယ်နှင့် လီဗာပူးတို့အတွက် စိတ်ပျက်ဖွယ်ရာသတင်းဖြစ်ခဲ့သည်။

၁၃၂ ကေဗွီ ပင်းပက်-ကလော အမှတ်(၁)ဓာတ်အားလိုင်း တိုင်အမှတ်(၁၄၄)Z_2 Suspension တာဝါတိုင် တစ်တိုင် လေပြင်းတိုက်ခတ်၍ ပြိုလဲပျက်စီးမှုပြုပြင်ဆောင်ရွက်

နေပြည်တော် ဧပြီ ၁၄

ဧပြီ ၁၃ ရက် မွန်းလွဲ ၂ နာရီခန့်က ၁၃၂ ကေဗွီ ပင်းပက်-ကလော အမှတ်(၁)ဓာတ်အားလိုင်း ဖြတ်သန်းတည်ရှိရာ တောင်ကြီးမြို့နယ် တောင်ကြီးမြို့ မီးပုံးပျံကွင်းအနီးရှိ တိုင်အမှတ် (၁၄၄) Z_2 Suspension တာဝါတိုင်သည် မိုးသက်လေပြင်းတိုက်ခတ်၍ ပြိုလဲပျက်စီးခဲ့ကြောင်း သိရသည်။

တာဝါတိုင် ပြိုလဲပျက်စီးမှုကြောင့် နမ့်စန်ပင်မဓာတ်အားခွဲရုံမှ ဓာတ်အားပို့လွှတ်ထားရှိသည့် နမ့်စန်၊ ခိုလမ်း လွိုင်လင်နှင့် မိုးနဲမြို့နယ်များ ယာယီဓာတ်အားပြတ်တောက်ခဲ့ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဒုတိယအင်ဂျင်နီယာချုပ် ဦးအောင်ဇော်ဦးနှင့် နမ့်စန်မဟာဓာတ်အားလိုင်းမျူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးကျော်ဝေ ဦးစီးအင်အား ၃၅ ဦးဖြင့် ၁၃၂ ကေဗွီ ပင်းပက်-ကလော အမှတ်(၂)ဓာတ်အားလိုင်းမှ ဓာတ်အား ပြောင်းလဲပို့လွှတ်နိုင်ရေး အမြန်စီစဉ်ဆောင်ရွက်ခဲ့ရာ ညနေ ၃ နာရီခွဲခန့်တွင် နမ့်စန်၊ ခိုလမ်၊ လွိုင်လင်နှင့် မိုးနဲမြို့နယ်များသို့ ဓာတ်အားပြန်လည်ပို့လွှတ်နိုင်ခဲ့သည်။

ပြိုလဲပျက်စီးခဲ့သည့် တာဝါတိုင်အမှတ်(၁၄၄) Z_2 Suspension တိုင် အစားထိုးတည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်းများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ဓာတ်အားစနစ်ဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်ရဲမြင့်ဦးစီးပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

နတ်မောက်မြို့နယ် ပင်းမြို့ကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်

နတ်မောက် ဧပြီ ၁၄

နတ်မောက်မြို့နယ် ပင်းမြို့ကျေးရွာ၌ ဧပြီ ၁၃ ရက် ည ၇ နာရီ မိနစ် ၃၀ ခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခိုက်ခဲ့ရာ အထကခွဲ ပင်းမြို့ကျောင်းဝင်း အတွင်းရှိ (၁၀၀×၂၄)ပေ မူလတန်းကျောင်းဆောင် ပေ ၂၀ ငါးခန်းမှာ သွပ်အမိုးလန်ပြီး ခြောက်ပေသွပ်အချပ် ၉၀ စုစုပေါင်း အချပ် ၁၈၀ ခန့် ဒိုင်းမြားသစ်များပါတွဲလျက် လေလန်ပျက်စီးပြီး (၃×၃)ပင် ပတ်လည်ဝန်ထမ်းအိမ်ရာမှာ ဘောစကိုင်းပင်ပိမိ၍ပျက်စီးပြိုလဲခဲ့သည်။

ပင်းမြို့ကျေးရွာအတွင်းရှိ အိမ်ခြေ ၄၀ ခန့်မှာ သွပ်မိုးအနည်းငယ်သာပျက်စီးပြီး ဦးစိုးသန်း၏ (၃×၃)ပင်ပတ်လည် မီးဖိုဆောင်၊ ဒေါ်သန်းမှီ၏ (၃×၃)ပင်ပတ်လည် ထန်းရွက်မိုးအိမ်၊ ဒေါ်စောနု၏ သွပ်မိုးအိမ်တို့မှာ လွင့်ပါးပျက်စီးခဲ့ပြီး ပုဗ္ဗာရုံ (ဗောဓိညောင်ပင်) ကျောင်းဝင်း အတွင်းရှိ မဟာဗောဓိ ရွှေညောင်ပင် အရှေ့မြောက်ကိုင်း

လုံးပတ်သုံးပေ၊ အရှည် ၂၅ပေခန့် ကျိုးကျခဲ့သဖြင့် ဉာဏ်တော်အမြင့် ၁၅ ပေရှိ စေတီမှာထီးတော်ပျက်ကျခဲ့ပြီး စေတီငယ်နှစ်ဆူမှာလည်း ထီးတော်ပျက်စီးခဲ့သည်။ ဘုန်းတော်ကြီး ကျောင်းဓမ္မာရုံ စောင်းတန်း ၁၅ ပေ နှစ်ခန်း သွပ်အမိုးများလွင့်ပါပျက်စီးခဲ့သည်။ အလားတူ ပ-လက်ခုပ်ပင် ကျေးရွာအုပ်စု စရံအိုင့်ကျေးရွာ ဦးအောင်ငြိမ်း၏ (၄×၃)ပင် နေအိမ်တွင် သိပ်အမိုးနှင့်ဒိုင်းမြားတန်းများတွဲလျက် လွင့်ပါပျက်စီးခဲ့သည်။

ဧပြီ ၁၄ ရက် နံနက် ၇ နာရီတွင် မြို့နယ် အထောက်အကူပြုအဖွဲ့ စည်ပင် အမှုဆောင်အရာရှိနှင့် ကျေး/ဖွဲ့ဦးစီးမှူးတို့က အဆိုပါပျက်စီးမှုများကို လိုက်လံစစ်ဆေးပြီး ကူညီပံ့ပိုးမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လှဝင်း

၁၃-၄-၂၀၁၅(မဟာသင်္ကြန်အကြိုနေ့)တွင် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များ၌ သင်္ကြန်နှင့်ပတ်သက်သည့် မှုခင်းများဖြစ်ပွားမှုအခြေအနေ

နေပြည်တော် ဧပြီ ၁၄

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	အမှုအမျိုးအစား	အမှုအရေအတွက်	သေဆုံး	ဒဏ်ရာရ	မှတ်ချက်
၁	နေပြည်တော်	လက်နက်ကိုင်ဆောင်မှု	၁	-	-	
၂	ရန်ကုန်တိုင်းဒေသကြီး	ယာဉ်မတော်တဆမှု	၂	-	၁၄	
	။	ခါးပိုက်နှိုက်/ခိုးမှု	၃	-	-	
၃	မန္တလေးတိုင်းဒေသကြီး	ခိုက်ရန်ဖြစ်ပွားမှု	၁	-	၂	
	စုစုပေါင်း		၇	-	၁၆	

(ရဲပြန်ကြား)

ရန်ကုန်မြို့၌ သင်္ကြန်အကြိုနေ့နှင့် အကျနေ့တို့တွင် လိုက်ထရပ်ယာဉ်လေးစင်း တိမ်းမှောက်၊ ၂၆ ဦး ဒဏ်ရာရ

ရန်ကုန် ဧပြီ ၁၄

မဟာသင်္ကြန်အကြိုနေ့နှင့် အကျနေ့တို့တွင် ရန်ကုန်မြို့၌ ရေပက်ခံထွက်သည့် မော်တော်ယာဉ်များအနက် လိုက်ထရပ်ယာဉ်များ တိမ်းမှောက်မှုဖြစ်ပွားခဲ့သဖြင့် ဧပြီ ၁၃ ရက်က ၁၄ ဦး၊ ဧပြီ ၁၄ ရက်က ၁၂ ဦး ဒဏ်ရာများ ရရှိခဲ့သည်။

သို့ဖြစ်၍ ကျန်ရှိသည့် သင်္ကြန်နှစ်ရက်တာကာလအတွင်း ရန်ကုန်မြို့ အပါအဝင် နိုင်ငံတစ်ဝန်း၌ ယာဉ်များကို သတိပြုမောင်းနှင်ကြရန် ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)က သတင်းများ ထုတ်ပြန်အသိပေးထားသည်။

ဖြစ်စဉ်များမှာ ဧပြီ ၁၃ ရက် နံနက် ၁၁ နာရီခန့်က ရေပက်ခံထွက်သော အိမ်စီးလိုက်ထရပ်အဖြူရောင်ယာဉ်တစ်စီးသည် လူ ၂၀ ခန့် တင်ဆောင်မောင်းနှင်လာစဉ် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ရွှေဂုံတိုင်တံတားပေါ်တွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သည်။ ယင်းတိမ်းမှောက်မှုဖြစ်စဉ်တွင် ယာဉ်ပေါ်ပါရှိသည့် အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး သုံးဦးတို့ ဒဏ်ရာအသီးသီးရရှိခဲ့ကြသည်။

အလားတူ ရေပက်ခံထွက်လာသော အိမ်စီးလိုက်ထရပ် အဖြူရောင်ယာဉ်တစ်စီးသည် ပြည်လမ်းမကြီး ၉ မိုင်ခွဲအရောက် အရှိန်လွန်ကာ တိမ်းမှောက်သဖြင့် ယာဉ်ပေါ်ပါသူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီး သုံးဦးတို့ ဒဏ်ရာများရရှိခဲ့ကြသည်။

ဧပြီ ၁၄ ရက် နံနက် ၁၀ နာရီခွဲခန့်က ရေပက်ခံထွက်လာသော အိမ်စီးလိုက်ထရပ်အဖြူရောင်ယာဉ်တစ်စီးသည် ဝေဇယန္တာလမ်း သုဝဏ္ဏမိုးလုံလေလုံအားကစားရုံရှေ့အရောက် အရှိန်လွန်ကာ တိမ်းမှောက်ပြီး ယာဉ်ပေါ်ပါရှိသူ အမျိုးသား လေးဦး၊ အမျိုးသမီး တစ်ဦး ဒဏ်ရာများ ရရှိခဲ့ကြသည်။

ထို့အတူ နံနက် ၁၁ နာရီခန့်က ရေပက်ခံထွက်လာသော အငှားယာဉ်ကင်တာကား အဖြူရောင်ယာဉ်တစ်စီးသည် ပြည်လမ်းနှင့် အလုံလမ်းဆုံအရောက် အရှိန်လွန်ကာ တိမ်းမှောက်ပြီး ယာဉ်ပေါ်ပါသူ အမျိုးသား လေးဦး၊ အမျိုးသမီး သုံးဦးတို့ ဒဏ်ရာများရရှိခဲ့ကြသည်။

ရေပက်ခံထွက်မည့် ယာဉ်မောင်းများအနေဖြင့် အရက်သေစာသောက်စားပြီး မောင်းနှင်ခြင်း မပြုရန်၊ မိမိယာဉ် ကြံ့ခိုင်မှု ကောင်းမွန်ခြင်း ရှိ၊ မရှိစစ်ဆေးရန်၊ မိမိယာဉ် တင်ဆောင်နိုင်သော ဝန်အားထက် ပိုမိုတင်ဆောင်ခြင်းမပြုရန်၊ အရှိန်ပြင်းစွာ မောင်းနှင်ခြင်းမပြုရန်နှင့် သတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ လိုက်နာမောင်းနှင်ကြရန် ရန်ကုန်တိုင်းဒေသကြီး အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ (ရန်ကုန်)က ထပ်မံသတိပေးနှိုးဆော်ထားသည်။

(သတင်းစဉ်)

တမူးမြို့၌ ကံကြီးဝ ဘေလီကြိုးဆိုင်းတံတား ကျိုးကျပျက်စီး

တမူး ဧပြီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ တမူး ဘေလီကားလမ်းမိုင်တိုင် အမှတ် (၀/၄)နှင့် (၀/၅)ကြားရှိ ကံကြီးဝ ဘေလီကြိုးဆိုင်းတံတား အမှတ်(၃/၁)သည် ဧပြီ ၁၃ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ကျိုးကျပျက်စီးမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မွန်းလွဲ ၁ နာရီခန့်တွင် မြို့သစ်မြို့နယ်ဘက်မှ တမူးမြို့ဘက်သို့ ယာဉ်မောင်း မြင့်ဦး (၃၃)နှစ် မောင်းနှင်ပြီး ယာဉ်ပေါ်တွင် ဦးမောင်၊ ဦးညိုထွန်း၊ ဦးပေါက်တို့ လိုက်ပါလာကာ စပါးအိတ် ၄၀၀ (၈၀၀ တင်း) (စပါးတင်း ၁၀၀ လျှင် နှစ်တန်နှုန်းဖြင့် ၁၆ တန်) တင်ဆောင်လာသည့် ယာဉ်အမှတ်၊ ၈/က--- ဖူဆို ခေါင်းတို ခြောက်ဘီး အပြာရောင်ယာဉ်မှာ တံတားခံနိုင်ဝန် (၁၃)တန်ရှိသည့် အရှည်ပေ ၂၀၀ အကျယ် ၁၂ ပေရှိ ဘေလီကြိုးတံတားအား ဖြတ်သန်းမောင်းနှင်စဉ် တံတားအလယ်မှ သံဘောင်ပျဉ်ခင်းအရှည်ပေ ၁၀၀ ခန့် ကြိုးကျပျက်စီးခဲ့ပြီး ဖူဆိုခေါင်းတို ခြောက်ဘီး အပြာရောင်ယာဉ်မှာ တံတားပေါ်မှ ပြုတ်ကျ၍ ယာဉ်မောင်း မြင့်ဦးတွင် ဝဲဘက်နှာဖူး ပေါက်ပြဲသွေးထွက်ဒဏ်ရာ၊ ဝဲလက်ကျိုး ဒဏ်ရာရရှိပြီး ယာဉ်ပေါ်ပါ ကိုပေါက်မှာ နှုတ်ခမ်းစုတ်ပြဲ သွေးထွက်ဒဏ်ရာ၊ မျက်လုံးဖူးရောင် ဒဏ်ရာ၊ နှာခေါင်းသွေးယိုစီး ဝဲမျက်လုံးနာကျင်ဒဏ်ရာ၊ ဦးညိုထွန်းတွင် ဝဲဘက်နံရိုးဒဏ်ရာရရှိသဖြင့် ဒုရဲအုပ်နေမင်းစိုးက ယာဉ်(ပ) ၇/၂၀၁၅၊ ပြစ်မှုပုဒ်မ (၂၇၉/၃၃၇/၃၃၈)အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

လည်ပင်းတွင်ပတ်ထားသည့်စောင်စ သုံးဘီးဆိုင်ကယ်ဂွျိုင်းကြား၌ ညပ်ရာက လည်ပင်းအစ်၍ သေဆုံး

နေပြည်တော် ဧပြီ ၁၄

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် အုန်းတောချောင်းအနီးတွင် ဧပြီ ၁၀ ရက် နံနက်က သုံးဘီးဆိုင်ကယ်ပေါ်မှ လူတစ်ဦး ပြုတ်ကျသေဆုံးကြောင်း သတင်းအရ ပေါက်မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ သေဆုံးသူမှာ မြိုင်မြို့နယ် လက်ခုပ်ပင်ကျေးရွာနေ သုံးဘီးဆိုင်ကယ်မောင်းနှင်သူ ချမ်းမြေ့အောင်(၂၅)နှစ်ဖြစ်ပြီး ၎င်းသည် ၇ဟ/--- LONCIM နံ့သာရောင် သုံးဘီးဆိုင်ကယ်ဖြင့် ခရီးသည် ခုနစ်ဦးကို တင်ဆောင်ကာ လက်ခုပ်ပင်ရွာမှ ပေါက်မြို့သို့ ပေါက်-ပခုက္ကူ ကားလမ်းအတိုင်း မောင်းနှင်လာစဉ် မိုင်တိုင်အမှတ်(၄၉/၆-၇)ကြား အုန်းတောချောင်းအနောက်ဘက် အတက်လမ်းအရောက် ၎င်း၏လည်ပင်းတွင် ပတ်ထားသည့်စောင်စမှာ ဆိုင်ကယ်ဂွျိုင်းကြားတွင်ညပ်သွားရာက လည်ပင်းအစ်၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ရဲပြန်ကြား)

မိတ္ထီလာ၌သင်္ကြန်ယိမ်းအကပြိုင်ပွဲသုံးနှစ်အတွင်း ပြုလုပ်နိုင်ခြင်းမရှိ

မိတ္ထီလာ မေ ၁၄

မိတ္ထီလာတွင် ၂၀၁၃ ခုနှစ်က စတင်ပြီး မြို့နယ်အဆင့် သင်္ကြန်ယိမ်းအကပြိုင်ပွဲများ ကျင်းပပြုလုပ်ခြင်းမရှိတော့ဘဲ ယခု၂၀၁၅ ခုနှစ် မဟာသင်္ကြန်ပွဲတော်မှာလည်း ပြုလုပ်နိုင်ခြင်း မရှိကြောင်းသိရသည်။

“၂၀၁၂ ခုနှစ်နောက်ပိုင်း မိတ္ထီလာမဟာသင်္ကြန်ပွဲတော်မှာ မြို့နယ်အဆင့် သင်္ကြန်ယိမ်းအကပြိုင်ပွဲတွေ မပြုလုပ်တော့ဘူး။ ၂၀၁၃ ခုနှစ်က ပဋိပက္ခဖြစ်စဉ်နဲ့မို့ သင်္ကြန်ပွဲတော်ကို စည်စည်ကားကား မကျင်းပနိုင်ခဲ့သလို ဗဟိုရေကစားမဏ္ဍပ်လည်း မဆောက်လုပ်ဘူး။ ၂၀၁၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်မှာ မိတ္ထီလာမှာ သင်္ကြန်ပွဲတော်ကို စည်စည်ကားကား ကျင်းပပြုလုပ်ခဲ့ပြီး ဗဟိုရေကစားမဏ္ဍပ်လည်း ဆောက်လုပ်တယ်။

“ယိမ်းအကပြိုင်ပွဲတွေ မပြုလုပ်နိုင်ခဲ့ဘူး။ ပုံမှန်ဆို ဗဟိုရေကစားဆုပေး မဏ္ဍပ် ဆောက်လုပ်တဲ့ နှစ်စဉ်နှစ်တိုင်း သင်္ကြန်ယိမ်းအကပြိုင်ပွဲတွေ ပြုလုပ်ခဲ့ပေမယ့် ၂၀၁၄ ခုနှစ်က ပြိုင်ပွဲမကျင်းပခဲ့ဘူး။ အခုဒီနှစ် မဟာသင်္ကြန်ပွဲတော်မှာ ဗဟိုရေကစားမဏ္ဍပ်လည်း မဆောက်လုပ်ဘူး။ ယိမ်းအကပြိုင်ပွဲလည်းပြုလုပ်မှာမဟုတ်ဘူးလို့သိရတယ်။ နောင်ဆို မိတ္ထီလာသင်္ကြန်ပွဲတော်မှာ ယိမ်းအကနဲ့ ကပြဖျော်ဖြေတာမျိုးတွေ ပျောက်ကွယ်သွားနိုင်တယ် ”ဟု မိတ္ထီလာ ဒေသခံတစ်ဦးက ပြောသည်။

မိတ္ထီလာမဟာသင်္ကြန်ပွဲတော် ကျရောက်သည့်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာဖြင့် ဒေသခံများ ပျော်ရွှင်စွာရေကစားခြင်း၊ ရေပက်ခံထွက်ခြင်းများ ပြုလုပ်သော်လည်း ကြီးမားသည့် ပြဿနာတစ်စုံတစ်ရာ ဖြစ်ပွားခြင်းမျိုးမရှိဘဲ မတော်တဆ ဆိုင်ကယ်ထိခိုက်မိခြင်း၊ လူငယ်သဘာဝ စကားများခြင်းမျိုးခန့်သာ ဖြစ်လေ့ရှိသည်။

၁၉၈၀ ခုနှစ်ပတ်ဝန်းကျင်ခန့်က မိတ္ထီလာ မဟာသင်္ကြန်ပွဲတော်သည် ယိမ်းအကပြိုင်ပွဲများ၊ သင်္ကြန်အလှပြယာဉ်များဖြင့် လှည့်လည်ဖျော်ဖြေခြင်းများပင်ရှိခဲ့ပြီး နိုင်ငံကျော်ရုပ်ရှင်မင်းသား၊ မင်းသမီးများဖြစ်သည့် မေသန်းနု၊ ရန်အောင် စသည့် အနုပညာသရုပ်ဆောင်များပင် လာရောက်၍ မိတ္ထီလာ မဟာသင်္ကြန်ပွဲတော်တွင် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

HIV ဝေဒနာရှင်အမျိုးသမီးများအား ထောက်ပံ့

မလှိုင် မေ ၁၄

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်မြို့ရှိ မြန်မာနိုင်ငံ၌ HIV ပိုးဖြင့် အသက်ရှင်နေထိုင်နေသော အမျိုးသမီးများကွန်ယက်စတာည အဖွဲ့မှ ဒေါ်စန္ဒာဝင်း(ဥက္ကဋ္ဌ) ဦးဆောင်ပါဝင်သောအဖွဲ့သည် ၂၃ ဝေဒနာရှင်များအား တစ်ဦးလျှင် ကျပ် ၃၀၀၀စီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ ဝေဒနာရှင်အမျိုးသမီးများအားတွေ့ဆုံ၍ မေ ၁၁ ရက် နံနက် ၉ နာရီတွင် မလှိုင်မြို့ အမှတ် ၆ ရက်ကွက်ရှိ ရွှေလိုင်မေတ္တာလူမှုရေးအဖွဲ့ရှိ ရုံးခန်းမဆောင်၌ပေးအပ်ခဲ့ကြောင်း သိရသည်။

မလှိုင်မြို့နယ်ရှိ ယင်းအမျိုးသမီးများအား Mpwn အဖွဲ့ငယ်ဖွဲ့စည်းပေးကာ မလှိုင်မြို့ရှိ ရွှေလိုင်မေတ္တာလူမှုရေးအဖွဲ့မှ တတ်ရောက်လာကြသည့် HIV ပိုးဖြင့် အသက်ရှင်နေထိုင်နေသော အမျိုးသမီးများကို ဆန်၊ ဆီ၊ ကြက်ဥ စသည်များပေးအပ်ခဲ့ကြောင်းသိရသည်။ **ကျော်ကျော်(မလှိုင်)**

သင်္ကြန်ရက်အတွင်း ဆံပင်ကို ဆေးရောင်စုံဆိုး၍ပုံစံအမျိုးမျိုးဖော်မှုများ ပြုလုပ်လာကြ

မိတ္ထီလာ မေ ၁၄

မဟာသင်္ကြန်တွင် ပါဝင်ဆင်နွှဲရန် ယခုအချိန်တွင် လူကြီးလူငယ်မရွေး စိတ်ကူးပြင်ဆင်လျက်ရှိရာ လူငယ်များအကြားဆံပင်အား ရောင်စုံဆေးများဆိုး၍ ပုံစံအမျိုးမျိုးပုံဖော်မှုမှာ တစ်နှစ်ထက်တစ်နှစ် ပြုလုပ်လာကြပြီး ယခုနှစ်တွင် ပိုမို လုပ်ဆောင်လာကြကြောင်း ဆံပင်ပုံဖော်ပေးသည့် ဆံပင်ညှပ်ဆိုင်များမှ သိရသည်။

ယခုနှစ်တွင် ယခင်နှစ်များအတိုင်း ပြုလုပ်လျက်ရှိသည့် ဆံပင်ပုံဖော်မှုအမျိုးမျိုးမှာ လူငယ်များအကြားတွင် ဖက်ရှင်တစ်ခုအနေဖြင့် ပြုလုပ်လာကြောင်း မိတ္ထီလာဒေသခံ ဆံပင်ညှပ်(ဆံသ)ဆရာတစ်ဦးက ပြောသည်။

“အရင် နှစ်တွေတုန်းကလည်း သင်္ကြန်ဆိုရင် လူငယ်အမျိုးသားအများစုက သူတို့ဆံပင်ကို ရောင်စုံဆေးဆိုးပြီး ပုံစံအမျိုးမျိုးဖော်ပြီးတော့ အလှဖက်ရှင်တစ်ခုလို ပြုလုပ်ကြတယ်။ ဒီနှစ်လည်း ကျွန်တော့်ဆံသဆိုင်မှာ လူငယ်အမျိုးသား အများစုလာပြီးတော့ ဆံပင်ကို ရောင်စုံဆေးဆိုးဖို့လာကြပါတယ်။

“တစ်ချို့က ရှိရင်းဆံပင်ပုံစံကိုပဲ ဆေးရောင်စုံဆိုးတယ်။ တစ်ချို့က ဆံပင်ပုံကို ဘေးနှစ်ဘက်နဲ့ အနောက်ဘက်မှ အပြောင်ညှပ်ပြီး အလယ်ကြောင်းတစ်ကြောင်းတည်း ချန်ညှပ်ပြီးတော့ ဆေးရောင်စုံဆိုးတယ်။ ဆေးရောင်ကိုတော့ သူတို့ကြိုက်တဲ့အရောင် ဆိုးပေးပါတယ်။ ဆိုးဆေးကလည်း အညံ့စား၊ အလတ်စား၊ အကောင်းစား သုံးမျိုးလောက်ရှိတယ်”ဟု ၎င်းက ပြောသည်။

အဆိုပါ ဆံပင်ဆိုးဆေး အရည်အသွေးပေါ်မူတည်ပြီး ကျပ် ၅၀၀ မှ ကျပ် ၃၀၀၀ အထိ ကျသင့်မှုများရှိပြီး တစ်ချို့မှာ ၎င်းတို့၏ ကြိုက်နှစ်သက်သည့် ဆေးဗူးများအား ယူဆောင်လာပြီး ဆိုင်များမှ ပုံဖော်ဆိုးပေးမှုဖြင့် ဝန်ဆောင်မှု ပေးမှုများလည်းရှိကြောင်း သိရသည်။

“အဲဒါမျိုးဆိုရင်တော့ ဝန်ဆောင်မှုပေးရတဲ့အပေါ် မူတည်ပြီးတော့ ကျပ် ၅၀၀၊ ကျပ် ၁၀၀၀ လောက်ပဲ ယူပါတယ်”ဟု မိတ္ထီလာဒေသခံ ဆံသဆရာတစ်ဦးက ပြောသည်။

ထိုကဲ့သို့ ဆံပင်အား ရောင်စုံဆိုးဆေးများဆိုးခြင်းကြောင့် ဘေးထွက်ဆိုးကျိုးတစ်ချို့လည်း ရှိနိုင်သဖြင့် လူငယ်များအနေဖြင့် ဆံပင်အားဆေးဆိုးရာတွင် ဆင်ခြင် ပြုလုပ်သင့်ကြောင်း အရေပြားအထူးဆရာဝန်တစ်ဦးက ပြောသည်။

“ဆံပင်ဆိုးဆေးတွေက တန်ဖိုးနည်းတာ၊ တန်ဖိုးများတာပေါ် မူတည်ပြီးတော့ ဘေးထွက်ဆိုးကျိုးတွေလည်း ကွဲပြားသွားတတ်တယ်။ ဆိုးဆေးတန်ဖိုး အနည်းအများပေါ်တွင် မဟုတ်ဘူး တစ်ချို့လူတွေကျတော့ မတည့်တဲ့ ဆိုးဆေးမျိုးတွေရှိတယ်။ အဲဒီလို ဓာတ်မတည့်တဲ့ဆိုးဆေးကို ဆံပင်မှာဆိုးမိရင် ချက်ချင်းဆိုသလို ဦးခေါင်းအရေပြား၊ နားနဲ့ လည်ပင်းတစ်ဝိုက်မှာ ယားယံခြင်းမျိုး၊ အဖုအပိန့်ထတာမျိုးတွေ ကြုံရတတ်တယ်။ အဲဒါမျိုးကြုံရင် နားလည်တတ်ကျွမ်းတဲ့ ဆရာဝန်ကို ချက်ချင်း သွားရောက်ပြသသင့်တယ်။ တင်္ဂဒအပျော်အတွက် တန်ဖိုးရှိတဲ့ လူ့ခန္ဓာကိုယ် အစိတ်အပိုင်းတွေ အန္တရာယ်ဖြစ်စေနိုင်တဲ့အတွက် ဆံပင်ဆိုးဆေးတွေ လုံးဝ မဆိုးရင်တော့ အကောင်းဆုံးပေါ့” ဟု ယင်းဆရာဝန်က ပြောသည်။

ဆံပင်ဆိုးဆေးများ ဆိုးခြင်းကြောင့် ဘေးထွက်ဆိုးကျိုးများရှိကြောင်းသိသော်လည်း လူငယ်သဘာဝ သူတစ်ပါးပြုလုပ်သည့် အမူအကျင့်များကို လွယ်လင့်တကူ အတုခိုး လိုက်လံပြုမူတတ်ခြင်း၊ စူးစမ်းစမ်းသပ်ကြည့်လိုသည့် စိတ်ထားများ ရှိခြင်းနှင့် တစ်ချို့က အလှအပကို ခုံမင်သောကြောင့် မဟာသင်္ကြန်ကာလတွင် ဆံပင်ဆိုးဆေးဆိုးခြင်းကို အလှဖက်ရှင်တစ်ခုအသွင် ပြုလုပ်ကြသည်။

“ဘာရယ်တော့ မဟုတ်ဘူး။ သူငယ်ချင်းတွေကလည်း ဆံပင်ဆိုးဆေးဆိုးကြတော့ လိုက်ပြီးဆိုးကြည့်တာ။ သင်္ကြန်ပြီးရင်တော့ ဆံပင်ကို ကတုံးတုံးပစ်မှာပါ။ အလိုအလျောက် ပြန်ပြီးတော့ ဆေးပျက်တဲ့ ဆိုးဆေးမျိုးတော့ရှိတယ်။ အဲဒါက ရိုးရိုးဆေးတွေထက် ဈေးပိုကြီးတော့ မဆိုးဘူး။ ဒီတစ်နှစ်ဆိုးကြည့်တာပါ။ နောက်နှစ်တော့ မဆိုးတော့ပါ”ဟု အောင်ဇေယျာရပ်ကွက်မှ လူငယ်တစ်ဦးက ပြောသည်။ **ချမ်းသာ(မိတ္ထီလာ)**

ကသာမြို့၌ကိုယ့်အားကိုယ်ကိုးတံတားများဖွင့်လှစ်

ကသာ မေ ၁၄

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသာအေးသည် ကသာမြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ကပ္ပလိပ်တံတားဖွင့်ပွဲ၊ ပေကုန်းတံတားဖွင့်ပွဲ၊ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးဖွင့်ပွဲအခမ်းအနား များကို မေ ၁၂ ရက်တွင်အသီးသီး ဖွင့်လှစ်ခဲ့သည်။

ကသာ-ဗန်းမော်လမ်းဘေးရှိ ကပ္ပလိပ်ကျေးရွာနှင့် ပေကုန်းကျေးရွာတွင်ရှိသော တံတားနှစ်စင်းမှာ ၂၀၁၄ ခုနှစ်၊ မိုးတွင်းကာလ၌ ရေတိုက်စား၍ ပျက်စီးဆုံးရှုံးခဲ့ပြီး ၂၀၁၅ခုနှစ် မေပြီတွင် အပြီးဖွင့်လှစ်နိုင်ပြီဖြစ်သည်။

ကပ္ပလိပ်တံတားမှာ အလျား၁၁၀ပေ၊ အနံ ၁၅ ပေ၊ စုစုပေါင်းကုန်ကျစရိတ်မှာ ၁၁၁ ဒသမ ၆ သန်းနှင့် ပေကုန်းတံတားမှာ အလျားပေ ၈၀၊ အနံ ၁၅ ပေ စုစုပေါင်းကုန်ကျစရိတ် ၁၁၆ ဒသမ ၁၈ သန်းခန့်ကုန်ကျခဲ့ကြောင်းကို တံတားတည်ဆောက်ရေးအထူးအဖွဲ့ အင်ဂျင်နီယာမှူးကြီး ဦးစိုးမင်းက တံတားဆိုင်ရာ အချက်အလက်များအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးသာအေးသည် တံတားအားစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ပြီးနောက် တံတားဖွင့်ပွဲ အထိမ်းအမှတ်အလံများကို သက်ဆိုင်ရာ တာဝန်ရှိသူများသို့ပေးအပ်ခြင်း၊ ဘင်ခရာအဖွဲ့နှင့် အိုးစည်ဒိုးပတ်အဖွဲ့များအား လက်ဆောင်ပစ္စည်းများချီးမြှင့်ခြင်း၊ တံတားအား ကြည့်ရှုစစ်ဆေးခြင်းများ ပြုလုပ်ခဲ့သည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေးသည် ကသာခရိုင်၊ ကသာမြို့ မြို့တော်ခန်းမတည်ဆောက်နေမှုနှင့်ပြီးစီးမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီးနောက် ကသာမြို့နယ် လမ်းခွအုပ်စု၊ နတ်ရေတွင်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲသို့ တက်ရောက် ဖွင့်လှစ်ပေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကျင်းပ

မြင်းခြံ မေ ၁၄

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကျောက်ရံကျေးရွာတွင် မေ ၁၁ ရက် နံနက် ၉ နာရီက ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

ကျောက်ရံကျေးရွာ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းပွဲအခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးဦးမြင့်သင်းအောင်၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးကြည်မြင့်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင် ဦးလှမြင့်တင်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့မှ ထရန်စဖော်မာခွဲရုံရှေ့တွင်ဖွင့်လှစ် ပေးခဲ့သည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးဦးမြင့်သင်းအောင်က လျှပ်စစ်မီးကိုသုံးစွဲပြီး တစ်ပိုင်တစ်နိုင် စက်မှုလုပ်ငန်းများလုပ်ကိုင်ကြရန်၊ လျှပ်စစ်မီးရရှိခြင်းကြောင့် လူနေမှုအဆင့်အတန်းမြင့်မားလာမည်ဖြစ်ကြောင်း လျှပ်စစ်မီးကို ဂရုတစိုက်သုံးစွဲကြရန်တို့ကို အမှာစကားအဖြစ်ပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးကြည်မြင့်ကလည်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းကြီးကြပ်မှုဖြင့် ကျေးလက်ဒေသလျှပ်စစ်ဝန်ဆောင်မှုသင်တန်းများတွင် ကျောက်ရံကျေးရွာမှလည်း တက်ရောက်ခဲ့ကြောင်း၊ လျှပ်စစ်အန္တရာယ် ၇၀ ရာခိုင်နှုန်းမှာ အိမ်တွင်းလျှပ်စစ်မှ ဖြစ်သည့်အတွက် အထူးဂရုစိုက် သုံးစွဲစေလိုကြောင်း ပြောကြားခဲ့သည်။

လျှပ်စစ်ဝန်ထမ်းများမှလျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအသိပညာပေးကြေငြာချက်လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

-ကျန်းမာရေးဆောင်းပါး-

ကိုယ်ဝန်ဆောင်စဉ် ငါးစားခြင်းက စိုးရိမ်စိတ်ကိုလျှော့ချနိုင်

à ပေါက်ပေါက်

Bistol တက္ကသိုလ်(အင်္ဂလန်)နှင့် Federal တက္ကသိုလ်(ဘရာဇီးလ်)တို့ရဲ့ သုတေသီတစ်ဦးဖြစ်သူ Rio de Janeiro ၏ နောက်ဆုံး သုတေသနပြုချက်များအရ ကိုယ်ဝန်ဆောင်စဉ် ငါးမကြာခဏစားသူသည် ငါးလုံးဝမစားသူထက် စိတ်ပိုင်းဆိုင်ရာ စိုးရိမ် ပူပန်ကြောင့်ကြမှုကို လျော့ပါးစေနိုင်ကြောင်း လေ့လာတွေ့ရှိခဲ့ပါတယ်။ ထိုသုတေသီ Rio de Janeiro က ကိုယ်ဝန်ဆောင် အမျိုးသမီး ၉၅၃၀ ကို ရက်သတ္တပတ် ၃၂ ပတ်ကာလအတွင်း တစ်ဦးချင်းစီရဲ့ စားသောက်ပုံစာရင်းဇယားကို စာရွက်စာတမ်းမှတ်တမ်းများဖြင့် စနစ်တကျသုတေသနပြုပြီးနောက် ငါးလုံးဝမစားခဲ့သူ မိခင်လောင်းများမှာ စိတ်ပိုင်းဆိုင်ရာဖိစီးမှုပြဿနာ ၅၃ ရာခိုင်နှုန်းထိရှိလာကြောင်း၊ ကိုယ်ဝန်ဆောင်စဉ် အသားနဲ့ငါး လုံးဝမစားဘဲ ဟင်းသီးဟင်းရွက်တစ်မျိုးတည်းသာစားခြင်းကလည်း စိတ်ပိုင်းဆိုင်ရာဖိစီးမှုပြဿနာ ၂၅ ရာခိုင်နှုန်းထိရှိစေကြောင်း PLOSONE (ခေါ်)ဆေးဂျာနယ် တစ်စောင်မှာ ဖော်ပြထားပါတယ်။ ဒါတင်မကသေးပါဘူး။ ကိုယ်ဝန်ဆောင်မိခင်ရဲ့ စိုးရိမ်ကြောင့်ကျစိတ်ဟာ ရင်သွေးငယ်ကို စိတ်ဖိစီးမှုဖြစ်စေကာ ဉာဏ်ရည်ဖွံ့ဖြိုးမှု နှေးကွေးစေပါတယ်တဲ့။

အလားတူပင် အမေရိကန်ပြည်ထောင်စုမှာလည်း မိခင်လောင်း ၁၅၀၀ ကို နှစ်ပေါင်း ၃၀ ကြာလေ့လာမှု မှတ်တမ်းများအရ နံက်စာ၊နေ့ လည်၊ညစာ သီတင်းရက်သတ္တပတ်ကာလအတွင်း ငါးဟင်းလျာ ၁၂ ကြိမ်မျှ စားသုံးခဲ့သော ကိုယ်ဝန်ဆောင်အမျိုးသမီးများမှာ ရင်သွေးအပေါ် မာကျူရီ(ခေါ်)ပြဒါးအဆိပ်သင့်မှု တစ်စုံတစ်ရာမဖြစ်ပေါ်နိုင်တဲ့အပြင်၊ ကိုယ်အလေးချိန်ကျစေတာကြောင့်လည်း မိခင်များအတွက် သားဖွားပြီးနောက် ကိုယ်အလေးချိန်တိုးပွားခြင်းအတွက် များစွာအထောက်အကူဖြစ်စေနိုင်တယ်လို့ အမေရိကန် ရိုချက်စတာတက္ကသိုလ် ပြည်သူ့ကျန်းမာရေးသိပ္ပံဌာနမှ ပါမောက္ခတစ်ဦးဖြစ်သူ ပီအိပ်ချ်ဒီဘွဲ့ရ အက်ဒွင်ဗန်ဆိုသူက အကြံပြုထားပါတယ်။

ထိုအဆိုကို ကမ္ဘာ့အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေး(ခေါ်) FDA မှ ထောက်ခံထားပြီး၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများအတွက် အောက်ပါအတိုင်း ထပ်လောင်းအကြံ ပြုထားပါတယ်။

(၁) မာကျူရီပမာဏ ပါဝင်များပြားသော ငါးကွမ်းရှပ် နှင့် ပင်လယ်ငါးကြီးများ (လုံးဝ) မစားပါနှင့်။ ပင်လယ်စာများဖြစ်ကြသော ဓားရှည်နှုတ်သီးငါး၊ ငါးမန်းနှင့် မက္ကရာယ်ငါးကြီးမျိုးတို့ကိုလည်း မစားသင့်ပေ။

(၂) မာကျူရီပါဝင်မှုနည်းတဲ့ အကြေးခွံပါသော ရေချိုငါးတို့ကို များများစားပေးပါ။

(၃) ပုစွန်ထဲမှာ မာကျူရီပါဝင်မှုနည်းလို့ စားပေးသင့်ပါတယ်။

(၄) မာကျူရီပါဝင်မှုနည်းသော ပင်လယ်စာများဖြစ်ကြတဲ့ ခုံး(ဂုံး)ကောင်၊ ကရုကမာကောင်၊ ယောက်သွား၊ တူနာငါး နှင့် ဆယ်လ်မွန်ငါးတို့ စားပေးပါ။

(၅) ငါးဒန်က သွေးတက်စေလို့ မစားသင့်ပေ။

(၆) ဂက်စ်ပါသော ဖျော်ရည်များ မသောက်ပါနှင့်။

(၇) ကော်ဖီ၊ လက်ဘက်ရည်နှင့် ကိုလာတို့ကဲ့သို့ ကဖိန်းဓာတ်ကိုအခြေခံထားသော ဖျော်ရည်များမသောက်ပါနှင့်။ များမကြာမီက လေ့လာမှုတစ်ခုအရ ကဖိန်းဓာတ်များလွန်းပါက ကလေးကြီးထွားနှုန်းကို ထိခိုက်နိုင်ကြောင်း၊ တစ်နေ့ ကော်ဖီတစ်ခွက် နေ့တိုင်းသောက်သုံးသော အမျိုးသမီးဟာ သာမန်ကိုယ်အလေးချိန်ထက်လျော့သော ကလေးမွေးဖွားနိုင်၍ အန္တရာယ်ပိုများကြောင်း၊ ဒါကြောင့် ကိုယ်ဝန်ဆောင်များအနေဖြင့် ကဖိန်းဓာတ်ပါသော ဖျော်ရည်သောက်သုံးမှုကို သိသိသာသာ လျော့ချပစ်စေလိုကြောင်း သိရပါတယ်။

(၈) ဓာတုချွတ်ဆေးများသုံးပြီး ပြန်လည်သန့်စင်ထားသော ဂျုံမှုန့်ဖြင့်ပြုလုပ်ထားသည့် အစားအစာများကို ရှောင်ပါ။

(၉) သကြားဓာတ်ပါဝင်မှုများသော အစားအသောက်များကို လျော့နိုင်သမျှ လျော့ချစားသုံးပါ။

(၁၀) သိပ္ပံနည်းအရ အတည်ပြုထားခြင်း မရှိသေးသော်လည်း ဇာတိပ္ဖိုလ်သီး ပါဝင်မှုများသော အစားအစာကို စားခြင်းက သန္ဓေသားကို အန္တရာယ်ဖြစ်စေနိုင်ပါတယ်တဲ့။

(၁၁) မချက်ပြုတ်ရသေးသော ငါးစိမ်းများမှာလည်း အစာအဆိပ်သင့်စေသည့် ဗက်တီးရီးယား နှင့် ပိုးမွှားများပါဝင်နေ၍ မစားသင့်ပေ။

(၁၁) ရေခဲရိုက်ထားသော (သို့) မီးကျပ်တိုက်ထားသော ပင်လယ်စားများကိုလည်း မစားပါနှင့်။

(၁၂) စည်သွပ်ထားသော ပင်လယ်စာကိုတော့ အနည်းငယ်မျှလောက်သာ စားပေးနိုင်ပါတယ်။

(၁၃) အပူကောင်းစွာမပေးရသေးသော နို့များကိုရှောင်ပါ။ အဘယ်ကြောင့်ဆိုသော် ၎င်းနို့ထဲတွင် ရင်သွေးကို အဆိပ်ဖြစ်စေ နိုင်သော(သို့) ရောဂါကူးစက်စေနိုင်သည့် အချင်းတိုင်မှ ဖြတ်သန်းဝင်ရောက်နိုင်သော အစာအဆိပ်ဖြစ်စေသည့် ပိုးများပါဝင်နေလို့ပါဘဲ။

(၁၄) လတ်ဆတ်သော ကြက်ဥ၊ ဘဲဥများကိုသာ ရွေးချယ်တတ်ပါစေ။

နွားထိုးကြီးမြို့တိုးချဲ့ရပ်ကွက် စည်ပင်ရေအခမဲ့ဖြန့်

နွားထိုးကြီး မေ ၁၄

နွားထိုးကြီးမြို့ တိုးချဲ့ရပ်ကွက် (၂) ရပ်ကွက်ဖြစ်သော အမှတ်(၇) နှင့် အမှတ်(၈) ရပ်ကွက်များကို ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်အတွင်း စည်ပင်ရေအခမဲ့ပေးဝေသွားမည်ဟု မြို့နယ်စည်ပင်ဥက္ကဋ္ဌ ဦးသန်းထိုက်အောင်က ပြောသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း စည်ပင်ရတွင်းတူးပြီး ရေကန်နှစ်ကန်နှင့် ယင်းရပ်ကွက်များကို ရေပေးနေရာမှ ရေပိုက်လိုင်းဖြင့် ရပ်ကွက်တွင်း အခမဲ့ရေတိုင်များနှင့် ရေပေးဝေသွားမည်ဟုဆိုသည်။

အလားတူပင် အမှတ်(၁) ရပ်ကွက်ကိုလည်း စက်ရေတွင်းဖြင့် ရေပေးရန် လေးလက်မစက်ရေတွင်း တစ်တွင်းကို ယခုနှစ် အောင်မြင်စွာတူးဖော်ထားပြီဟု ဆက်လက်ပြောပြသည်။

သူဇာမွန်မြင့်(ဥပဒေ)

မြို့နယ်အတွင်း မှုခင်းများမဖြစ်ပေါ်စေရန် သတိပေး နှိုးဆော်ယာဉ်ဖြင့် နှိုးဆော်ဆောင်ရွက်

ကျောက်တံခါး မေ ၁၄

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းညွှန့်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ မေ ၁၁ ရက် ညနေ ၆ နာရီက ကျောက်တံခါးမြို့နယ်အတွင်းမှ တောကျွဲအင်း၊ ပဲနွယ်ကုန်း၊ ကျောက်တံခါးမြို့များသို့ သင်္ကြန်ကာလတွင် မှုခင်းများ မဖြစ်ပေါ်စေရေး၊ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ပြည်သူများသိရှိစေရန် သတိပေးနှိုးဆော်ယာဉ်ဖြင့် လိုက်လံ၍ အသိပေးနှိုးဆော်ခဲ့ကြောင်းသိရသည်။

သင်္ကြန်ကာလ အတွင်း မှုခင်းများ မဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်နိုင်ရေး အစီအစဉ်တွင် ကျောက်တံခါးမြို့နယ်တွင် ငါးလအတွင်း ယာဉ်မတော်တဆမှု ၂၈ မှုဖြစ်ပွားခဲ့ရာ ၂၀ ဦး သေဆုံးခဲ့သည့် အမှုများ၊ ဆိုင်ကယ်တိုက်မှု၊ ဆိုင်ကယ်တိမ်းမှောက်မှု များ အများဆုံးဖြစ်ခဲ့၍ စည်းကမ်းမဲ့မောင်းနှင်ခြင်းကြောင့် ဖြစ်ပွားခဲ့သော မှုခင်းဖြစ်ရပ်မှန်များကို ပြည်သူများ သိရှိစေရန်နှင့် သတိပြုဆင်ခြင်မောင်းနှင်နိုင်ကြရန် ရည်ရွယ်၍ မြို့နယ်အတွင်းရှိ လူစည်ကားရာလမ်းဆုံများတွင် ပရိုဂျက်တာဖြင့် ပြသခဲ့ပြီး သသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်းသိရသည်။

ခင်ကို(ကျောက်တံခါး)

ငါးတင်းကြီးကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး ကျန်းမာရေးဌာနလွှဲပြောင်း

ခင်ဦး မေ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ငါးတင်းကြီးကျေးရွာ ကိုယ့်အားကိုယ်ကိုးကျေးလက်ကျန်းမာရေးဌာန လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၁၀ ရက် ၁၁ နာရီက ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံရှေ့တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျေးလက်ကျန်းမာရေးဌာနကို ငါးတင်းကြီးကျေးရွာ သမိုင်းသစ်အုဌ်ကျောင်းဆရာတော် ဦးဝိစိတ္တ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သန်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင် မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဒေါ်သီတာသိန်းဆွေတို့က အမှာစကားပြောကြားပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြထွန်းက ကျေးလက်ကျန်းမာရေးဌာန ဆောက်လုပ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဆရာတော်ဦးဝိစိတ္တက ဆေးခန်းပိုင်မြေ၊ အဆောက်အအုံနှင့် သက်ဆိုင်သောစာချုပ်စာတမ်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဦးကျော်နိုင်ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဌာနကို ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းသုံးကျောင်းမှ ဆရာတော်များက ဦးဆောင်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ဆရာတော်ဦးဝိစိတ္တက ဆေးခန်းဆောက်လုပ်ရန် ဘိုးဘွားပိုင်မြေ အလျား ၁၁၀ ပေ၊ အနံ ၁၁၀ ပေ ကို လှူဒါန်းခဲ့သည်။

ထို့ပြင် ကျေးရွာသူ၊ ကျေးရွာသားများက စုပေါင်း၍ အလျား ၄၇ ပေ၊ အနံ ၄၆ ပေ၊ သွပ်မိုး၊ နံကပ်၊ တစ်ထပ်အဆောက်အဦးကို ဆောက်လုပ်ရာ စုစုပေါင်းငွေကျပ် ၄၁၄ကျော် ကုန်ကျခဲ့ကြောင်း သိရသည်။

ယခင်က ငါးတင်းကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ သာရှိပြီး ကျန်းမာရေးအတွက် အရေးကြုံလာပါက ခြောက်မိုင်ခန့်ဝေးသော ရွာစဉ်ကျေးရွာ တိုက်နယ်ဆေးရုံသို့ သွားရကြောင်း ယခုကိုယ့်အားကိုယ်ကိုးကျန်းမာရေးဌာန ဖွင့်နိုင်သည့်အတွက် ကျေးရွာ ၁၂ ရွာမှ ပြည်သူ ၁၃၀၇၂ ဦးတို့မှာ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်ပြီဖြစ်ကြောင်း ကျေးရွာရပ်မိရပ်ဖ ဦးခင်မောင်အေးက ပြောသည်။

ခင်ဦးစိုးဝေ

နွားထိုးကြီးမြို့နယ်တွင် လူဦးရေစာရင်းကောက်ယူမည်

နွားထိုးကြီး မေ ၁၄

နွားထိုးကြီးမြို့နယ် ရွေးကောက်ပွဲကော်မရှင်က ပထမအကြိမ် မြေပေါ်လူဦးရေစာရင်းကောက်ယူပြီးစီးသွား၍ ဆက်လက်စိစ်နေကြောင်း မြို့နယ်ကော်မရှင် အတွင်းရေးမှူးက ပြောသည်။

အသက်(၁၈)နှစ်ပြည့် မဲဆန္ဒရှင်စာရင်းကို အတည်ပြုမထုတ်ပြန်နိုင်သေးကြောင်းနှင့် ကော်မရှင်အဆင့်ဆင့် သင်တန်းပေးမှုကိုလည်း ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်မည်ဟု အဆိုပါ အတွင်းရေးမှူးက ဆက်ပြောသည်။

နွားထိုးကြီးမြို့နယ်တွင် လူဦးရေနှစ်သိန်းကျော်ရှိပြီး ကျေးရွာရပ်ကွက်အုပ်စု၊ ကျေးရွာ ၁၈၆ ရွာ၊အသက်(၁၈)နှစ်ပြည့်ပြီး မဲဆန္ဒရှင်ရှစ်သောင်းခန့် မှာ ယခင်ရွေးကောက်ပွဲ၌ ရှိခဲ့ကြောင်းသိရသည်။

ဌေးမြင့်မောင်

မှုခင်းကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေး

ဝိုင်းမော် မေ ၁၄

ကချင်ပြည်နယ် ဝိုင်းမော်မြို့ မြို့မရဲစခန်းကကြီးမှူး၍ ဒေသခံပြည်သူများအား မှုခင်းကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မေ ၆ ရက် နံနက် ၉ နာရီက ဝါရှောင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း မေ ၇ ရက် နံနက် ၉ နာရီတွင် အမှတ်(၃)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲများတွင် ရဲစခန်းမှူး ဒုရဲမှူးထွန်းလွင်က မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၊ ကာမစိတ်ကြွဆေးပြားများအန္တရာယ် တားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းလိုက်နာရေးစသည်တို့နှင့် စပ်လျဉ်း၍ ပညာပေးဟောပြောခဲ့ကြောင်းသိရသည်။

(၄၉၉)

လူလေးသို့ပေးစာများ –၁၀

မြသန်းတင့်

ဆရာမြသန်းတင့် ဘာသာပြန်ဆိုသည့် "လူလေးသို့ ပေးစာများ"မှာ နှစ်ပေါင်း ၂၀၀ ကျော်ကအဖြစ်အပျက်များဖြစ်သော်လည်း ယနေ့ထက်တိုင်အသက်ဝင်နေဆဲဖြစ်၍ ကြေးမုံသတင်းစာဖတ် လူငယ်လူရွယ်များ လေ့လာမှတ်သားနိုင်စေရန်အတွက် အပတ်စဉ် (ဗုဒ္ဓဟူးနေ့တိုင်း) ဖော်ပြပေးလိုက်ပါသည်။

လန်ဒန်၊ ဇွန် ၃၀ ရက်၊ ၁၇၄၇ ခုနှစ်။

လူလေး

မင်းရဲ့နောက်ဆုံးပေးစာထဲမှာဆွစ်ဇာလန်ရောက်တုန်းက မင်းအပေါ်မှာ ယဉ်ကျေးပျူငှာကြပုံကို ဖတ်ရတဲ့အတွက် ဖေဖေ ဝမ်းသာတယ်။ ခု ဒီစာနဲ့အတူပဲ မစ္စတာဘာနာဘီထံကိုလည်း ကျေးဇူးတင်တဲ့အကြောင်းစာတစ်စောင်ပို့လိုက်တယ်။ သူတို့တတွေလည်း မင်းကို ဂရုတစိုက်ဧည့်ခံကြတဲ့အတွက်ဝမ်းသာဆိုရင် (ဝမ်းသာလိမ့်မယ်လို့လည်း ဖေဖေ ယူဆတယ်။) အဲဒီဝမ်းသာမှုကနေပြီး ဥပဒေတစ်ခုထုတ်သင့်တယ်လို့ ဖေဖေထင်တယ်။ အဲဒီ ဥပဒေကတော့ "တစ်ဖက်သားက အရေးတယူပြုခြင်းနှင့် ယဉ်ကျေးပျူငှာရှိခြင်းတို့သည် မိမိအားကျေနပ်စေ၏။ အလားတူ မိမိက အရေးတယူပြုခြင်းနှင့် ယဉ်ကျေးပျူငှာရှိခြင်းသည်လည်း တစ်ဖက်သားကို ကျေနပ်စေ၏။" ဆိုတဲ့ ဥပဒေပဲ။ ဆွစ်ဇာလန်ပြည်မှာ ခရီးသွားခဲ့တဲ့ ဘုန်းတော်ကြီး ဘန်းနက်ရဲ့ ခရီးသွားမှတ်တမ်းဟာ တော်တော်ကောင်းတယ်။ ဆွစ်ဇာလန်မှာ အကြာကြီးနေထိုင်ပြီး ဆယ့်သုံးကင်တုန် (ဆွစ်ဇာလန်)အကြောင်းကိုရေးသွားတဲ့ မစ္စတာစတန်ယန်ရဲ့ မှတ်တမ်းကတော့ အကောင်းဆုံးလို့ ဆိုရမယ်ထင်တယ်။ ဒါပေမယ့် မင်းပြန်လာလို့ ဆွစ်ဇာလန်ပြည်အကြောင်း ရေးလိုက်ရင်တော့ သူတို့စာအုပ်တွေကို ဘယ်သူမှတောင်ဖတ်ကြတော့မှာ မဟုတ်ဘူးထင်တယ်။ ဖေဖေ အတည်ပြောနေတာ။ မင်းဟာ ချက်ချင်းစာရေးဆရာကြီးလုပ်ပြီး မင်းရဲ့ ခရီးသွားမှတ်တမ်းတွေကို ရေးထုတ်ရမယ်လို့ ဖေဖေ မတိုက်တွန်းပါဘူး။ ဒါပေမယ့် ဘယ်နေရာ ကိုပဲသွားသွား အဲဒီနေရာအကြောင်းကို စာအုပ်တစ်အုပ်ရေးဖို့ ရည်ရွယ်သလို စေ့စေ့စပ်စပ်၊ သေသေချာချာ လေ့လာဖို့ ဖေဖေ ပြောချင်တာပါ။

အဲဒီနေရာအကြောင်းကို လေ့လာတဲ့အခါ မှာ အိမ်ခြေက ဘယ်လောက်ရှိတယ်၊ လူဦးရေ ဘယ်လောက်ရှိတယ်၊ ဆိုင်းဘုတ်က ဘယ်နှစ်ခုရှိတယ်၊ သင်္ချိုင်းမှတ်တိုင်က ဘယ်နှစ်ခုရှိတယ် ဆိုတာပြောလိုတာမဟုတ်ဘူး။ ကိုယ်ရောက်နေတဲ့ အချိန်ကလေးအတွင်းမှာ အဲဒီ-မိ့ဟာ လွတ်လပ်တဲ့မြို့လား၊ ဘယ်သူပိုင်တဲ့မြို့လဲ၊ ဘယ်လိုပိုင်ဆိုင်ပုံမျိုးလဲ၊ အဲဒီမြို့ရဲ့ထူးခြားထင်ရှားတဲ့ ထုံးစံတွေက ဘာတွေလဲ၊ အခွင့်အရေးတွေကဘာတွေလဲ၊ ဘယ်လိုလုပ်ငန်းကိုလုပ်ကိုင်ကြသလဲ၊ ဘယ်ပစ္စည်းတွေကိုထုတ်သလဲ စတဲ့ အချက်အလက်တွေနဲ့ လူတွေသိချင်သိထိုက်တဲ့အရာတွေကို စူးစမ်းလေ့လာရမယ်လို့ ပြောချင်တာပါ။ အချက်လက်တွေကို မှတ်ဉာဏ်နဲ့မမှတ်သားနိုင်ရင် မှတ်စုစာအုပ်လေးတစ်အုပ်နဲ့ မှတ်သားသင့်တယ်။ ဒီအချက်အလက်တွေကို သိဖို့တစ်ခုတည်းသောနည်းလမ်းကတော့ မင်းကို အဲဒီအကြောင်းအရာတွေပြောပြနိုင်မယ့် အဖော်တစ်ယောက်ရှိဖို့လိုတယ်။

ဖေဖေလည်းအိပ်ချင်ပြီ။ မင်္ဂလာညပါ။

× × × × × × ×

လန်ဒန်၊ ဇူလိုင် ၂၀ ရက်၊ ၁၇၄၇ခုနှစ်။

လူလေး

ဒီစာနဲ့အတူ မေမေရဲ့ စာကိုပူးတွဲထည့်ပေးလိုက်တယ်။ မေမေရဲ့စာအိတ်ထဲမှာ မင့်ဒေါ်လေးက သူ့ဆီကို အာကူဘူးဆိတ်ရေပူစမ်းက ရေကိုပို့ပေးတဲ့အတွက် ကျေးဇူးတင်တဲ့ အကြောင်းရေးလိုက်တဲ့ စာတစ်စောင်လည်းပါတယ်။ အဲဒီရေကို ရတဲ့အတွက် တော်တော်လည်း ဝမ်းသာနေတယ်။

မင်းဆီကို ရေးလိုက်တဲ့စာကို ဖေဖေ့ကိုတော့မပြဘူး။ ဒါပေမယ့် ကောင်းတဲ့ ဆန္ဒနဲ့ကောင်းတဲ့ အကြံဉာဏ်ပါတယ်လို့တော့ ပြောတယ်။ မင်းဆီက ပြန်စာလာရင်တော့ ဖေဖေ့ကိုပြမှာ အမှန်ပဲ။ ဒါကြောင့်မို့ သူ့ဆီကိုစာပြန်ရေးရင် ဘယ်လိုရေးသင့်တယ်ဆိုတဲ့ စာကြမ်းကို ဖေဖေ ပူးတွဲပို့လိုက်တယ်။ ဒီကိစ္စမှာ မတောင်းဘဲနဲ့ ဝင်အကူအညီပေးတဲ့အတွက်ဖေဖေ့ကို ဘယ်လိုမှ သဘောမထားနဲ့။ ဘာဖြစ်လို့လဲဆိုတော့ ခုချိန်ထိ မင်းကကိုယ့်ထက်အသက်အရွယ်ကြီးတဲ့ ဂုဏ်သရေရှိအမျိုးသမီးတွေဆီကို စာရေးလေ့ရေးထမရှိတဲ့ အတွက်ဖေဖေအကြမ်းရေးပေးလိုက်တာ။

စကားစပ်လာတဲ့အတွက် ပေးစာရေးနည်းနဲ့ ပတ်သတ်လို့ ပြောရဦးမယ်။ ပေးစာတွေထဲမှာ အကောင်းဆုံးနမူနာတွေကတော့ ဆီဇာရို၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ဒိုးဆက်၊ မဒမ်ဆေဗီညေး၊ ဘုန်းတော်ကြီး ဘူဆေရာဘူတင်တို့ရဲ့ ပေးစာတွေပဲ။ အတ္တိကပ်စ်နဲ့ တစ်ခြားမိတ်ဆွေတွေထံ ပေးတဲ့ ဆီဇာရိုရဲ့ မေတ္တာစာများဟာ အတုခိုးဖို့ အကောင်းဆုံးနမူနာတွေဖြစ်တယ်။ သူ့မေတ္တာစာတွေထဲမှာ စေတနာလည်းပါပြီး စာကလည်းအလွန်ချောတယ်။ ဂိုဏ်းချုပ်ဆရာတော် ဒိုးဆက်ရဲ့ မေတ္တာစာများကတော့ ရိုးရိုးနဲ့ ရှင်းလင်းတယ်။

အလုပ်အကိုင်နဲ့ ပတ်သတ်တဲ့ ကိစ္စတွေမှာ စာကို ဘယ်လိုရေးရတယ်ဆိုတာကို လေ့လာနိုင်တယ်။ သူ့စာတွေထဲမှာ ကြွားဝါဟန်ဆောင်တာတွေ မပါဘူး။ တမင်အားထုတ်ထားတဲ့ စကားလုံးတွေမပါဘူး။ ဒါကြောင့် သူ့စာတွေဟာ ပီပြင်ရှင်းလင်းနေတယ်။ အလုပ်အကိုင်နဲ့ပတ်သက်တဲ့ စာဆိုတာ ရှုပ်ရှုပ်ထွေးထွေး၊ ဝိုးတိုးဝါးတား ရေးလို့ရတာမဟုတ်ဘူး။ တတ်နိုင်သမျှ လိုရင်းတိုရှင်းဖြစ်ရတယ်။ ဘူဆေရာဘူတင်နဲ့ မဒမ်ဆေဗစ်ညေးတို့ရဲ့ ပေးစာများကတော့ ဖတ်ရတဲ့သူမှာ စိတ်နှလုံးရွှင်ပြုံးစေတယ်။ သူတို့စာကို ဖတ်ရတာ စကားပြောကောင်းတဲ့ သူတစ်ယောက်၊ ဇဝနဉာဏ်ထက်သန်တဲ့သူတစ်ယောက် ကိုယ့်အနားမှာ လာထိုင်ပြီး ပြောနေသလို အင်မတန်သဘာဝကျပြီး အင်မတန်နားထောင်လို့ကောင်းတယ်။ မင်းရဲ့ ခရီးဆောင် စာကြည့်တိုက်ကလေးထဲမှာ အဲဒီစာအုပ်ကို ယူသွားသင့်တယ်။ အဲဒီစာအုပ်ကိုဖတ်ရင် စိတ်လည်းကြည်နူးမယ်။ ဗဟုသုတလည်း ရမယ်။

ခုလောလောဆယ်တော့ ဒီလောက်ပဲ ရေးလိုက်ဦးမယ်။ မင်္ဂလာညပါ။

× × × × × × ×

လန်ဒန်၊ ဇူလိုင် ၃၀ ရက်၊ ၁၇၄၇ ခုနှစ်။

လူလေး

မင်းဆီကရော၊ မစ္စတာ ဟာတီဆီကရော စာမရတာ စာပတ်လေးပတ်ရှိသွားပြီ။ ဒါကို ထောက်ရင် မင်းတို့တတွေ ဆွစ်ဇာလန်ပြည်မှာ သိပ်နားချိန်မရဘဲ ခရီးပြင်းနှင်နေကြလို့ပဲ ဖေဖေယူဆတယ်။ ခုချိန်လောက်ဆိုရင်တော့ မင်းတို့ ဆွစ်ဇာလန်ခရီးဟာ ပြီးဆုံးလောက်ပြီလို့ထင်တယ်။

မင်းဆီကိုရော၊ မစ္စတာတီဆီကိုရော ပေးလိုက်တဲ့စာတွေအရ မိုက်ကယ်မတ်စ်ပွဲတော်လောက်ဆိုရင် မင်းတို့တတွေ လိုက်ပဇစ်ကို ရောက်နေရမယ်ဆိုတာ သိလောက်ပြီပေါ့။ လိုက်ပဇစ်ရောက်ရင် ပါမောက္ခ မတ်စကိုရဲ့ အိမ်မှာ စားသောက်ရမယ်။ သူ့အိမ်ရဲ့ အနီးတဝိုက်မှာ အထက်တန်းလွှာ လူငယ်တစ်ချို့နဲ့ အတူတည်းခိုရမယ်ဆိုတာသိလောက်ပြီပေါ့။ ပါမောက္ခကြီးက 'ဂရိုးရှုပ်စ်ရဲ့ တရားဥပဒေအယူအဆ' 'ဂျပ်စတီးနီးယန်း တရားဥပဒေစနစ်'နဲ့ 'ပြည်သူ့ကျင့်ဝတ်' ဆိုတဲ့ စာတမ်းတွေကို ဖတ်မယ်လို့ ကြားရတယ်။ အဲဒီ စာတမ်းဖတ်ပွဲကို မင်းတက်ရောက်နားထောင်ရုံသာမဟုတ်ဘဲ အထူးဂရုစိုက လေ့လာမှတ်သားလိမ့်မယ်လို့ ဖေဖေမျှော်လင့်တယ်။

ဂျာမန်ဘာသာ စကားကိုလည်း ပိုင်ပိုင်နိုင်နိုင်ဖြစ်အောင် လေ့လာလိမ့်မယ်လို့ ဖေဖေ မျှော်လင့်တယ်။ တရားမျှတရာ ရောက်အောင် လေ့လာလိမ့်မယ်လို့ ဖေဖေ မျှော်လင့်တယ်။ လိုက်ပဇစ်မှာ ဖေဖေရဲ့သူသျှိုဒလံတွေရာချီပြီး မင်းကို စောင့်ကြည့်နေတယ်ဆိုတဲ့ အချက်ပဲ။ လိုက်ပဇစ်မှာ မင်းလုပ်သမျှ၊ မင်းပြောဆိုခဲ့သမျှတွေကို ဖေဖေ အကုန်သိနေမှာ။ လိုက်ပဇစ်မှာလည်းကောင်းတဲ့ အပေါင်းအသင်းတွေရှိတယ်။ တစ်နေ့တာစာသင်ချိန်ပြီးရင် ညနေပိုင်းမှာ သွားရောက်လည်ပတ်နိုင်တယ်။ အဲဒီမှာ ကော့တလင်းနယ်စားရဲ့ မယ်တော်ကြီး နယ်စားကတော်ကြီးရဲ့ အသိုက်အဝန်းကလေးတစ်ခုရှိတယ်။ နန်းတွင်းအသိုက်အဝန်းကလေး ခပ်ဆန်ဆန်ပဲ။ အဲဒီကိုလည်း သွားလည်သင့်တယ်။ ပိုလန်ဘုရင်နဲ့နောက်လိုက် နောက်ပါ အခြွေအရံတွေဟာ လိုက်ပဇစ်ဈေးပွဲတော်ကို တစ်နှစ်ကို နှစ်ကြိမ်လောက် ကြွရောက်လာလေ့ရှိတယ်၊ ဘုရင့်ရှေ့တော်မှောက်ကို သွင်းပေးဖို့၊ နန်းတွင်းအသိုင်းအဝိုင်းမှာ မိတ်ဆက်ပေးဖို့ ဘုရင်ရဲ့ အတွင်းဝန်မင်းဖြစ်တဲ့ ဆာချားလ်စ် ဝီလျံဆီကို ဖေဖေစာရေးလိုက်မယ်။

ဒါပေမဲ့ နန်းတွင်းအသိုင်းအဝိုင်းရဲ့ ထုံးတမ်းယဉ်ကျေးမှုတွေကို မင်းမလေ့လာရင်၊ မလိုက်နာရင်၊ အထက်တန်းလွှာအသိုင်းအဝိုင်းက လူငယ်တစ်ယောက် ယဉ်ကျေးဖွယ်ရာမျိုးနဲ့ ဆက်ဆံဖို့ စိတ်အားထက်သန်ခြင်းမရှိရင်တော့ အဲဒီအသိုင်းအဝိုင်းကို မကြာခဏသွားလည်တာဟာ ဘာမှအကျိုးများမှာ မဟုတ်ဘူး။ မင်းဟာ ကိုယ့်ရဲ့ ဆက်ဆံပြုမူပုံတွေကို ဂရုထားသလို ဝတ်စားဆင်ယင်မှုတွေကိုလည်း လျစ်လျူမပြုအပ်ဘူး။ သန့်ရှင်းဖို့၊ အဝတ်အစားကျကျနနဝတ်ဖို့၊ ယဉ်ကျေးဖို့၊ လူတော်တော်များများမှာ ဖြစ်တတ်သလို မနှစ်မြို့စရာသဘောထားမျိုးကို မထားမိဖို့၊ လူပုံအလယ်မှာ ကိုးရိုးကားရားမနေမိဖို့ ဂရုစိုက်ရမယ်။ မင်းရဲ့သွားတွေကို မနက်တိုင်း အစားအစာစားပြီးတိုင်း တိုက်ပြီး သန့်သန့်ရှင်းရှင်းဖြစ်အောင် ဂရုစိုက်ရဲ့လား၊ သွားတွေကို ကြာရှည်ခံအောင်၊ သွားကိုက်တဲ့ ဝေဒနာကို မခံရအောင် သွားတွေကို ဂရုစိုက်ဖို့လိုတယ်။ ဖေဖေ့မှာတော့ သွားဒုက္ခပေးတာ တော်တော်ကြာပြီ။ တချို့သွားတွေဆိုရင်လည်း မရှိတော့ဘူး။

ဒီလိုဖြစ်ခဲ့တာဟာ မင်းအရွယ်တုန်းက သွားတွေကို ဂရုမစိုက်ခဲ့မိလို့ပဲ။ အဝတ်အစားကိုကော ကျကျနနကောင်းကောင်းမွန်မွန် ဝတ်စားရဲ့လား။ ဖြစ်ကတတ်ဆန်းဝတ်သလား။ အပြုအမူ၊ အပြောအဆိုမှာရော ယဉ်ကျေးသိမ့်မွေ့ရဲ့လား။ ဒါမှမဟုတ် လိုနေသေးသလား။ ပစ္စလက္ခတ်ဖြစ်နေသလား။ ဒါမှမဟုတ် ပိုနေသေးသလား။

ဒီအရာတွေကို အထိုက်အလျောက် ဂရုစိုက်ဖို့တော့ လိုတယ်။ ဒုတိယတန်းစား အလေးထားမှုလောက်ရှိရင်လုံလောက်ပါတယ်။ ဒီလိုနေတတ်ထိုင်တတ်ရင် ကိုယ့်ရဲ့ အရည်အသွေးဟာ ပိုပြီးတောက်ပြောင်လာတာပေါ့။ ချစ်ခင်နှစ်လိုဖွယ်ရှိသော ဥပမိရုပ်သည် ထာဝရတည်သော ထောက်ခံချက်လက်မှတ်တစ်စောင်နှင့်တူ၏လို့ ဖေဖေရဲ့ဆရာလော့ဒ်ဘေကွန်ကပြောဖူးတယ်။ ချစ်ခင်နှစ်လိုဖွယ်သော စိတ်ထားဟာ လူချီးမွမ်းခံရတဲ့ အရည်အချင်းဖြစ်ပြီး အရည်အချင်းရှိရာရှိကြောင်း နည်းလမ်းကောင်းတစ်ခုလည်း ဖြစ်တယ်။ လာမယ့်နွေရာသီမှာ မင်းကို ဟန်နိုဗာက ဖေဖေစောင့်နေမယ်ဆိုတာရယ်၊ မင်းရဲ့ တိုးတက်ပြည့်စုံမှုကို မျှော်လင့်နေမယ်ဆိုတာရယ်ကို မမေ့ပါနဲ့။ အဲဒီမျှော်လင့်ချက်အတိုင်း မဖြစ်လာခဲ့ရင်၊ ဒါမှမဟုတ် အဲဒီမျှော်လင့်ချက်နားလောက်အထိမှ ဖြစ်မလာဘူးဆိုရင်တော့ ဖေဖေစိတ်ကောင်းမှာ မဟုတ်ဘူး။ ဖေဖေကတော့ မှန်ဘီလူးကြီးကြီးနဲ့ မင့်ကိုယ်ပေါ်မှာရှိတဲ့ အသေးဆုံးသော အစွန်းအထင်းကလေးအထိ လိုက်ကြည့်ရမှာပဲ။ ဒါဟာ မျှတတဲ့ သတိပေးချက်လို့ ဖေဖေယူဆတယ်။ ဒါကြောင့် ဖေဖေရဲ့ ဆန္ဒနဲ့ အညီဖြစ်အောင် ဂရုစိုက်ပါ။

သင်၏ ဖေဖေ။

× × × × × × ×

(ဆရာမြသန်းတင့်၏ လူကလေးသို့ ပေးစာများ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)

စာတည်းထံ ပေးစာများ

ဈေးဆိုင်များအား ရှင်းလင်းပေးစေလို

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဒလမြို့နယ် ကျန်စစ်သားရပ်ကွက် ဓမ္မစေတီလမ်းထောင့်နှင့် လမ်းမ ကြီးပေါ်ရှိ ကျူးကျော်ဈေးတွင် လူနေအိမ်များ အခိုင်အမာ တည်ဆောက်နေထိုင်ခြင်း၊ သားငါးဆိုင်များမှ စွန့်ပစ်ပစ္စည်းများနှင့် လူနေဈေးဆိုင်များမှ စွန့်လွှတ်သော မစင်နံ့များ ဆိုးရွားစွာ နံဆော်ခြင်း၊ ဆိုင်တန်းများ ပွတ်သိပ်နေသောကြောင့် မီးဘေးအန္တရာယ်လည်း စိုးရိမ်ရခြင်း၊ သက်ကြီးရွယ်အိုများ နေ့စဉ်နှင့်အမျှ အနံ့ဆိုးများရှူရှိုက်နေရပြီး ကျန်းမာရေးထိခိုက်နေပါသဖြင့် ၎င်းကျူးကျော်ဈေးတန်းနှင့် ကျူးကျော်လူနေအိမ်များ၊ ဈေးဆိုင်များ ရှင်းလင်းပေးစေလိုပါသည်။ **လမ်းသူလမ်းသားများ**

မီးဘေးအန္တရာယ်ကင်းစေလို

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၁)လမ်း (ခ)တွင် စီးပွား ဖြစ်ဒံပေါက်များ ချက်ပြုတ်ခြင်း၊ ကြော်လှော်ခြင်းများပြုလုပ်နေပါသဖြင့် ယင်းမှထွက်ရှိသော အညှော်နံ့များ ရှူရှိုက်နေရပါသဖြင့် သက်ကြီးရွယ်အို နာမကျန်းသူများ၊ ကလေးသူငယ်များ ကျန်းမာရေးထိခိုက်သည့်အပြင် လစ်လပ်စည်ပင်ပိုင်မြေတွင်လည်း ချက်ပြုတ်နေရာ မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် လိုအပ်သလို ဆောင်ရွက်အရေးယူပေးပါရန် တင်ပြအပ်ပါသည်။ **အညှော်နံ့ကြောက်သူနှင့် မီးဘေးအန္တရာယ်စိုးရိမ်သူများ**

အမှိုက်ပုံအနံ့ ကျန်းမာရေးထိခိုက်

တောင်ငူမြို့(၇)ရပ်ကွက် ဆေးရုံဟောင်းလမ်း၊ ဆရာအတတ်သင်ကျောင်းအနီး၊ ရထားလမ်းနှင့်ကားလမ်း အကြားတွင်ပတ်ဝန်းကျင်မှ ထွက်သောအမှိုက်များ၊ စားကြွင်းစားကျန်များ၊ ပလပ်စတစ်ထုတ်များ၊ ခွေးကြောင် အသေကောင်များ လာရောက်ပစ်ထားကြပါသည်။ ၎င်းအမှိုက်ပုံကို နွေရာသီအချိန်တွင် မီးရှို့မှုကြောင့် မီးခိုး ငွေ့များ နံနက်မှ ညအထိတငွေ့ငွေ့ထွက်လာခြင်း၊ မိုးရာသီအချိန်တွင် မကောင်းသောအနံ့အသက်များထွက်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်နေလုပ်သားပြည်သူများအတွက် ကျန်းမာရေးထိခိုက်ခြင်း၊ အများပြည်သူတို့ အမြင်မတော်ခြင်း၊ မြို့၏ သန့်ရှင်းသာယာလှပမှုကို ထိခိုက်ခြင်းတို့ကြောင့် သက်ဆိုင်ရာမှ ရှင်းလင်းပေးပါရန်။

အမြင်မတော်သူတစ်ဦး

အိမ်ပတ်ဝန်းကျင်သို့ ညစ်ညမ်းရေများဝင်ရောက်

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ရေတွင်းကုန်းရပ်ကွက် လမ်း ၁၂၀၊ တိုက်အမှတ် (၃) တွင် ရေဆိုးပိုက်များ၊ မိလ္လာပိုက်များ ကျိုးပျက်၍ ရေဆိုးများသည် အပြင်သို့ ရေပန်းများကဲ့သို့ ပန်းထွက်ပြီး ပတ်ဝန်းကျင်ရှိ အိမ်များသို့ ဝင်ရောက်နေသည်မှာ (၂)လခန့်ရှိပြီးဖြစ်သော်လည်း မြေရှင်၊ အခန်းရှင်များသို့ ပြုပြင်ရန်ပြောဆိုသော်လည်း မည်သို့မျှဆောင်ရွက်ပေးခြင်းမရှိပါ။ အညစ်အကြေးရေများကြောင့် အနံ့ဆိုးများ၊ ရေဆိုးများဝင်ရောက်ခြင်းမှ အမြန်ဆုံးကူညီဖြေရှင်းပေးပါရန်။

လမ်းသူလမ်းသားများ

ဂျိုးဖြူပိုက်လုံးဘေးမှ လူနေကျူးကျော်တဲများ ရှင်းလင်းဖယ်ရှားပေး

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက်၊ အပိုင် (၃) ဂျိုးဖြူ လမ်းဘေးတွင် ပထမဈေးဆိုင်အဖြစ် ရောင်းချနေကြပြီး ယခုအခါ တိုးချဲ့များပြားလာပြီး လူနေအိမ်များသဖွယ် နေထိုင်ကြပြီး ဂျိုးဖြူပိုက်လုံးဘေးတွင် အပေါ့အလေးသွားခြင်း၊ နေ့စဉ်ညစ်ညမ်းစွာ မကြားဝံ့မနာသာ ဆဲရေး တိုင်းထွာခြင်း၊ ပစ္စည်းများသိုလှောင်ရုံအဖြစ်ထားရှိခြင်း၊ လျှပ်စစ်မီးမရှိသဖြင့် ဖယောင်းတိုင်များဖြင့်သာ နေထိုင်သဖြင့် မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန်။

ပေါက်ကုန်းရပ်ကွက် နေပြည်သူပြည်သားများ

ရပ်ကွက်အတွင်းမှ သံဂဟေလုပ်ငန်းအား ရွှေ့ပြောင်းပေးစေလို

ပဒုမ္မာလမ်း (၂၄)ရပ်ကွက်တွင် သံပေါင်ကြီးများချခြင်း၊ ဖြတ်တောက်ခြင်း၊ ဝရိန်ဆော်ခြင်း၊ စတီးလုပ်ငန်း၊ ကျောက်စက်တိုက်ခြင်း၊ စတီးဂဟေဆော်ခြင်း၊ အင်ဂျင်စက်များ၏ အသံများဆူညံခြင်း၊ အလုပ်မှအနံ့များ ထွက်ရှိခြင်းတို့ကြောင့် ပတ်ဝန်းကျင်တွင် မခံမရပ်နိုင်အောင်ဖြစ်ပြီး သက်ကြီးရွယ်အို၊ ကလေးသူငယ်များ၏ ကျန်းမာရေးကို ထိခိုက်သည့်အပြင် မကောင်းသည့်ဂဟေအိုးများထားရှိခြင်းကြောင့် မီးဘေးအန္တရာယ်မှာ စိုးရိမ်ရသောကြောင့် ယင်းလုပ်ငန်းကြီးအား သက်ဆိုင်ရာမှ ဖယ်ရှားပေးစေလိုပါသည်။

ရပ်ကွက်သားတစ်ဦး

အခန်းဆက်ဝတ္ထုရှည်

သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ “သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်” ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။

ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)

ယခင်အပတ်မှအဆက်

ဤသို့ ရဲရဲတောက်တရားများ အဟောကောင်းသဖြင့် သခင်မာနှင့် သခင်ဘနာဂျီတို့ အဖမ်းခံရသည်။

သူတို့ အဖမ်းခံရသောညဉ့် ကျွန်တော်တို့ နှစ်အိမ်ထောင်မိသားစုများမှာ တနားနာနေခိုက်ဖြစ်သည်။ အဖမ်းမခံရမီ လေးတွင် သူတို့နှစ်ဦးအား သန်လျင်မြို့ အမျိုးသမီးများက ပန်းကုံးစွပ်ကြသည်။ သခင်မာနှင့် ပန်းကုံးမှာ မလိုက်သော်လည်း ပန်ချာပီ ဖောင်းထုပ်၊ မုတ်ဆိတ်မွေး၊ ရင်ခွင်ကျယ်ကျယ်ကြီးနှင့် သခင်ဘနာဂျီမှာမူ ပန်းကုံးနှင့် အလွန်လိုက်သည်။ ထိုညက သခင်ဘနာဂျီကို ကျွန်တော်တို့တွေ့ရသည်မှာ ပန်းကုံးနှင့်ဖြစ်သဖြင့် ကုလားဆံပင်ညှပ်ဆိုင်များ၌ တွေ့ရတတ်သော ပန်းချီကားအတွင်းမှ ရာမမင်းသားနှင့် တူသလိုလို ကျွန်တော့်စိတ်ထဲ ထင်မိသည်။

ပုလိပ်များက ဆွဲခေါ်သွားရာ ပန်းကုံးကြီးစွပ်လျက်နှင့် သခင်မာနှင့် သခင်ဘနာဂျီတို့သည် ကန့်လန့်ကန့်လန့် ပါသွားရှာသည်။ သူတို့နှင့်အတူ ပုလိပ်များအနောက်မှ လိုက်၍ လူအများက အော်ကြသည်။

သခင်မျိုးဟေ့ . . . ဒို့ဘနာဂျီ
သာကီမျိုးဟေ့ . . . ဒို့ဗမာ။
ဒို့သခင် ဘနာဂျီကို လွှတ်ပစ်၊
နှစ်ပြားတန်ဆောင်း ပျားစွဲ၊
ကုလားဖြူခေါင်း ဓားဝဲ
အရေးတော်ပုံ . . . အောင်ပါစေ။

ဤသို့လျှင် နောက်က အော်သူက အော်၍ ရှေ့မှ သွားသူက သွားသည်။ ဂိတ်ဝင်းကြီး၏ တံခါးပေါက်သို့ ရောက်သော် မည်သူမျှ မလိုက်ရဲတော့။

“ ဒို့ သခင်ဘနာဂျီကို လွှတ်ပစ်၊ ဒို့ သခင်မာကို လွှတ်ပစ် ”

ဂိတ်ဝင်းအပြင်မှ ဆက်အော်နေကြသည်။

ခိုင်နှင့် ကျွန်တော်သည် ဤလူထုကြီးနှင့်ရော၍ လိုက်အော်ချင်ကြသည်။ သို့ရာတွင် လူကြီးများကြောင့် မလိုက်ရ။ ကျွန်တော်တို့အိမ်များမှာ ဂိတ်ဝင်းနှင့် နီးသဖြင့် ဤသို့ လူစုလူဝေးနှင့်အော်သံများကိုမကြာခဏ ကြားရတတ်သည်။

သပိတ်မှောက်ထားသဖြင့် ကျောင်းကြီးလည်း ပိတ်နေရကား ကျွန်တော်တို့ အားနေကြသည်။ ထိုအခါ ကျွန်တော်တို့သည် ထုံးစံအတိုင်း မြရာတော၌ ကစားကြ၏။ ဤရက်များအတွင်း ကစားကြသောအခါ တာဇံလုပ်တမ်း မဟုတ်တော့။

ကျွန်တော်က သခင်မာ လုပ်သည့်အခါ လုပ်သည်။ သခင်ဘနာဂျီ လုပ်သည့်အခါ လုပ်သည်။

ငြိမ်းမောင်က ပုလိပ်အမြဲတမ်းလုပ်ရသည်။ ခိုင်သည် ကျွန်တော်၏ တစ်ဦးတည်းသော လူထုဖြစ်လေသည်။

“ ဒို့ သခင်မောင်ကို လွှတ်ပစ်၊ သခင်ဘနာဂျီကို လွှတ်ပစ်၊ မီးဒုတ် . . . မီးဒုတ် ရှို့ . . . ရှို့၊ ငြိမ်းမောင် . . . ငြိမ်းမောင် အို့ အို့ ”

ငြိမ်းမောင်သည် ပုလိပ်လုပ်ရန် ဝန်မလေးသော်လည်း သူ့အား “ အို့ . . . အို့ . . . ”ဟု ခေါ်ခြင်းကိုမူ သည်းမခံနိုင်။ ထို့ကြောင့် နောင်ကစားကြသည့်အခါ ငြိမ်းမောင်က ပုလိပ် မလုပ်လိုဟု ကန့်ကွက်သည်။

ထိုအခါ ငြိမ်းမောင်သည် သခင်လုပ်၍ ကျွန်တော်က ပုလိပ်လုပ်ရမည်ကဲ့သို့ အခြေအနေ ရှိလာသည်။

ကျွန်တော်ကလည်း ပုလိပ်မလုပ်လို။ နောက်ဆုံးတွင်မူ သုံးယောက်အများသဘောတူ တာဇံလုပ်တမ်းပင် ပြန်ကစားကြသည်။

မည်သို့ဖြစ်စေ ကျွန်တော်တို့သုံးယောက်သည် အများနည်းတူ သခင်ဘနာဂျီအစစ်၊ သခင်မာအစစ်အတွက် ဂိတ်ဝင်းနားရောက်အောင်ကပ်၍ တကယ်ပင် အော်ချင်ကြသည်။

ငြိမ်းမောင်နေသောနေရာမှာ ဂိတ်နှင့် ဝေးသည်။ ခိုင်နှင့် ကျွန်တော့်ဖေဖေတို့က အစိုးရအမှုထမ်းများ ဖြစ်ကြ၏။ ထို့ကြောင့် ကျွန်တော်တို့ မည်သို့သောအခါမျှ အော်ခွင့်မရတော့ဟု ထင်စရာဖြစ်သည်။ သို့ရာတွင် မမျှော်လင့်ဘဲ ကျွန်တော်တို့ အော်ခွင့်ရခဲ့ကြပါ၏။

ပင်ပင်နီ ယောထဘီနှင့်ရေနံမြေအလုပ်သမားများ၏ လှုပ်ရှားမှုနှင့်အတူ ကျောင်းသားများ၏ လှုပ်ရှားမှုသည်လည်း ပြင်းထန်ထင်ရှားလာသည်။ ရေနံချောင်းမှ ရန်ကုန်သို့ ချီတက်လာသော ရေနံမြေအလုပ်သမားတပ်ကြီးကို ကျောင်းသားခေါင်းဆောင်များဖြစ်ကြသော ကိုဗဟိန်းနှင့် ကိုဗဆွေတို့က သွားရောက်ကြိုဆိုသည်။ ဗဟိန်းနှင့်ဗဆွေတို့ကို အင်္ဂလိပ်အစိုးရက ဖမ်းဆီးချုပ်နှောင်လိုက်ကြသည်။ တစ်ပြည်လုံးရှိ ကျောင်းသားများ ဒေါသအိုးပေါက်ကွဲကြသည်။

ဒီဇင်ဘာလအတွင်း၌ တစ်ပြည်လုံး သိမ့်သိမ့်တုန်၍ မြန်မာ့ရာဇဝင်တစ်လျှောက် ဂယက်ပဲ့တင် ဆုံးလိမ့်မည်မထင်သော အဖြစ်အပျက်တစ်ရပ် ပေါ်လာသည်။

ရန်ကုန်တက္ကသိုလ် သပိတ်မှောက်ကျောင်းသား၊ ကျောင်းသူများသည် အင်္ဂလိပ်အစိုးရ၏ အုပ်ချုပ်မှု ယန္တရားဗဟိုအချက်အချာဖြစ်သော အတွင်းဝန်များရုံးကို ဝိုင်းကြသည်။ လက်နက်မဲ့ကျောင်းသူ ကျောင်းသားများကို အင်္ဂလိပ်လက်ပါးစေ ဂေါ်ရာစာသင်များက မြင်းနှင့် တိုက်၍ နံပါတ်တုတ်ဖြင့်ရိုက်သည်။ ရန်ကုန်တက္ကသိုလ် ဂျဒ်ဆင်ကောလိပ်ကျောင်းသား အောင်ကျော် ကျဆုံးခဲ့ရ၏။

အောင်ကျော် ကျဆုံးမှုသည် ပြည်သူလူထု၏ အသည်းနှလုံးကို လှံဖြင့်ဆွသကဲ့သို့ ဆတ်ဆတ်တုန်နာကြသည်။ ပြည်သူ့ဒေါသယမ်းပုံအတွင်းသို့ ဓာတ်ဆီလောင်းလိုက်သကဲ့သို့လည်းဖြစ်၏။ ကျောင်းသားတို့၏ အရေးတော်ပုံသီချင်းများသည် လူတိုင်း၏နှုတ်ဖျား၌ သီးနေ၏။

“ကျောင်းသားတို့အပေါ် . . . ကောင်းစားဖို့မျှော် . . . ကြိုးစားတဲ့ ဗိုလ်အောင်ကျော် သတ်ဖို့ခိုင်းတဲ့ ဘမော်။ ဗမာပြည်ကြီးအရေးတော် သူဟာ ဖိစီးနေသနော် . . . ဒဏ်ရာရအောင် အကြောင်းပြတဲ့ ဘမော် ရာထူးဂုဏ် ခုံမင်လို့ပဲ မှတ်ကြနော် . . . မောင်ဘမော်နန်းရေးဝန်ကို ဒီရာထူးပြုတ်ရအောင်နော် ကြိုးစားကြပါ အဆွေတော် . . . ဒို့ရဲဘော်အပေါင်းအဖော်တွေ ဗိုလ်အောင်ကျော်သတ္တိကို ချီးကျူးမမေ့နဲ့နော် . . . ဘမော် ဘဦးတို့က ရှုပ်သနော် . . . တိုင်းသူပြည်သားများနဲ့ တို့အပေါ် ပုဒ်မပုဒ်ထီးများကို ထုတ်ဖော် . . . ပြည်သူများနဲ့ အစိုးရအပေါ် ဒို့ကြွေးကြော် ထောင်ကျတဲ့ ဥက္ကဋ္ဌမဟော် ကန့်ကွက်လွတ်လပ်ဖို့ တို့ရဲဘော် . . . ”

ဤသီချင်းနှင့်အတူ ကြွေးကြော်သံအသစ်များလည်း ပေါ်လာ၏။

“ဒေါက်တာဘမော် . . . အို့ အို့ ဘဦး ဘဦး . . . ရှူး ရှူး။ ပေါ်ထွန်း ပေါ်ထွန်း . . . ကိုက် ကိုက် . . ”ကျွန်တော်တို့ကလေးများသည် ဘာမှန်းမသိဘဲ ထိုသီချင်းနှင့် ကြွေးကြော်သံများကို သံကုန်ဟစ်ကာ အော်ဆိုကြသည်။ အော်ဆိုရသည်မှာလည်း အလွန်အရသာရှိ၏။

သန်လျင်မြို့ ဘောလုံးကွင်းအတွင်း၌ အစိမ်းရောင်ယူနီဖောင်းများဝတ်လျက် သေနတ်ကိုယ်စီဖြင့် စစ်ရေးပြနေသော မျက်နှာဖြူတပ်များကို တွေ့ရသည်။ သူတို့ကို အုပ်ချုပ်သူမှာ စီတုပ်ပင်ဖြစ်၏။

အင်္ဂလိပ်တပ်သားများ လှုပ်ရှားသကဲ့သို့ ဗမာ့တပ်သားများကလည်း လှုပ်ရှားကြသည်။ ထိုစဉ်က မြန်မာ့တပ်သားများသည် ဘောင်းဘီအဖြူနှင့် အင်္ကျီအနီဝတ်သည်။ သူတို့အား ဗမာ့လက်ရုံးတပ်သားဟုခေါ်သည်။ ဗမာ့လက်ရုံးတပ်သားများသည် သခင်မများနှင့်အတူ ရန်ကုန်မှ သန်လျင်သို့ ဆိုက်ရောက်လာ၏။

သခင်မဆိုသည်မှာ မည်သို့ရှိသနည်းဟု တစ်မြို့လုံးထွက်ကြည့်ကြသည်။ သခင်မများကား အသားညိုညိုတွင် သနပ်ခါးဘဲကျားလိမ်းထားသော ထဘီတိုတိုဖြင့် မိန်းမကြမ်းကြမ်းကြီးများ ဖြစ်ကြသည်။

လက်ရုံးတပ်သားများကလည်း သီချင်းဆိုကြ၏။

“အမျိုးသမီးတို့ စဉ်းစားကြပါ။ အဓိကရုဏ်းမှာ ဒဏ်ရာရတာ . . . ဟောဒီရဲဘော်များ မကျေနပ်ပါ . . . ”

ကျောင်းသား၊ သခင်များ၊ ဆရာမများ၊ လက်ရုံးတပ်သားများဖြင့် သန်လျင်တစ်မြို့လုံးသည် အုံးအုံးကျွက်ကျွက် ထထကြွကြွ ဆူညံနေ၏။

ဤသို့အုံးကျွက်ဆူညံ ထကြွနေသော သန်လျင်မြို့ဆီသို့ မမျှော်လင့်ဘဲ ကိုကို ပြန်ရောက်လာသည်။ ကိုကိုသည် အိမ်သို့မလာ။ သူတို့ သခင်အစည်းအရုံးဆိုသည်မှာ တည်းသည်။ မကြာမီပင် ကိုကို၏ တရားပွဲများ ပေါ်ပေါက်လာ၍ လူအထူးစည်သည်။ ကိုကို့တရားပွဲများသို့ ကျွန်တော်တို့ နှစ်အိမ်သားလုံး သွားကြပြန်သည်။ ကိုကိုသည် သခင်မာကဲ့သို့မဆဲ၊ သခင်ဘနာဂျီကဲ့သို့ သာကီဝင်မင်းမျိုးများ အကြောင်း မပြော၊ သို့ရာတွင် . . . ကိုကို၏စကားများသည် ရှင်းလင်းကာ လူတိုင်း နားလည်သည်။

“အင်္ဂလိပ်က ကျွန်တော်တို့ကို ကျွန်လုပ်ထားတယ်။ ကျွန်လုပ်ထားတယ်ဆိုတော့ နဖားကြိုးထိုးတာပဲ၊ သူတို့ နဖားကြိုးကိုလူတိုင်းမမြင်ဘူး။ သူတို့ထိုးထားတဲ့ နဖားကြိုးက စီးပွားရေးနဖားကြိုးပဲ၊ မြန်မာပြည်မှာ ဆန်၊ စပါး၊ ကျွန်းသစ်၊ ရေနံ၊ ဓာတ်သတ္တုစသည်ဖြင့် ရတနာများ ရှိတယ် . . .။ အဲဒီရတနာတွေကို ကျန်လူများထက် သန်လျင်မြို့သူ မြို့သားများ အသိဆုံးဖြစ်တယ် . . . ”

ကိုကို့စကားများတွင် သွေးကြွဖွယ် မပါသော်လည်း ပရိသတ်အများက လက်ခုပ်တီးကြသည်။

ကြီးပြင်းလာမှ ကျွန်တော် စဉ်းစားမိသည်မှာ သန်လျင်မြို့လူထုသည် ကိုကို့စကားအနက်အဓိပ္ပာယ်ကို လက်တွေ့သဘောပေါက် နားလည်သောကြောင့်ဖြစ်၏။

ထိုစဉ်က သန်လျင်မြို့ ဘီအိုစီ၌ အမှုထမ်းသူ အချင်းချင်းကိုပင် အဆင့်အတန်း ခွဲထားသည်။

သူတို့ခွဲထားသော အဆင့်အတန်းမှာ ဘိလပ်သားစစ်စစ်တို့က တစ်ဂိုဏ်း၊ အဖေ အမေ ဘိလပ်သား စစ်သော်လည်း ဘိလပ်၌ မမွေးဘဲ မြန်မာပြည်၊ ကုလားပြည်တို့တွင် မွေးသောသူများက တစ်ဂိုဏ်း၊ အဖေ ဘိလပ်သားဖြစ်သော်လည်း အမေဖြစ်သူက ဗမာ၊ ကုလား၊ ကရင် တစ်ခုခု ဖြစ်နေသည့် ကပြားများက တစ်ဂိုဏ်း စသဖြင့် ဖြစ်၏။

ထိုဂိုဏ်းဝင်အသီးသီး တာဝန်ချင်းတူသော်လည်း လခချင်း မတူကြ။ ကလပ်ခေါ် မဟုတ်တရုတ် ဝိုင်းကမြင်းကြသော အဆောက်အအုံများကိုပင် တခြားစီထားသည်။ ဘိလပ်သားစစ်စစ်တို့က သန်လျင်ဘီအိုစီဝင်းအတွင်း အိမ်ကြီး၊ အိမ်ကောင်း၊ ကားကြီးကားငယ်များဖြင့် ခံစားကြ၏။ သူတို့မွေးထားသော ကလေးများကို ကရင်အမျိုးသမီး အာယာများက ထိန်းသိမ်းရသည်။ သူတို့ကားများကို တိုက်ပုံအင်္ကျီဝတ်၍ခေါင်းပေါင်းအနီ ပေါင်းအပ်သော ဗမာများက မောင်းရသည်။ သူတို့အိမ်တွင် စားပွဲထိုးသမားများကား သခင်ဘနာဂျီ ပြောသကဲ့သို့ သာကီဝင်စစ်စစ်ဖြစ်သော ကုလားများသာတည်း။ ဗမာ၊ ကုလားများကိုဆိုလျှင် အဖက်လုပ် စကားမပြောချင်သော ဗိုလ်ကပြားများသည် ဘိလပ်သားစစ်စစ်တို့၏ နေရာဝင်းအတွင်းသို့ ခြေပင်မချနိုင်။ မြို့တွင်း၌သာ ကြုံဖန်နေရသည်။

ဘိလပ်စစ်စစ်တို့၏ ကလပ်မှာ ဘီအိုစီဝင်းကြီး အတွင်း၌သာရှိသည်။ ကပြားတို့အတွက် ဘီအိုစီဝင်းနှင့် သန်လျင်မြို့အကြား ဒါရကာကုလားသင်္ချိုင်းနှင့် မနီးမဝေးတွင် ရှိသည်။ ကပြားကလပ်တွင် ဗိုလ်ကပြား၊ ဗိုလ်ကြက်ချေး၊ ဗိုလ်နှံ့ပြည်စုတ်ပေါင်းတို့ တက်ကြသည်။

ဗမာ၊ ကရင်၊ ကုလားစသော အရှေ့တိုင်းသား ဘီအိုစီအလုပ်သမားများအတွက် ထိုဗိုလ်ကြက်ချေး၊ ဗိုလ်နှံ့ပြည်စုတ်တို့၏ အပါးသို့ပင် ကပ်ခွင့်မရှိ။

ဤမျှ လူတန်းစားခွဲထားသည် ဖြစ်ရကား၊ ဘိလပ်သားစစ်စစ်ကို ကပြား၊ ကြက်ချေး၊ နှံ့ပြည်စုတ်တို့က မကျေနပ်။ ကပြား၊ ကြက်ချေး၊ နှံ့ပြည်စုတ်တို့ကို ဗမာ၊ ကုလားစသော အရှေ့တိုင်းသားများက မကျေနပ်။

ထို့ကြောင့်လည်း ကိုကို၏ ဟောကြားချက်ကို သန်လျင်မြို့သူမြို့သားများက လက်ခုပ်လက်ဝါးတီး၍ ပြင်းပြင်းထန်ထန် ထောက်ခံကြခြင်းဖြစ်၏။

ကိုကို ဟောပြောပြီးသောအခါ စင်မြင့်ပေါ်တက်၍ ကျောင်းသူကျောင်းသားများက သီချင်းဆိုသည်။သူတို့ဆိုသော သီချင်းမှာ မြန်မာပြည်ကြီးမှ သယံဇာတပစ္စည်းများကို နိုင်ငံခြားသားများက သွေးစုပ်ယူခြင်းအကြောင်းပင် ဖြစ်၏။ သီချင်းကို အစအဆုံး ကျွန်တော် မရတော့၊ မှတ်မိသမျှကား . . .။

“ ရွှေကို ယူသည်။ ငွေကို ယူသည်။ ပြီးတော့ လူကိုပါ ယူသည်။အမျိုးပျောက်မှာ စိုးကြောက်ပါလှသည်။ ကြာရင် နစ်မွန်းမည်။ မြန်မာဘုရင် အာဏာရှင် မရှိလေပြီ . . .၊ ငါတို့၌ာနီ စားခွက်လုကြသည်” ထိုညတရားပွဲ ပြီးပြီးချင်း ပုလိပ်များက ကိုကို့ကို ဖမ်းကြသည်။ ကိုကို့နောက်မှ လူအုပ်ကြီးသည် လိုက်ကြ၏။ ကျွန်တော်နှင့် ခိုင်က လူအုပ်ကြီးနှင့်အတူ လိုက်ချင်ပြန်သည်။ လူကြီးများက ဆွဲထားသဖြင့် မကျေမနပ်နှင့် အိမ်သို့သာ ပြန်ခဲ့ရ၏။

ဖမ်းဆီးထားသော သခင်ကျောင်းသားတို့ကို ခိုင်တို့ ဖေဖေ ဦးမြဘူးက စစ်ဆေးကာ စီရင်ချက်ချသည်။

စစ်ဆေးစီရင်ချက်ချရသည်မှာလည်း ရက်မကြာ၊ ဆွဲချခေါ် ပုလိပ်ရာဇဝတ်အုပ်က တရားခံများကို အစိုးရအား အကြည်ညိုပျက်အောင် တရားဟောသည်ဟု လျှောက်လဲချက်ပေးသည်။ မည်သည့်တရားခံများမှ ဆွဲချ၏ စွပ်စွဲချက်ကို မငြင်း။ အင်္ဂလိပ်အစိုးရကို အကြည်ညိုပျက်အောင် ဟောကြားခဲ့သည်ကို မငြင်းရုံမက တရားခွင်တွင်ပင် ဆက်လက်၍ အင်္ဂလိပ်အစိုးရမကောင်းကြောင်းများ ဟောကြားသေးသည်။ သူတို့၏ ဆောင်ပုဒ်ကား . . . “အမေကမွေး ထောင်ကကျွေး ”ဟူသတည်း။ ကိုကို့ကို အမှုစစ်သောနေ့တွင် လူကြီးများက ရုံးသို့မသွား။ သို့ရာတွင် မြိုင်ခေါင်းဆောင်၍ ခိုင်၊ ကျွန်တော်နှင့် ငြိမ်းမောင်တို့သည် တရားခွင်၌ ထိပ်ဆုံးက ထိုင်နေကြသည်။ ကျွန်တော်တို့အားလုံးသည် ပင်နီအင်္ကျီများကို ဝတ်ထားကြသည်။ ပထမဆုံးအနေဖြင့် ကျွန်တော်သည် ပုဆိုးဝတ်ခဲ့ရ၏။ ဖေဖေသည် သန်လျင်မြို့၌ ကျော်ကြားသော ဆရာဝန်ကြီးတစ်ဦးဖြစ်သည်။ ကိုကို့ကို စီရင်ချက်ချမည့် တရားသူကြီးမှာလည်း ဖေဖေနှင့် ခင်မင်ရင်းနှီးသော အိမ်နီးနားချင်းမိတ်ဆွေဖြစ်ကြောင်း လူတိုင်း သိကြသည်။

ထို့ကြောင့် ထိုနေ့က ရုံးတွင် ပရိသတ်တို့ ပြည့်လျှံနေ၏။ တရားခွင်ရှေ့ဆုံးမှ ထိုင်နေသော တရားသူကြီး၏ ပင်နီဝတ်သမီးများအကြောင်း သိသောအခါ သတင်းထောက်များက လာ၍ ဓာတ်ပုံရိုက်ကြသည်။ ဆွဲချရာဇဝတ်အုပ်က စွဲချက်များတင်ပြီးသောအခါ တရားသူကြီးဦးမြဘူးသည် ကိုကို့ကို ကြည့်၍ တည်ကြည်စွာဖြင့် မေးသည်။

“တရားခံ မောင်ထွန်းအောင် . . . မောင်မင်း၌ အပြစ်ရှိကြောင်း စွပ်စွဲချက်ကို ကြားပြီးပြီ၊ ဘာများ ထုချေကန့်ကွက်လိုသလဲ”

ကိုကိုသည် ပြုံးရွှင်တည်ငြိမ်စွာဖြင့် ပြန်ဖြေသည်။ ကိုကို့ အသံမှာ ခါတိုင်းလိုပင် အေးချမ်းကြည်လင်နေသည်။

“တရားသူကြီးမင်းခင်ဗျား . . . အင်္ဂလိပ်လုပ်ထားသော ဥပဒေအရ ကျွန်တော့်မှာ အပြစ်ရှိမည်ဆိုလျှင် မငြင်းပါ။ သို့ရာတွင် ဤဥပဒေတို့မှာ ဥပဒေစစ်စစ် မဟုတ်။ အားကြီးသူက အားနည်းသူကို နှိမ်နင်းရန် ပြုလုပ်ထားသော ချုပ်ချယ်မှုများသာဖြစ်သည်။ အပြစ်ရှိ မရှိ ဖြေရလျှင်မူ ကျွန်တော်၌ အပြစ်မရှိ။

မြန်မာပြည်သူပြည်သားများကို မတရားလာရောက် ဖိနှိပ်ထားသော အင်္ဂလိပ်များနှင့် အင်္ဂလိပ်ဘုရင်ခံ၌သာ အပြစ်ရှိသည်ဟု လျှောက်လဲလိုပါသည်”

ကိုကို့အဖြေကြောင့် ရုံးတွင်းရှိ ပရိသတ်အားလုံးတို့ လက်ခုပ်တီးသြဘာပေးကြသည်။

ကျွန်တော်က ရင်တထိတ်ထိတ်ဖြင့် စီရင်ချက်ကို နားထောင်နေသည်။ ခိုင်နှင့် မြိုင်တို့၏ ဖခင်ဖြစ်သော တရားသူကြီးဦးမြဘူးသည် ကိုကို့ကို ထောင်မချဟု ယုံကြည်သည်။

ထိုစဉ် ဦးမြဘူးသည် စီရင်ချက်ကို ဖတ်သည်။ ထုံးစံအတိုင်း စီရင်ချက်မှာ ရှည်သည်။ နောက်ဆုံး စကားရပ်များကား . . . “ . . . ဤအချက်များကို ထောက်ရှုသဖြင့် တရားခံ၌ အပြစ်ရှိကြောင်း ထင်ရှားသည်။ ထို့ကြောင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် သုံးလ ကျခံစေ . . . ”တစ်ရုံးလုံးမှာ ဆိတ်ငြိမ်သွားသည်။ မမျှော်လင့်သော စီရင်ချက်ကို ကြားရသဖြင့် ကျွန်တော်သည် ထိတ်လန့်ကာ ခေတ္တမျှကြောင်သွား၏။ ထိုစဉ် ကိုကိုက ပြုံး၍ ကျွန်တော့်အား လှမ်းကြည့်သည်။ ကျွန်တော်သည် ရုတ်ချည်း သတိရ၍ ထအော်သည်။

“သခင်မျိုးဟေ့ . . . ဒို့ဗမာ”

ဆိတ်ငြိမ်နေသော ရုံးခန်းကို ကျွန်တော်၏ အသံက ခွင်း၍ပေါ်လာသည်။ ကျွန်တော့်ဘေးမှ ခိုင်ကလည်း လက်သီးလက်မောင်းတန်း၍ ထအော်သည်။

“အရေးတော်ပုံ . . . အောင်ပါစေ”

ခိုင်နှင့် ကျွန်တော် အော်သောအခါ ငြိမ်နေသော မြိုင်သည်လည်း ထအော်သည်။ မြိုင်နှင့်အတူ ငြိမ်းမောင်လည်း ထအော်သည်။

ပုလိပ်များက ကိုကို့ကို ဂိတ်တဲအချုပ်ခန်းသို့ ပြန်ခေါ်သွားကြသည်။ ကိုကိုတို့နောက် ရှေ့ဆုံးမှ မြိုင်၊ကျွန်တော်နှင့် ငြိမ်းမောင်တို့သည် လက်သီးလက်မောင်းတန်း၍ အော်ဟစ်လိုက်ပါလာခဲ့သည်။ ကျွန်တော်တို့နောက်မှ လူအုပ်ကြီးလည်း တစ်ခဲနက် လိုက်ပါခဲ့၏။

ကျွန်တော်တို့သည် ဂိတ်တဲဝင်းအပြင်မှာ ဆက်လက်အော်နေကြသေးသည်။ မည်မျှအော်ကြသနည်းဆိုသော် ဖေဖေ လာခေါ်သဖြင့် ပြန်ခဲ့ရ၍ အိမ်သို့ရောက်သောအခါ အသံများ ဝင်ကုန်ကြပြီ။

ထိုနေ့ညက ညစာထမင်းမစားဘဲ မေမေသည် စောစော အိပ်ရာဝင်သည်။ မအိပ်ဘဲ မေမေငိုနေကြောင်း ကျွန်တော် နားလည်သည်။ ကျွန်တော် နားမလည်သည်မှာ ခိုင်တို့ ဖေဖေဘာကြောင့် ကိုကို့ကို ထောင်ချရသနည်း။ ဤသည်ကို လုံးဝ မကျေနပ်။

ညဦး၌ ဦးမြဘူးနှင့် ဒေါ်လှယဉ်တို့သည် ကျွန်တော်တို့ အိမ်ဘက်ကူးလာသည်။ **ဆက်လက်ဖော်ပြပါမည်။**

(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)

မိတ္ထီလာမြို့၌ပျက်စီးသွားသည့်နေအိမ်များအားမဲနှိုက်၍ထပ်မံနေရာချထားပေး

မိတ္ထီလာ မေ ၁၄

မိတ္ထီလာမြို့တွင် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် မတ် ၂၀ ရက်၌ ဖြစ်ပွားခဲ့သော ဘာသာရေး အဓိကရုန်းဖြစ်စဉ်ကြောင့် လူနေအိမ်များပျက်စီးဆုံးရှုံးသွားသည့် မိသားစုများ၏ လူနေအိမ်များကို မေ ၁၁ ရက် နံနက် ၁၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ မဲနှိုက်၍ ချမ်းအေးသာယာနယ်မြေတွင် ထပ်မံနေရာချထားပေးကြောင်း သိရသည်။

အဆိုပါ ဆုံးရှုံးသွားသည့် လူနေအိမ်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှု၊ အလှူရှင်များ၏လှူဒါန်းမှု ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၏ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှုဖြင့် ၂၀၁၄ ခုနှစ်အတွင်း ပြန်လည်အစားထိုးတည်ဆောက်ပေးခဲ့သည်။

ယင်းသို့ လူနေလုံးချင်းအိမ် ၃၅၀ တွင် အိမ်ထောင်စု ၃၅၀ ကို မဲနှိုက်၍ ပြန်လည် နေရာချထားပေးခဲ့ပြီး ကျန်ရှိနေသေးသည့် အိမ်ထောင်စု ၃၈၀ စုအတွက် ထပ်မံဆောက်လုပ်ပြီးစီးသည့် လူနေအိမ်များအနက်မှ ၁၁၇ လုံးတွင် နေထိုင်နိုင်ရန် အိမ်ထောင်စု ၁၁၇ ဦးအားထပ်မံမဲနှိုက်၍ နေရာချထားပေးခဲ့သည်။

"နေရာချထားပေးဖို့ အိမ်ထောင်စု ၃၈၀ လောက်ကျန်ရှိသေးတဲ့အနက် ပိုင်ဆိုင်မှုအထောက်အထား ခိုင်ခိုင်လုံလုံတင်ပြနိုင်ပြီး အရှုပ်အရှင်းကင်းတဲ့ အိမ်ထောင်စု ၁၁၇ စုကို ဒီနေ့ပြန်လည်နေရာ ချထားပေးတာပါ။ အိမ်ထောင်စု ၈၆ စုကို တစ်ကြိမ်၊ အိမ်ထောင်စု ၃၁ စုကို တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်ခွဲ မဲနှိုက်ပြီးနေရာချထားပေးတာပါ။ အများရှေ့မှာပဲ ပွင့်လင်းမြင်သာမှုရှိရှိနဲ့ မဲနှိုက်နေရာချထားပေးတာပါ။ ကျန်ရှိနေသေးတဲ့ အိမ်ထောင်စုတွေကိုလည်း အခုလိုမဲနှိုက်ပြီး ဆက်လက်နေရာချထားပေးသွားမှာဖြစ်ပါတယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်က ပြောသည်။

ချမ်းအေးသာယာနယ်မြေတွင် ပြန်လည်နေချထားပေးပြီး လုံးချင်းလူနေအိမ်များတွင် ပြန်လည်နေထိုင်ခွင့်ရရှိသူများအနေဖြင့် မြို့နယ်ကော်မတီသုံးခုပါဝင်သည့် ပြန်လည်နေရာချထားရေးကော်မတီ၏ စည်းကမ်းချက်များအတိုင်း လိုက်နာနေထိုင်ရန်လိုအပ်ပြီး စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာမှုမရှိသူများအား သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်သည်။ **ချမ်းသာ(မိတ္ထီလာ)**

မြန်မာ့ယဉ်ကျေးမှုတွင်ခေါင်းလောင်းလေးများကိုအလေးအနက်ထားလှူ

မန္တလေး မေ ၁၄

မြန်မာတို့၏ ရိုးရာအစဉ်အလာတွင် ခေါင်းလောင်းသံ၊ ကြေးစည်သံများကို ငြိမ်းချမ်းရေး သံစဉ်များပင် ခံယူထားကြသည်။

ခေါင်းလောင်း သံလေးလွင်လွင် ကြေးစည်သံငြိမ့် ညောင်းစေတီပောင်း၊ စေတီသစ်တို့၏ ရင်ပြင်တော်ပေါ်တွင် ဆုတောင်းခြင်း၊ အမျှဝေခြင်းတို့ ပြုတတ်ကြသည်။

မြန်မာနိုင်ငံ နေရာအနှံ့ အပြားတွင် ခေါင်းလောင်းများကိုတွေ့နိုင် သည်။

စေတီတော်၏ ထီးတော်တွင် ချိတ်ဆွဲလှူဒါန်းသော ရွှေငွေကြေးဆည်းလည်းများမှာ ခေါင်းလောင်းငယ်များပင်ဖြစ်သည်။

ခေါင်းလောင်းကြီးများမှ ထွက်ပေါ်လာသောအသံမှာ ဆွတ် ပျံ့ကြည်နူးဖွယ်ကောင်းလှသည်။ထို့အတူပင် ဆွဲလည်းများမှ ထွက်ပေါ်လာသော အသံမှာစိတ်ကို ငြိမ်းချမ်းစေပေသည်။ခေါင်းလောင်းမှ မြည်ဟည်းထွက်လာသော အသံသည် ကြားရသူတို့၏ စိတ်နှလုံးကို ကြည်နူးချမ်းမြေ့စေသည်။

ကုသိုလ်ကောင်းမှု ပြုပြီးသည်နှင့် ခေါင်းလောင်းထိုးကာ အမျှဝေလိုက်ပေသည်။ ခေါင်းလောင်းသံလွင်လွင်ကြားရသည်နှင့် စိတ်တို့ငြိမ်းချမ်းကာသုခကို လက်တွေ့ခံစားရမြဲပင်ဖြစ်ပေသည်။

ခေါင်းလောင်းသံသည် လူတို့၏ ညစ်ညူးသော အကုသိုလ်စိတ်တို့ကို ပြေပျောက် သက်သာစေပေသည်။ ကြည်ညိုသဒ္ဒါစိတ်ကို ပေါက်ပွားစေသည်။ ဘာသာရေးကိုင်းရှိုင်းမှုကို ထက်သန်အောင်စိတ်နှလုံးကို ညို့ငင်ဆွဲဆောင်စေသည်။ ထိုအကျိုးတရားတို့ကိုသိရှိကာ မိမိပြုသောကောင်းမှုတို့ကိုအများသူငါ ရစေရေးအတွက် ခေါင်းလောင်းထိုးခြင်း၊ ခေါင်းလောင်းလှူခြင်းတို့ကို ပြုလေ့ရှိသည်။

ခေါင်းလောင်းထိုးအမျှ ဝေခြင်းသည် ပုဂ္ဂလိကဒါနကို အများကုသိုလ်ဖြစ်အောင် ပြုလုပ်ခြင်းပင်ဖြစ်သည်။ လူသားခြင်း စာနာထောက်ထားမှု၊ အကြင်နာတရားထားမှု၊ မေတ္တာတရားထားမှု သင်္ကေတဖြစ်သည့်အတွက် ခေါင်းလောင်းအလှူကို အလေးအမြတ်ထားကာ အစဉ်အဆက် လှူဒါန်းခြင်းပင်ဖြစ်ပေသည်။ ယခုအခါ အညာကျေးလက်နှင့်တစ်ကွ နိုင်ငံအနှံ့အပြား စေတီ၊ ပုထိုးများတွင် ခေါင်းလောင်းလေးများကို အလေးအနက်ထားကာ လှူကြကြောင်းသိရသည်။ **တိမ်တမန်**

ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၌ စံပြနမူနာအဖြစ် အမှိုက်များစုပေါင်းလိုက်လံကောက်သိမ်း

ရန်ကုန် မေ ၁၄

တိုင်းဒေသကြီး၏ လမ်းညွှန်ချက်အရ စုပေါင်းအမှိုက်သရိုက်များ ကောက်သိမ်းခြင်းကို မေ ၁၁ ရက် နံနက် ၇ နာရီခွဲခန့်က ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် စံပြနမူနာအဖြစ် (၉၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့ ကွက်လပ်ကွင်းပြင်မှစတင်၍ စုပေါင်းအမှိုက်သရိုက်များ လိုက်လံကောက်သိမ်းခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသက်ဇော်ဝင်းနှင့် စည်ပင်ဝန်ထမ်းအဖွဲ့ဝင်များ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်းနှင့် ဝန်ထမ်းအဖွဲ့ဝင်များ ရပ်ကွက်ကျေးရွာပေါင်းစုံမှ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မြို့မရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာပေါင်းစုံမှ ဦးစီးအရာရှိဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်ပြည်သူများ စုစုပေါင်းအင်အား ၃၀၀ ကျော်ဖြင့် စုပေါင်းပူးပေါင်းပါဝင်ကာ အမှိုက်များကို လိုက်လံကောက်သိမ်းခဲ့ကြသည်။ **ကျင်မောင်**

မြင်းခြံ–မြို့သာ အာရ်ဘီအီးရထား စက်ပျက်၍ နားနေ

မြင်းခြံ မေ ၁၄

မြင်းခြံ-မြို့သာ အာရ်ဘီအီးရထားမှာ မေ ၈ ရက်မှစ၍ မြင်းခြံဘူတာတွင် စက်ပျက်နေ၍ မြင်းခြံ-တောင်သာ ခေါက်ပြန်အစီအစဉ်ကို ရပ်နားထားကြောင်း နွားထိုးကြီးဘူတာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တွဲနှစ်တွဲနှင့် ပြေးဆွဲနေသော မြင်းခြံ-မြို့သာ အာရ်ဘီအီးရထားမှာ စက်ပျက်ခဲ့၍ တစ်တွဲတည်းသာ ပြေးဆွဲနေစဉ် စက်ထပ်ပျက်၍ ယခုကဲ့သို့ မြင်းခြံ-မြို့သာ ခရီးစဉ်ရထား အကန့်အသတ်မရှိ ရပ်နားရခြင်းဖြစ်သည်ဟု ဆက်လက် ပြောသည်။

ယခုပျက်ခြင်းမှာ ဒုတိယအကြိမ် ရထားပျက်ခြင်းဖြစ်ပြီးအတာသင်္ကြန်ပိတ်ရက်နှင့်ကြုံ၍ မြင်းခြံ-မြို့သာရထားခေါက်ပြန်အစီအစဉ်မှာ အတာသင်္ကြန်ပြီးမှ ရထားထွက်နိုင်ခြေရှိကြောင်း ပြောပြသည်။ **ဌေးမြင့်မောင်**

မဟာသင်္ကြန်ကာလ သက်ကြီးပူဇော်ပွဲကျင်းပ

ရေး မေ ၁၄

မွန်ပြည်နယ် ရေးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ မဟာသင်္ကြန်ကာလသက်ကြီးပူဇော်ပွဲကို သင်္ကြန်အကြိုနေ့ နံနက် ၉ နာရီက ကျင်းပခဲ့ကြကြောင်း သိရသည်။

အဆိုပါ သက်ကြီးပူဇော်ပွဲတွင် အသက် ၈၅ နှစ်အထက် ဘိုးဘွား ၂၀၂ ဦးအတွက် တစ်ဦးလျှင်ငွေကျပ် ၁၂၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၂၄၂၄၀၀၀ ဖြင့် ပူဇော်လျက်ရှိသည်။

အမှတ် (၁၉) စစ်ဆင်ရေးနှင့်ကွပ်ကဲမှုဌာနချုပ်မှ ဗိုလ်မှူးချုပ်မျိုးဝင်းနှင့်ဇနီး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်နှင့်ဇနီး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ကော်မတီလေးရပ်မှအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် နိုင်ငံရေးပါတီလေးခုမှ တာဝန်ရှိသူများက တက်ရောက်ပူဇော်ခဲ့ကြကြောင်း သိရသည်။ **ထွန်းထွန်း(ရေး)**

မြင်းမူမြို့တွင် ကွန်ကရစ်လုပ်ငန်းလုပ်ကိုင်သူများအဆင်ပြေလျက်ရှိ

မြင်းမူ မေ ၁၄

မြင်းမူမြို့တွင် ကွန်ကရစ်လုပ်ငန်း လုပ်ကိုင်သူများ များပြားလာပြီး အဝီစိကျောက်ရေကန်များလည်း ဝယ်ယူသုံးစွဲသူ မြင့်တက်လာကြောင်း ယင်းမြို့တွင်နေထိုင်သူများက ပြောသည်။

"ဟိုတုန်းက ကွန်ကရစ်လုပ်ငန်း လုပ်ကိုင်ရောင်းချသူမရှိခဲ့ပါဘူး။အခုဆိုရင် လေး၊ ငါးဦးရှိနေပါပြီ။ အားလုံး အလုပ်ဖြစ်နေတာတွေ့ရှိရပါတယ်။

တပင်ရွှေထီး ရပ်ကွက်မှာလည်း အရင်က အဝီစိတွင်းတူးသော်လည်း ရေမရခဲ့ဘူးပါဖူး။ အခုဆိုရင် လေး၊ ငါးဦး တူးကြတာ ရေရရှိလို့ အဝီစိကျောက်ရေကန်တွေဝယ်ပြီး ရေထည့်သုံးနေပါပြီ"ဟု ဒေသခံတစ်ဦးက ပြောသည်။

"ကွန်ကရစ်တိုင်ကို တစ်ပြိုင်ထဲ ၁၀ တိုင်လုပ်ကိုင်ပါတယ်။ ကျောက်၊ ဘိလပ်မြေသဲ၊ရေ အနည်းငယ်တို့ဖြင့် နှံ့သွားအောင် ရောမွှေပြီးပါက ပုံစံခွက်ထဲအင်္ဂတေလောင်းထည့် သံလက်ကိုင်နဲ့ဖြန့်ပြီးတာနဲ့ သံသုံးပဲလုံး သုံးချောင်းကို တစ်နေရာဆီထည့်ပြီးပါက သံလက်ကိုင်ဖြင့် ဆွထိုးထိုးပြီး အင်္ဂတေအပြည့်လောင်းပြီး သံလက်ကိုင်ဖြင့် လိုက်ညှိပါတယ်။

"တိုင်တစ်လုံးမှာ ခြောက်နေရာ သံငုတ် ထည့်ပေးရတယ်။ သံဆူးကြိုးခတ်ရန်အတွက် ဝါးထရံကာမယ်ဆိုရင် တိုင်အထက်၊ အောက်၊ ခါးသုံးနေရာ နတ်တိုင်ထည့်ပေးရပါတယ်"ဟု ကျောက်တိုင်လုပ်ငန်း လုပ်ကိုင်သူတစ်ဦး ပြောပြသည်။

ကျောက်တိုင်တစ်တိုင်လျှင် ကျပ် ၄၀၀၀၊ ကျောက်ဝေ့(ရေတွင်း၊ အိမ်သာ)အတွက် တစ်လုံးလျှင် ကျပ် ၉၅၀၀၊ ကျောက်ကန်တစ်လုံးကျပ် ၂၅၀၀၀၊ ကျပ် ၁၈၀၀၀ ၊ကျပ် ၁၃၀၀၀၊ ကျင်တွယ်တိုင်ကြီး တစ်ခုကျပ် ၇၅၀၀၊ ကျပ် ၆၅၀၀ ၊ကျပ် ၅၅၀၀ ၊ကျပ် ၄၅၀၀ ရှိသည်။

ဆိုဒ်(၄)ဆိုဒ်၊ ရေထွက်ပြွန်လေးမျိုးရှိကာ အကြီးဆုံးက အကျယ် ၂၄ လက်မ၊ အရှည်ငါးပေ၊ တစ်လုံးလျှင် ကျပ် ၄၅၀၀၀၊ အကျယ် ၁၈ လက်မ၊ အရှည်ငါးပေ၊ တစ်လုံး ကျပ် ၃၅၀၀၀၊ အကျယ် ၁၂ လက်မ၊ အရှည် ငါးပေ၊ တစ်လုံးလျှင် ကျပ် ၁၈၀၀၀၊ အိမ်သာအဖုံးကျောက်ပြား လေးပေ၊ ထု နှစ်လက်တစ်ချပ် ကျပ် ၁၆၀၀၀၊ (၃ ပေခွဲ)ထု(၂)လက်မ တစ်ချပ်ကျပ် ၁၃၀၀၀ ဖြင့် ဝယ်ယူပြီးပစ္စည်းများကို အိမ်တိုင်ရာရောက် ပို့ခမယူဘဲလိုက်ပို့ပေးကြောင်း သိရသည်။

"ဒါကလည်း အနီးအဝေး၊ အနည်းအများပေါ် မူတည်ပါတယ်။ ပို့တဲ့အခါထော်လာဂျီပေါ်မှာ အက်ကွဲ၊ ကျိုးပဲ့တာရှိခဲ့ရင် ပြန်လဲပေးပါတယ်။ ဝင်းထရံတိုင်၊ ကျင်တွယ်တိုင်ဒီနှစ်မှာ အသုံးများပါတယ်။

တစ်ရက်ကို ကွန်ကရစ်လုပ်ငန်း လုပ်တတ်သူတစ်ဦးကို ကျပ် ၅၀၀၀ ၊ အတော်အသင့် လုပ်တတ်သူ ကျပ် ၄၀၀၀၊ မလုပ်တတ်သူတစ်ဦးကို ကျပ် ၃၀၀၀ ပေးရတယ်" ဟု ရွှေဆင်မင်း ကွန်ကရစ်လုပ်ငန်းပိုင်ရှင်က ပြောပြသည်၊ **(၆၂၄)**

ရန်ကုန်အနောက်ပိုင်း ခရိုင်ရေကစားမဏ္ဍပ်ဖွင့်

ရန်ကုန် မေ ၁၄

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် မဟာသင်္ကြန်ရေကစားမဏ္ဍပ်အား အင်းစိန်လမ်းမကြီး၊ လှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့၌ ဧပြီ ၁၃ ရက် သင်္ကြန်အကြိုနေ့ နံနက် ၉ နာရီက ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ၊ အနောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းထင်ဦးနှင့် ခရိုင်အတွင်းရှိ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်ဒုရဲမှူးကြီးဝင်းကြည်၊ ခရိုင်အတွင်းရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အလှအကအကဲဖြတ်ဒိုင်များနှင့် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များ တက်ရောက်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ဒုတိယရဲမှူးကြီးနှင့် ခရိုင်ပညာရေးမှူးတို့က ဖွင့်လှစ်ခဲ့သည်။ **အောင်မြင့်**(IPRD)

စတုတ္ထအကြိမ် ချင်းမီဒီယာကွန်ရက်တွေ့ဆုံပွဲကျင်းပ

မင်းတပ် မေ ၁၄

စတုတ္ထအကြိမ် ချင်းမီဒီယာကွန်ရက် (Chin Media Network) တွေ့ဆုံပွဲကို ဧပြီ ၁၀ ရက်မှ ၁၂ ရက်အထိ ချင်းပြည်နယ် (တောင်ပိုင်း) မင်းတပ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းခန်းမ၌ သုံးရက်ကြာ ကျင်းပခဲ့ကြောင်းသိရသည်။

ချင်းမီဒီယာကွန်ရက်သည် မြန်မာနိုင်ငံအတွင်းရှိ မီဒီယာလုပ်ငန်းများလုပ်ဆောင်နေသည့် ချင်းမီဒီယာများအတွင်း အချင်းချင်းအကြား ပူးပေါင်းမှုမြှင့်တင်ရန် ဖွဲ့စည်းထားသော ကွန်ရက်တစ်ခုဖြစ်ပြီး ရင်းနှီးမှုတည်ဆောက်ခြင်း၊ အတွေ့အကြုံဖလှယ်ခြင်း၊ လေ့လာခြင်း၊ ခိုင်မာသည့် ကွန်ရက်ဖွဲ့စည်းပုံနှင့် ရှေ့ဆက်လုပ်ငန်းစဉ်များဖော်ထုတ်ခြင်း၊ ချင်းပြည်နယ်နှင့် ချင်းတိုင်းရင်းသားပြည်သူလူထုတွင် ထိရောက်သော စတုတ္ထမဏ္ဍိုင်ဖွံ့ဖြိုးရေးအတွက် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း တွေ့ဆုံပွဲဖြစ်မြောက်ရေး ဒါရိုက်တာဦးယာကုပ်ထန်းက ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မင်းတပ်ခရိုင်ဦးစီးအရာရှိ ဦးလိန်းကီးက မီဒီယာကဏ္ဍ၏ အရေးကြီးပုံနှင့် မှန်ကန်သည့် သတင်းအချက်အလက်များ ထုတ်ပြန်နိုင်ရေး၊ ပြည်သူနှင့်နိုင်ငံတော်၏ အကျိုးဖြစ်စေမည့် သတင်းထုတ်ပြန်ရေး၊ မီဒီယာကျင့်ဝတ်များကို လိုက်နာနိုင်ရေးနှင့် ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်စေရေး၊ လူမျိုးအချင်းချင်း၊ ဘာသာအချင်းချင်း မသင့်မြတ်မည့် အကြောင်းတရားများ မသုံးမိစေရေးနှင့် ပြိုင်တူတွန်းလှျင်ရွှေ့နိုင်ပါသည်ဟူသော ဆောင်ပုဒ်ကိုနှလုံးသွင်း၍ ဦးတည်ချက်တူညီစွာဖြင့် ပြိုင်တူတွန်းကြမှသာတိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည်ဟု ဆက်လက်မှာကြားခဲ့ကြောင်း သိရသည်။ **ဇိုဟေဆာ**

ညောင်တုန်း၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြ

ညောင်တုန်း မေ ၁၄

ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီး မီးဘေးအန္တရာယ်သည် အချိန်အခါမရွေးဖြစ်ပွားလာနိုင်သည့်အတွက် အသက်အိုးအိမ်စည်းစိမ်နှင့် မလိုလားအပ်သော ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်လာစေရေးအတွက် ရပ်ကွက်အတွင်းမီးသတ်ဆေးဘူး များထားရှိရေး၊အသိပညာပေးခြင်း၊ လက်တွေ့မီးငြိမ်းသတ်စေရန် သရုပ်ပြပညာပေးခဲ့သည်။

ထိုသရုပ်ပြခြင်းနှင့်အတူ ညောင်တုန်းမြို့ အမှတ်(၇)ရပ်ကွက်အတွင်းရှိ ရေငုတ်ပိုက်အသီးသီးမှ ရေရယူပုံအဆင့်ဆင့်၊ အဝီစိမီးသတ်စက်ရေတွင်း ကိုးလုံးမှရေစုပ်တပ်ဆင်ပြီး၂ လက်မ မီးသတ်ရေပိုက်ရေစုပ်စက်များဖြင့်မီးငြိမ်းသတ်စွမ်းရည်သရုပ်ပြဇ တ်တိုက်လေ့ကျင့်ခြင်းများကို ဧပြီ ၁၂ ရက်မွန်း ၁ နာရီတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ မီးသတ်စွမ်းရည်သရုပ်ပြဇတ်တိုက်လေ့ကျင်ဆောင်ရွက်ရာတွင်မြို့နယ်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးနှင့် ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းမိုးနှင့်ဖွံ့ဖြိုးထောက်အကူပြုအဖွဲ့ဝင်များ ၊လူမှုရေးအသင်းအဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်ကြသည်။

ထို့ပြင် အမှတ်(၇)ရပ်ကွက်အတွင်းတွင် ၂ လက်မ မီးသတ်ရေပိုက် အဝီစီတွင်း ၁၄ လုံးတူးဖော်ဆောင်ရွက်ထားသည့်အပြင် ရေမြုပ်ပိုက်မရှိသောနေရာများ၊ မီးသတ်ယာဉ်မဝင်နိုင်သောနေရာများသို့ သုံးဘီမော်တော်ဆိုင်ကယ် ရွေ့လျားရေစုပ်ပိုက်များဖြင့် မီးဘေးအန္တရာယ်ပေါ်ပေါက်လာပါက အရေးပေါ် စီစဉ်ထားသည်။ **ဝင်းမြင့်ကျော်**

မြိတ်မြို့တွင် ရေကစားသူများဖြင့် အေးချမ်း ပျော်ရွှင်လျက်ရှိ

မြိတ် မေ ၁၄

၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ကို တစ်နိုင်ငံလုံး ဆင်နွှဲလျက်ရှိရာ အကြိုနေ့ ဧပြီ ၁၃ ရက်၌ အတာသင်္ကြန် အကြိုနေ့ နံနက်ပိုင်းမှစ၍ မြိတ်မြို့တွင် ပြည်သူများအနေဖြင့် ကလေးသူငယ်များမှ စတင်ကာ လမ်းသွားလမ်းလာများ၊ ဈေးအသွားအပြန်များအား အေးချမ်းပျော်ရွှင်စွာ ရေပက်ကစားလျက်ရှိကြသည်။

ထို့အတူ ရေကစားမဏ္ဍပ်များဖြင့် ရေကစားခြင်း၊ မော်တော်ဆိုင်ကယ်များ၊ မော်တော်ယာဉ် များဖြင့်လှည့်လည်၍ မြန်မာ့ရိုးရာအတာသင်္ကြန်သီချင်းများဖွင့်၍ ရေပက်ခံထွက်လျက် အေးချမ်းပျော်ရွှင်စွာဖြင့် ၁၃၇၅ခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်အား ကြိုဆိုလျက်စတင်နွှဲပျော်လျက်ရှိကြသည်။

အလားတူ ပြည်သူများအနေဖြင့် အေးချမ်းပျော်ရွှင်စွာ မြန်မာ့ရိုးရာရေသဘင်ပွဲဆင်နွှဲလျက်ရှိကြသလို မြန်မာတို့၏ နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးသည့် အချိန်အခါတွင် ကုသိုလ်ကောင်းမှုပြုသူများကလည်း မြိတ်မြို့ ဘုန်းတော်ကြီးကျောင်းများ၌ ဒုလ္လဘရဟန်းပြုခြင်းမင်္ဂလာ၊ တရာစခန်းများတွင် ယောဂီ ဝတ်စုံများဆင်မြန်း၍ တရားဘာဝနာအားထုတ်စသော ကုသိုလ်ကောင်းမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိကြကြောင်း သိရသည်။ **မြိတ်ခရိုင်(ပြန်/ဆက်)**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် နွေရာသီ အခြေခံအားကစားသင်တန်း ဆင်းပွဲကျင်းပ

မန္တလေး မေ ၁၄

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် ချမ်းမြသာစည်မြို့နယ်ရှိ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၏ ဧပြီ ၁၁ ရက် နံနက် ၈ နာရီက နွေရာသီ အခြေခံအားကစားသင်တန်းဆင်းပွဲကို အဆိုပါ ချမ်းမြသာစည်မြို့နယ် အားကစားကွင်း၌ကျင်းပခဲ့သည်။

အဆိုပါ ကျင်းပရာသို့ ဦးတင်မောင် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၊ ဦးဝင်းမောင်(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)၊ Dr. ဦးလှကြွယ် (မန္တလေးမြို့တော် အကြံပေးအဖွဲ့ဝင်)၊ ဦးဝေဇင် (ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန)၊ ဦးအောင်ကျော်စိုး (မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ) ဦးမြင့်ဦး (အတွင်းရေးမှူး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၊ ဦးကိုကိုဦး (ဥက္ကဋ္ဌ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီ)၊ Dr. ဦးသိန်းထွန်းအောင် (သူရိန်နန်းကိုယ်ပိုင် အထက်တန်းကျောင်း)၊ ဒေါ်မြင့်မြင့်စိုး (မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြု ကော်မတီဝင်)၊ ဦးအေးကျော် (မြို့နယ် ပညာရေးမှူးရုံး) နှင့် သင်တန်းနည်းပြများ သင်တန်းသား၊ သင်တန်းသူ မိဘများ တက်ရောက်ကြကြောင်း သိရ သည်။

ချမ်းမြသာစည်မြို့နယ် နွေရာသီ အခြေခံ အားကစားသင်တန်းကို မတ် ၁၀ရက် မှ ဧပြီ ၁၀ထိ ဖွင့်လှစ်ခဲ့ပြီး အားကစားနည်းများမှာ ဘောလုံး၊ ဂိုးဖမ်းနည်း၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ တိုက်ကွမ်ဒို၊ ကရာတေးဒို စသည့် အားကစားနည်းခြောက် နည်းကို သင်တန်းသား သင်တန်းသူ ၁၂၀ တက်ရောက်သင်ကြား တတ်မြောက်ခဲ့ပြီးဖြစ်သည်။ **တင်မောင်(မန္တလေး)**

ရဲတပ်ဖွဲ့များသန့်ရှင်းရေး လုပ်အားဒါနပြုလုပ်

ရန်ကုန် ဧပြီ ၁၄

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးသန်းမြင့်ဦး ဦးဆောင်မှုဖြင့် လှိုင်သာယာမြို့မရဲတပ်ဖွဲ့ ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ဆွေ၊ သောင်ကြီး ရဲတပ်ဖွဲ့ ရဲအုပ်ချစ်ကိုကို ပါဝင်သည့် ရဲတပ်ဖွဲ့ဝင်အင်အား ၇၀ တပ်ဖွဲ့မိသားစု ရဲမေအင်အား ၄၀ စုစုပေါင်းအင်အား ၁၁၀ ဖြင့် ဧပြီ ၁၀ ရက် နံနက် ၇ နာရီက လှိုင်သာယာပြည်သူ့ ဆေးရုံကြီးဝင်း၌ ချုံနွယ်ပေါင်းမြက် အမှိုက်ရှင်း၊ မြောင်းဖော် မြန်မာနှစ်သစ်ကြိုစုပေါင်းအားဖြင့် ပြည်သူ့ကျန်းမာရေးအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာ မြို့နယ်ကျန်းမာရေးတာဝန်ခံ ဆေးရုံအုပ်ကြီး ဒေါက်တာခင်ရူပါစိုးနှင့် ကျန်းမာရေးဝန်ထမ်းများကလည်း နှစ်သစ်အကြို ဒါနအလှူ အအေးစုံစားဖွယ်စုံဖြင့် ဧည့်ခံကျွေးမွေးလှူဒါန်းကြောင်း သိရသည်။ **(၁၂၉)**

အမရပူရမြို့နယ်၌ ကျေးရွာများတွင် ကွန်ကရစ်လမ်းများ ဖွင့်လှစ်

အမရပူရ ဧပြီ ၁၄

အမရပူရမြို့နယ်တွင် နွားနို့တော်စုကျေးရွာ၊ ရွာသစ်ကျေးရွာ၊ တဲနန်းသာကျေးရွာ၊ သရက်တန်းကျေးရွာနှင့် သာယာအေးကျေးရွာများတွင် ကိုယ့်အားကိုကိုး လျှပ်စစ်မီးသွယ်တန်းနိုင်ခြင်း၊ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းများ ဖွင့်လှစ်နိုင်ခြင်းများ ပြုလုပ်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

သာယာအေး ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းကို ဦးအောင်ခ၊ ဒေါ်ပိုင်မိသားစုမှ မတည်အလှူငွေကျပ် ၆၉ သိန်းနှင့်အတူ ကျေးရွာသူ၊ ကျေးရွာသားများ စုပေါင်းလှူဒါန်းငွေ ၄၆ သိန်း စုစုပေါင်း ၁၁၅ သိန်း အကုန်ကျခံကာ ဖောက်လုပ်ခဲ့သည်။

ယခုအခါ သာယာအေးကျေးရွာ တောင်ဘက်တွင် သရက်တန်းကျေးရွာမှ မြစ်ငယ်မြို့ရှိ ကတ္တရာလမ်းနှင့် ဆက်သွယ်နိုင်ရန် ရှစ်ပါးကျောင်း ဆရာတော်မှ ငွေကျပ်သိန်း ၄၀၀ ခန့် အကုန်အကျခံကာ ကွန်ကရစ်လမ်းခင်း ခဲ့ကြောင်းသိရသည်။

ယခုအခါ သရက်တန်းကျေးရွာမှ မြစ်ငယ်မြို့ ကတ္တရာလမ်းနှင့် ဆက်ဆက်နိုင်ရန် ယခင်ခင်းထားသော ရှစ်ပါးကျောင်း ဆရာတော်ကုသိုလ်ပြုထားသည့် လမ်းနှင့်တစ်ဆက်တည်းဖြစ်အောင် ခင်းလျက်ရှိပြီး လက်ရှိကာလ အမရပူရမြို့နယ်အတွင်းရှိ ကျေးရွာများသည် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းများဖြင့် ဆက်သွယ်မှုကောင်းမွန်ကာ ကျေးရွာချင်းဆက် မြို့ကိုတက်ကာ ဒေသထွက်သီးနှံများကို မန္တလေးမြို့ပေါ်ရှိ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များနှင့် ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းများ ခင်းကျင်းမှု များပြားလျက်ရှိပြီး ၂၀၁၅ ခုနှစ်အတွင်း မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းတွင် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းများစွာ ဖွင့်လှစ်နိုင်သလို လျှပ်စစ်မီးများလည်း သွယ်တန်းလာနိုင်ပြီး လူမှုရေး၊စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာကြောင်း သိရသည်။ **တိမ်တမန်**

ကျွန်းဆွယ်-ညောင်ပင်ကြီးစု ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်

ခင်ဦး ဧပြီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကျွန်းလည်ကျေးရွာအုပ်စု ကျွန်းဆွယ်-ညောင်ပင်ကြီးစု ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်ပွဲကို ဧပြီ ၁၁ ရက် နံနက် ၁၀ နာရီက အဆိုပါလမ်းတွင် ကျင်းပ ခဲ့သည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်သန်း၊ ဦးအောင်မျိုးငြိမ်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဌ ဦးရာဇာအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ကျောက်ချောလမ်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၄၃ သိန်းဖြင့် အရှည် ၁၅၀၀ ပေ၊ အကျယ် ၁၀ ပေ ခင်းကျင်းရာ စုစုပေါင်း ကုန်ကျငွေကျပ် ၉၂ သိန်းကျော် ကုန်ကျကြောင်းသိရသည်။

ကျွန်းဆွယ်-ညောင်ပင်ကြီးစု ကျေးရွာချင်းဆက်လမ်း ပြီးစီးသွားသဖြင့် ရွှေဘို-ရေဦးကားလမ်းသို့ ရာသီမရွေး သွားလာနိုင်ပြီး ညောင်ပင်ကြီးစုရှိ တိုက်နယ်ဆေးရုံနှင့် အ-ထ-က ကျောင်းသို့ပါ ရာသီမရွေး သွားလာနိုင်မှာဖြစ်သသည့်အတွက် ကျေးရွာနေပြည်သူများ၏ ကျန်းမာရေးပညာရေး၊ လူမှုရေး၊ စီးပွားရေးတို့ပါအဆင်ပြေလာတော့မည်ဖြစ်ကြောင်း ကျွန်းလည်ကျေးရွာ အုပ်ချုပ်ရေးမှူးဦးမြင့်ဦးက ပြောသည်။ **ခင်ဦးစိုးဝေ**

သပိတ်ကျင်းရှိ ဆေးဆိုင်များတွင် ကာမစိတ်ကြွဆေးများ ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေး

သပိတ်ကျင်း ဧပြီ ၁၄

မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်အတွင်းရှိ ဆေးဆိုင်များတွင် မူးယစ်ဆေးဝါးနှင့်ကာမရာဂ စိတ်ကြွဆေးများ သုံးစွဲမိပါက အန္တရာယ်ရှိသဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကြွဆေးများ တရားမဝင်ရောင်းချခြင်းများအား တာဝန်ရှိသူများမှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

နှစ်သစ်ကူးသင်္ကြန်ကာလတွင် လူငယ်များ အပျော်လွန်ပြီး မူးယစ်ဆေးဝါးနှင့်ကာမရာဂ စိတ်ကြွဆေးများ သုံးစွဲမိပါက အန္တရာယ်ရှိသဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကြွဆေးများ တရားမဝင်ရောင်းချခြင်း မရှိစေရေးအတွက် တနိုင်ငံလုံးအတိုင်းအတာဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

သပိတ်ကျင်းမြို့မရဲစခန်းမှူး ဒုရဲမှူး ထိန်လင်းမောင်နှင့်တပ်ဖွဲ့ဝင်များ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆိပ်ကမ်းရပ်ကွက်၊ ကဘဲ့ရပ်ကွက် အုပ်ချုပ်ရေးမှူးများ ပါဝင်ပူးပေါင်းအဖွဲ့သည် သပိတ်ကျင်းမြို့ပေါ်နှင့် မြို့နယ်အတွင်းရှိ ဆေးဆိုင်များအား ယနေ့ နေ့လည် ၁၁နာရီခွဲ အချိန်က မူးယစ်ဆေးဝါးနှင့် ကာမစိတ်ကြွဆေးများ ရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့သည်။

"နှစ်သစ်ကူးသင်္ကြန်ကာလဖြစ်လို့ လူငယ်တွေပျော်ကြပါးကြတာ မြန်မာတို့ရဲ့ ချစ်စရာဓလေ့ပါ။ ဒါပေမယ့် အပျော်လွန်ပြီး မူးယစ်ဆေးဝါးတို့ စိတ်ကြွဆေးတို့ သုံးစွဲမိရင် အသက်အန္တရာယ်ထိ ဖြစ်စေနိုင်ပြီး မိန်းကလေးတွေဆိုရင်ဘဝပျက်ကြမှာကို မိဘတိုင်း စိုးရိမ်နေကြပါတယ်။ ကိုယ့်ဒေသမှာ တားမြစ်ဆေးတွေ ရောင်းချခြင်း ရှိ၊ မရှိ တာဝန်ရှိသူတွေက ကွင်းဆင်းစစ်ဆေးလိုက်တော့ မိဘပြည်သူတွေ စိတ်သောက အေးရအောင်ဆောင်ရွက်တာပါ" မိဘတစ်ဦးက မှတ်ချက်ပေးခဲ့သည်။ ထိုကဲ့သို့ စစ်ဆေးဆောင်ရွက်ခြင်းမှာ သင်္ကြန်အတွင်း အန္တရာယ် ကင်းရှင်း စေပြီး မှုခင်းကျဆင်းရေးအတွက် အဓိကထားဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **စိုးနိုင်ဝင်း(သပိတ်ကျင်း)**

ကျင်းပလျက်ရှိသော မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်တွင် ဆင်နွဲရန် ရန်ကုန်-ပဲခူး-မန္တလေး ပြည်ထောင်စုကားလမ်းမကြီးဘေး ပဲခူးမြို့ ပြည်သူ့ဆေးရုံအနီးတွင် ပဲခူးတိုင်းဒေသကြီးမြန်မာ့ရိုးရာမဟာသင်္ကြန်ဗဟိုမဏ္ဍပ်ကို တွေ့ရှိကြောင်းသိရသည်။

ရေနံချောင်း၌ ယာဉ်ကြောများပိတ်ဆို့နေ

ရေနံချောင်း ဧပြီ ၁၄

မကွေးတိုင်းဒေသကြီးရေနံချောင်းမြို့တွင်ယခုရက်ပိုင်းအတွင်း ယာဉ်ကြောများပတ်ဆို့ခြင်း၊ ယာဉ်မကြာခဏတိုက်ခြင်းများနှင့် မော်တော်ယာဉ်မောင်းနှင်းသူများ အခြင်းခြင်းခိုက်ရန်ဖြစ်ပွားခြင်းများ မကြာခဏ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

၎င်းဖြစ်ရခြင်းများမှာ ရေနံချောင်းမြို့သည် မော်တော်ယဉ်များသွားလာရန် လမ်းကြောတစ်ခုတည်း ဖြစ်နေခြင်း၊ ယာဉ်မောင်းနှင်းသူများစည်းကမ်းမရှိခြင်း၊ လမ်းကျဉ်းမြောင်းနေခြင်းတို့ကြောင့်ယင်းကဲ့သို့ ဖြစ်ပွားရသည့်ဟု ဒေသခံများက ပြောသည်။ **သိန်းဇော်(ပြန်/ဆက်)**

ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

တိုက်ကြီး ဧပြီ ၁၄

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဌေးဝင်း၊ တိုက်ကြီးမြို့မရဲစခန်းမှူး ဒုရဲမှူးကျော်ကျော်နိုင်တို့ဦးစီးပြီး တပ်ဖွဲ့ဝင် ၈၇ ဦး၊ မိသာစုဝင် ၃၀ ဦး စုစုပေါင်း ၁၀၇ ဦးတို့သည် ဧပြီ ၁၁ ရက် နံနက် ၆နာရီခွဲမှ ၈ နာရီခွဲအထိ တိုက်ကြီးမြို့ နန္ဒဝန်ဘုန်းတော်ကြီးကျောင်းတိုက်အတွင်း ပြည်သူအကျိုးပြု သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်းဆင်းပွဲ ရွှေသောင်ယံမြို့နယ်၌ကျင်းပ

ရွှေသောင်ယံ ဧပြီ ၁၄

ရွှေသောင်ယံမြို့ အမှတ်(၁)ရက်ကွက် အဖြူရောင်မေတ္တာအသင်းမှ အကျိုးတော်ဆောင်၍ကျင်းပသော ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ ရက် ၂၀ သင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၁၀ ရက် နံနက် ၁၀း၀၀နာရီတွင် ဝိဝေကာရာမကျောင်းတိုက်၌ကျင်းပခဲ့သည်။

အဆိုပါသင်တန်းပိတ်ပွဲ အခမ်းအနားတွင် သင်တန်းဆရာမ ဒေါ်ခင်လှဲ့လှဲ့အောင်က သင်တန်းနှင့်ပတ်သက်၍တက်ရောက်လာကြသူများအား ရှင်းလင်းပြောကြားပြီး ဆုရ ကျောင်းသား၊ကျောင်းသူ ကိုးဦးနှင့် သင်တန်းတက်ရောက်ကြသော ကျောင်းသား၊ ကျောင်းသူ ၁၆၀ တို့ အား ဆုတံဆိပ်များ၊ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။ **ရွှေသောင်ယံ(ပြန်/ဆက်)**

သင်္ကြန်ကာလ လုံခြုံရေးလုပ်ငန်းများဆောင်ရွက်

ရေကြည် ဧပြီ ၁၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် မြို့မရပ်ကွက် ပိတောက်ချောင်းပိုင်းရှိ မြို့အဝင်လမ်းဆုံတွင် ရေကြည်မြို့နယ် ယာဉ်စည်းကမ်းကြီးကြပ်မှုကော်မတီမှ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးညွန့်ရွှေ၊ ရေကြည်မြို့နယ် ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးထွန်းထွန်းဝင်းဦးစီး၍ မြို့နယ်စီမံကိန်းဦးစီးမှူး ဦးအောင်ဇော်မင်းနှင့် မြို့နယ်မော်တော်ယာဉ်ထိန်းသိမ်းရေးကော်မတီမှ အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် မဟာသင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှု မဖြစ်ပွားစေရေးအတွက် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ ထော်လာဂျီ ယာဉ်မောင်း ၁၅၀ ဦးအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်း၊ နယ်မြေလုံခြုံရေးဆောင်ရွက်ထားရှိမှုနှင့် မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ထွန်းဝေ**

အတွေးအမြင်

မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ရရှိခဲ့သည့်ပီတိကုသိုလ်များ

à မောင်သောင်းဝင်း(တမန်ဟောင်း)

"ဖေဖေ သမီးတို့ ၈ နာရီဆို တရားစထိုင်တော့မယ်။ ဖေဖေရော ဘာလုပ်နေလဲ" ဆိုသောသမီးငယ်၏အသံကိုဖုန်းထဲမှကြားလိုက်ရသည့်အခိုက်အတန့်တွင် ရှုံးသွားဖို့ပြင်နေသော စာရေးသူ၏ အတွေးစများ လွင့်ပျယ်သွားပါသည်။ စာရေးသူ၏ ဇနီးအပါအဝင် အသက် ၁၁ နှစ်အရွယ်သမီးကြီးနှင့် အသက် ၆ နှစ်အရွယ်သမီးငယ်တို့သည် သင်္ကြန်ကာလအတွင်း ဧပြီ ၁၀ ရက်မှ ၁၈ ရက်အထိ သီလရှင်ဝတ်ပြီး ၉ ရက်ကြာ တရားစခန်းဝင်နေကြပါပြီ။

စာရေးသူလည်း သင်္ကြန်ကာလအတွင်း ဒုလ္လဘရဟန်းဝတ်ပြီး တရားစခန်းဝင်ရန် ဆန္ဒရှိခဲ့သော်လည်း ရုံးတာဝန်ကြောင့် စိတ်လွတ်လပ်မှုမရှိသဖြင့် မိသားစုများနှင့်အတူလိုက်ပါပြီး ကောင်းမှုကုသိုလ်ပြုလုပ်နိုင်ခြင်းမရှိဘဲ တစ်ဦးတည်းသာအိမ်စောင့်ကျန်နေခဲ့ရပါသည်။

သို့သော်ဇနီးနှင့် သမီးများ၏ သီလရှင်ဝတ်စုံ ခြောက်စုံအတွက်ကျသင့်သော တန်ဖိုးကိုမူ စာရေးသူ၏ ချွေးနည်းစာ စာမူခဖြင့် ဝယ်ပေးခွင့်ရရှိခဲ့သဖြင့် များစွာပီတိဖြစ်ခဲ့ရပါသည်။ ထိုစာမူခများသည်ကြေးမုံ၊ မြန်မာ့အလင်းနှင့် မြဝတီသတင်းစာတို့တွင် ဖော်ပြခဲ့သော ဆောင်းပါးအချို့၏ စာမူခများပင်ဖြစ်သည်။ ထို့ကြောင့် လိုအပ်ချက်များရှိနေသော စာရေးသူ၏စာမူများကို စိတ်ရှည်သည်းခံစွာ အချိန်ပေးဖတ်ရှု ပြင်ဆင်တည်းဖြတ်ပြီး နေရာပေးခဲ့ကြသော ကြေးမုံ၊ မြန်မာ့အလင်းနှင့် မြဝတီသတင်းစာတိုက်တို့မှ စာတည်းမှူးချုပ်များနှင့်အရာထမ်း၊ အမှုထမ်းများကိုလည်း များစွာကျေးဇူးတင်မိပါသည်။ ထိုသတင်းစာတိုက်များမှ စာတည်းမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများသည်လည်း ကုသိုလ်များစွာရရှိကြမည်ဟု ရိုးသားစွာ ယုံကြည်မိပါသည်။

သင်္ကြန်ကာလအတွင်း ကျွန်ုပ်တို့မိသားစုပြုသော ကောင်းမှုကုသိုလ်အဝဝကို ၃၁ ဘုံရှိ သတ္တဝါအပေါင်းတို့အား အမျှအတန်းပေးဝေပါသည်။ အထူးအားဖြင့် ထိုသတင်းစာတိုက်များမှ တာဝန်ရှိသူများကို လိုက်လိုက်လှဲလှဲမေတ္တာပို့ အမျှအတန်းပေးဝေလိုပါသည်။

စာရေးသူအဖို့ နေ့စဉ်ထုတ်သတင်းစာများတွင် မိမိပေးပို့ထားသော စာမူများပါလာလျှင် ခံစားရသောပီတိသည် မည်သည့်အရာနှင့်မျှ နှိုင်းယှဉ်၍မရသော ခံစားချက်မျိုးပင်ဖြစ်သည်။ ထိုစာမူများကို မမောနိုင်မပမ်းနိုင် အကြိမ်ကြိမ်ပြန်ဖတ်ရင်းနှီးသော မိတ်ဆွေများကို ပေးဖတ်ပြီး ဝေဖန်အကြံပြုချက်တောင်းရသည်မှာလည်း မရိုးနိုင်သော အလုပ်တစ်ခုလိုပင်ဖြစ်နေပါသည်။

ထို့အပြင်မြဝတီသတင်းစာတွင် ဖော်ပြခဲ့သော ဆောင်းပါးအချို့၏ စာမူခကိုလည်း အညာကျေးလက်ဒေသရှိအသက် ၈၀ ကျော်မိဘနှစ်ပါးအား သင်္ကြန်ကာလအတွင်းအလှူအတန်းပြုလုပ်နိုင်ရန်နှင့် ဆေးဖိုးဝါးခအဖြစ် ကန်တော့ခွင့်ရခဲ့သည့်အတွက် များစွာပီတိဖြစ်မိပါသည်။ တန်ဖိုးမဖြတ်နိုင်သော ကောင်းမှုကုသိုလ်များပင် ဖြစ်သည်။ ထို့အပြင်ဖခင်ဖြစ်သူသည် စာရေးသူ၏ ဆောင်းပါးပါရှိသော သတင်းစာများကို ရွာအတွင်း လှည့်လည်ပြီး တစ်အိမ်တက်ဆင်းပြောပြနေသည်ကို ပြန်လည်ကြားသိရသည့်အတွက်လည်း သား၊ သမီးများအပေါ်ထားရှိသော မိဘများ၏ ကျေးဇူးအနန္တတို့သည် ဆပ်၍ပင်မကုန်ဖြစ်နေပါတော့သည်။

ခြုံ၍ တင်ပြရလျှင်မြန်မာလူမျိုးတို့သည် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများ အထွတ်အမြတ်ထားသည့် သင်္ကြန်ကာလအတွင်း ကောင်းမှုကုသိုလ်များ ပြုလုပ်ပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော မြန်မာ့နှစ်ဆန်းတစ်ရက်နေ့ကို မင်္ဂလာရှိစွာဖြင့်ကြိုဆိုလေ့ရှိကြပါသည်။ သို့သော် ခေတ်ရွေ့ပြေးနေသည့်အချို့သောသူများသည် သင်္ကြန်ကာလအတွင်း မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သော အပြုအမူများဖြင့် ချစ်စရာ မြန်မာ့ရိုးရာမဟာသင်္ကြန်ကို အရောင်ဆိုးလေ့ရှိကြသည်။ ဘယ်သူမပြုမိမိအမှုပင်ဖြစ်သည်။ ကျွန်တော်တို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အားလျော်စွာ မြတ်စွာဘုရား ဟောကြားထားသော တရားတော်များတွင်ပါရှိသည့်အတိုင်း ကံ၊ ကံ၏အကျိုးကို ခံစားရမည်ကို ရိုးသားစွာ ယုံကြည်လက်ခံထားရှိကြပါသည်။

ထို့ကြောင့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကာလအတွင်း ကိုယ်တိုင် ကောင်းမှုကုသိုလ်မလုပ်နိုင်သည့်တိုင်အောင် ကောင်းမှုကုသိုလ်ပြုလုပ်သူများ၏ ဒါန၊သီလ၊ ဘာဝနာတို့အပေါ် မုဒိတာပွားပြီး သာဓုအကြိမ်ကြိမ် ခေါ်ဆိုသွားကြပါစို့ဟု အကြံပြုတိုက်တွန်းရေးသား တင်ပြအပ်ပါသည်။

မြန်မာ လူမျိုးတို့သည် ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူများ အထွတ် အမြတ်ထားသည့်သင်္ကြန်ကာလ. . . . . .

သင်္ကြန်ကာလ အညာကျေးလက်ဒေသများ၌ ကုသိုလ်ဒါနများသာ အဓိကထားလုပ်ဆောင်

အမရပူရ ဧပြီ ၁၄

သင်္ကြန်ကာလသည် မြန်မာနိုင်ငံတွင်အထူးအလေးအမြတ်ထားသော ကာလပင်ဖြစ်သောကြောင့် အများစုမှာအ လုပ်နားကာ ကုသိုလ်ပြုသူ ဥပုသ်စောင့်သူ၊ လည်ပတ်သူတို့နှင့်တစ်ကွ မြို့ကြီးများတွင် သင်္ကြန်မဏ္ဍပ်များစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။

သို့သော် အညာကျေးလက်ဒေသများတွင်သင်္ကြန်ကာလအတွင်း လည်ပတ်ခြင်းထက် ဘုန်းတော်ကြီးကျောင်းများတွင် ကုသိုလ်ပြုရေး အားခဲလုပ်ဆောင်ကြသည်။

ကလေးငယ်များမှအစ ဘုန်းကြီးကျောင်းတွင် တဘက်ကလေးများ၊ ပခုံးထက်တင်ကာ ဥပုသ်သည်များကို လက်ဖက်၊ ချိုချဉ်၊ မုန့်ယပ်တောင်နှင့် အခြားစားသောက်ဖွယ်ရာများကို ကုသိုလ်ပြုကမ်းလေ့ရှိသည်။

ဥပုသ်သည်များအတွက် တစ်ဦးစီမှ တတ်နိုင်သည့် အချိုပွဲများ သီလမယူခင်တည်ခင်းကျွေးမွေးလေ့ရှိသည်။ သင်္ကြန်ကာအတွက် စတုဒိသာကျွေးခြင်း၊ အရုဏ်ဆွမ်းကပ်ခြင်းတို့အတွက် ကြိုတင်စာရင်းပေးသွင်းထားလေ့ရှိသည်။

ဥပုသ်သည်များနှင့်တကွ ဘုန်းကြီးကျောင်းလာရောက်သူများအားလုံးကို ကျွေးမွေးလေ့ရှိပြီး အခြားသော ကုသိုလ်ရှင်များမှာ အချိုရည်ကမ်းခြင်းများ၊ ဓမ္မစာအုပ်များ ကမ်းခြင်းတို့ကိုပါ ပြုလုပ်လာသည်။

မြတ်မင်္ဂလာ၊ ဓမ္မဗျူဟာမှအစ စာအုပ်များကိုတစ်နှစ်ပတ်လုံးစုဆောင်းထားကာ သင်္ကြန်တွင်း ဥပုသ်ကျောင်းလာသူများကို ကမ်းလေ့ရှိသည်။ အညာကျေးလက်ဒေသတွင် ရေပက်ခြင်း၊ ကားဖြင့်လည်ခြင်းထက် ဘုန်းတော်ကြီးကျောင်းတွင် ကုသိုလ်ပြုရေးကိုသာ အလေးထားဆောင်ရွက်လေ့ရှိကြောင်းနှင့် သင်္ကြန်တွင်းတွင် ဘုန်းတော်ကြီးကျောင်းများတွင်သာ လူစည်ကားလေ့ရှိကြောင်းသိရသည်။ **တိမ်တမန်**

အခြေခံကွန်ပျူတာသင်တန်းအမှတ်စဉ်(၂) ဖွင့်လှစ်

မိုးကောင်း ဧပြီ ၁၄

ကချင်ပြည်နယ် မိုးကောင်းမြို့ ဈေးကုန်းရပ်ကွက်ရှိ 'အမေ့မေတ္တာ' အခမဲ့ပညာဒါနကျောင်း၌ ဧပြီ ၈ ရက်မှစတင်၍ အခြေခံကွန်ပျူတာသင်တန်းအမှတ်စဉ်(၂) ဖွင့်လှစ်လျက်ရှိကြောင်းသိရသည်။

အဆိုပါသင်တန်းသို့ ကျောင်းသား၊ ကျောင်းသူ ၄၅ ဦး တက်ရောက်ကြပြီး သင်တန်းနည်းပြ ဦးဝင်းအောင် ဦးဆောင်သော ဆရာ၊ ဆရာမ လေးဦးတို့က ကွန်ပျူတာကိုးလုံးဖြင့် သင်တန်းကာလနှစ်လကြာ လေ့ကျင့် သင်ကြားပေးမည်ဖြစ်ကြောင်းသိရသည်။ **(၄၉၉)**

ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်မှ မြန်မာစာ ဂုဏ်ထူးဆုရရှိသူများအား ဆုချီးမြှင့်

ဖျာပုံ ဧပြီ ၁၄

ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်မှ ဖျာပုံမြို့နယ်အတွင်း တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် မြန်မာစာဂုဏ်ထူးရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား နှစ်စဉ်ချီးမြှင့်သော ဆရာဇော်ဂျီ ရာပြည့် စာကြည့်တိုက် မြန်မာစာဂုဏ်ထူးဆု ချီးမြှင့်သည့်အခမ်းအနားကို ဧပြီ ၁၂ ရက် နံနက် ၉ နာရီက ဖျာပုံမြို့ ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက် တိုးချဲ့ဆောင်သစ်တွင် ကျင်းပခဲ့သည်။

ကျောင်းသား၊ ကျောင်းသူများ မြန်မာစာပေကို ချစ်မြတ်နိုးစေရေး၊ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဖျာပုံမြို့ဇာတိ အမျိုးသားစာဆိုကြီးဆရာဇော်ဂျီကို ဂုဏ်ယူလေးစားအတုယူရေးတို့အတွက် အထောက်အကူပြုနိုင်မည်ဟု ယုံကြည်သောကြောင့် ယင်းသို့ချီးမြှင့်ခဲ့ကြောင်း သိရသည်။

၂၀၁၄-ခုနှစ် တကသိုလ် ဝင်တန်းစာမေးပွဲတွင် ဖျာပုံမြို့နယ်အတွင်းမှ မြန်မာစာဂုဏ်ထူးရှင်ကိုးဦးအား ဆုချီးမြှင့်သည့် အဆိုပါ အခမ်းအနားတွင် ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူးဦးစိုးတင့်နှင့် စာကြည့်တိုက်အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဝေမြင့်တို့က ဂုဏ်ပြုအမှာစကားပြောကြားကြပြီး ဆုရရှိသူများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်သည် ၂၀၀၈ ခုနှစ် စတင်ဖွင့်လှစ်ချိန်မှ စ၍ နှစ်စဉ် ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက် မြန်မာစာဂုဏ်ထူးဆုချီးမြှင့် လျက်ရှိရာ ယခုနှစ်သတ္တမအကြိမ်အထိ မြန်မာစာဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူ ပေါင်း ၆၉ ဦးကို ဆုချီးမြှင့်ခဲ့ပြီးဖြစ်သည်။ **သူဇာနွယ်(ဖျာပုံ)**

ပုလောမြို့နယ်၌ သက်ကြီးပူဇော်ပွဲ ကျင်းပ

ပုလော ဧပြီ ၁၄

မြန်မာ့ရိုးရာယဉ်ကျေးမှု ထုံးတမ်းဓလေ့တစ်အနေဖြင့် နှစ်စဉ်ကျင်းပလျက်ရှိသော သက်ကြီးရွယ်အို အဘိုးအဘွားများအား ပူဇော်ကန်တော့ခြင်းကို ပုလောမြို့ အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ဧပြီ ၁၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ယင်းနောက် အသက် (၈၀) နှစ်အထက် အဘိုး ၁၉ ဦး၊ အဘွား ၂၉ ဦးအား အမှတ်(၄)ရပ်ကွက်အတွင်းရှိ စေတနာရှင်လူငယ်များမှ ပူဇော်ကန်တော့ကြပြီး ဘိုးဘွားတစ်ဦးလျှင် အလှူငွေကျပ် ၁၅၀၀၀ နှင့် မျက်နှာသုတ်ပဝါ တစ်ထည်စီဖြင့် (၂၅)နှစ်မြောက်ငွေရတုအထိမ်းအမှတ်အဖြစ် လှူဒါန်းပူဇော်ကန်တော့ကြကြောင်း သိရသည်။ **ပုလော(ပြန်/ဆက်)**

ရန်ကုန်မြောက်ပိုင်းခရိုင် မြန်မာ့ရိုးရာမဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၄

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် ရန်ကုန်-ပြည်လမ်းမပေါ် ရှိအ-လ-က (၁၂) ကျောင်းရှေ့တွင် ၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်မဏ္ဍပ်၌ သင်္ကြန်အကြိုနေ့ ဧပြီ ၁၃ ရက် နံနက် ၉နာရီခွဲက ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ခရိုင်မဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားကို အစီအစဉ်ငါးရပ်ဖြင့်ကျင်းပခဲ့ပြီး အစီအစဉ်အရ ယိမ်းအဖွဲ့များနေရာယူကာ ရန်ကုန်မြောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းဦးက နှစ်သစ်မင်္ဂလာ အမှာစကားပြောကြားပြီး၊ ၁၃၇၆ ခုနှစ် ရန်ကုန်မြောက်ပိုင်းခရိုင် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်မဏ္ဍပ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

နိုင်ငံတော် ရွှေတံဆိပ်ဆုရှင် နန်းဝင်းက မြူမှောင်ဝေကင်း၊ မန်းတောင်ရိပ်ခို၊ ညိုမြသီချင်းများကို သီဆို၍ ယိမ်းအဖွဲ့များမှ ကပြခြင်းနှင့် ဖွင့်ပွဲအခမ်းအနားကို အောင်မြင့်စွာဖြင့် ဖွင့်လှစ်နိုင်ခဲ့ခြင်းတို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဒေါ်စန်းစန်းနွယ်၊ စိုက်ပျိုးမွေးမြူရေးဝန်ကြီး ဦးစိုးမင်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းဦးနှင့် အင်းစိန်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အခမ်းအနားသို့ မြို့နယ်ရှစ်မြို့နယ်မှ အုပ်ချုပ်ရေးမှူးများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့် အဖွဲ့ယိမ်းအဖွဲ့များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ **(၆၈၄)**

ပညာအလင်းထွန်းညှိပေးသူများနှင့် ပညာယူသူတို့၏ ရင်တွင်းမှ ပီတိစကားသံများ

“ဝ ထ က လ သ” ဟူသော စာအံသံ၊ စာဖတ်သံတို့သည် ပျဉ်းမနားမြို့နယ်မှ ခုနစ်မိုင်ခန့်ကွာဝေးသည့် သနပ်ပင်ဆိပ်အရှေ့ရွာ စာသင်ဝိုင်းဆီမှ တညီတညာပျံ့လွင့်နေ သည်။ စာသင်သားများ ရှေ့တည့်တည့်တွင်ရှိသည့် အစိမ်းရောင်သင်ပုန်းလေးပေါ်မှ “ဝ ထ က လ သ”စာသားကို ရွတ်ဆိုနေကြသည့် အသက်(၅၀)ကျော် အရွယ်မှ အသက်(၂၀)ကျော်အရွယ် သားသည်မိခင်များ၊ လူငယ်လူရွယ်များ၏ ပီတိအပြုံးများသည် မြင်ရသူတို့၏ ရင်ကို ရွှင်လန်းတက်ကြွမှုများ ကူးစက် နေသည်။ အားလပ်ချိန် ပဓာနမထားဘဲ သင်ကြားပေးနေသည့် ဆရာ၊ ဆရာမများနှင့် လုပ်အားပေးကျောင်းသူလေးများအတွက် ပီတိကိုစား အားရှိနေကြသည်ကို နှုတ်မှဖွင့်ဟမပြောမိမှာပင် ၎င်းတို့၏မျက်နှာများတွင် အထင်းသားပေါ်လွင်နေသည်။

တန်ဖိုးရှိလှသည့် မိမိတို့၏ နွေရာသီအားလပ်ချိန်များတွင် မိမိတို့တတ်စွမ်းသမျှ နိုင်ငံ့တာဝန်ကို အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ထမ်းဆောင်နေကြ သော ပညာအလင်းထွန်းညှိပေးသူများနှင့် ပညာယူသူတို့၏ ရင်တွင်းမှ ပီတိစကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။

ဒေါက်တာသိန်းဝင်း
မြန်မာစာဌာန(ကထိက)
မိတ္ထီလာတက္ကသိုလ်

ဆရာက ဒီမှာ အဖွဲ့ခေါင်းဆောင်အနေနဲ့ တာဝန်ယူထားပါတယ်။ ပျဉ်းမနားမြို့နယ်ရဲ့ စာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် ဆင်သေကျေးရွာ မှာ မေ ၁ရက် နံနက် ၉နာရီမှာ ဖွင့်ပွဲ ပြုလုပ်ခဲ့ပါတယ်။ ပျဉ်းမနားမြို့နယ်၏ စာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် ကျေးရွာပေါင်း ၄၇ရွာ၊ ကျေးရွာအုပ်စု အနေနဲ့ ၁၇အုပ်စုမှာ စာသင်ဝိုင်း ၆၅ဝိုင်းဖွဲ့ပြီး ကြီးကြပ်သူ ခုနစ်ဦးနဲ့ လုပ်အားပေး ၆၅ဦးနဲ့ သင်ကြားပေးနေပါတယ်။ သင်တန်းသားအနေနဲ့ကတော့ အားလုံး ၆၅၇ ဦးရှိပါတယ်။ ဒါပေမယ့် မြေပြင်စာရင်းက ပိုများပါတယ်။ စာတတ်မြောက်ရေးလှုပ်ရှားမှုမှာ ပါဝင်တဲ့ ကျေးရွာများထဲမှ ရွာ ၂၀လောက်က တောင်ပေါ်ရွာတွေ ဖြစ်ပါတယ်။ မြေပြန့်ရွာတွေမှာ သင်ယူမှုအပိုင်းမှာ အခက်အခဲမရှိပေမယ့် တောင်ပေါ်ဒေသတွေမှာက တိုင်းရင်းသားဘာသာစကားများ သာအသုံးများသဖြင့် ဘာသာစကား အခက်အခဲလေးတွေရှိပါတယ်။ ကရင်၊ ကယန်းက များတယ်။ သင်ကြားမှုမှာ မြန်မာစာသင်မှာဖြစ်တဲ့အတွက် ဘာသာစကားနှစ်မျိုးတတ်တဲ့ဒေသခံ တိုင်းရင်းသားတွေကို ဘာသာပြန်အနေနဲ့ထားပြီး သင်ကြားပေးနေပါတယ်။ ကျေးရွာတွေမှာ စာမတတ်သူတွေ ရှိနေပါသေး တယ်။ သူတို့ရဲ့ စားဝတ်နေရေးနဲ့ အချိန်မပေးနိုင်တာရယ်၊ စာသင်ရမှာ ရှက်ပြီးတော့ လာရောက်မသင်ယူနိုင်ကြဘူး။ ဆရာတို့အနေနဲ့ သူတို့ကို စည်းရုံး ဆွေးနွေးသွားမယ်ဆိုရင် တဖြည်းဖြည်းနဲ့ စာမတတ်သူ ပပျောက်သွားမှာပါ။

ဒေါက်တာဝင်းဝင်းခိုင်
ဓာတုဗေဒဌာန (သရုပ်ပြ)
မိတ္ထီလာတက္ကသိုလ်

သင်ယူတဲ့နေရာမှာတော့ အခက်အခဲလေးတွေရှိပါတယ်။ ဒါပေမယ့် အဲဒီတွေကို ဆရာမတို့က အခက်အခဲလို့ မယူဆပါဘူး။ ဆရာမတို့ရဲ့ အဓိကရည်ရွယ်ချက်ကိုက နိုင်ငံတော်က စီမံချက်ဖြစ်တဲ့အတွက် စာမတတ်သူပပျောက်ရအောင် စာမတတ်တဲ့သူတွေကို စာတတ်အောင် သင်ကြားပေးသွားမှာပါ။ ကျွန်မတို့က ဆရာ၊ ဆရာမလည်း ဖြစ်နေတဲ့အတွက် စာမတတ်သူကို စာတတ်အောင်၊ တတ်တဲ့သူကို ပိုတတ်အောင် ဘယ်လိုပဲခက်ခဲခက်ခဲ ရအောင်သင်ပေးမယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ လာရောက်သင်ပေးတာပါ။ ဘယ်လိုပဲဖြစ်ဖြစ် ဆရာ ဆရာမဆိုတာ ဘယ်မှာပဲတာဝန်ကျကျ ကျတဲ့နေရာမှာ ကျေပွန်အောင် ထမ်းဆောင်မယ်ဆိုတဲ့ စိတ်ဆုံးဖြတ်ပြီးမှ လာတဲ့အတွက်ကြောင့် ဘယ်လိုအခက်အခဲပဲဖြစ်ဖြစ် ဖြေရှင်းသွားမှာပါ။ စာသင်ချိန်ကတော့ မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအထိနဲ့ ညနေ ၆နာရီမှ ည ၉နာရီအထိ သင်ကြားပေးနေပါတယ်။

မအေးအေးလင်း
ဓာတုဗေဒဘာသာရပ်
မိတ္ထီလာတက္ကသိုလ်

ကျွန်မအနေနဲ့ တစ်ခါမှ ဒီလိုအတွေ့အကြုံဆိုတာ မရှိခဲ့ပါဘူး။ ဒီလို စာတတ်မြောက်ရေးလှုပ်ရှားမှုမှာ ပါဝင်ရမယ်ဆိုတာကိုလည်း မမျှော်လင့်ခဲ့ပါဘူး။ အခုလို စာတတ်မြောက်ရေးလှုပ်ရှားမှုမှာ ပါဝင်ရတဲ့အတွက် ဝမ်းလည်းသာတယ်။ တကယ်လည်း ဝါသနာပါတဲ့ အတွက်ကြောင့် ဘယ်ကိုပဲကျကျ၊ ဘယ်လို

ဒေါက်တာသိန်းဝင်း
မြန်မာစာဌာန(ကထိက)

ဦးညွန့်မောင် (ရပ်မိရပ်ဖ)
သနပ်ပင်ဆိပ်အရှေ့ရွာ

ဦးထွေးတင်(ရာအိမ်မှူး)
သနပ်ပင်ဆိပ်အရှေ့ရွာ

မအေးအေးလင်း(ဓာတုဗေဒဘာသာရပ်)
စတုတ္ထနှစ်ကျောင်းသူ

ဆရာမဒေါ်လှဲ့လှဲ့(ကျောင်းအုပ်)
သနပ်ပင်ဆိပ်အရှေ့ရွာ

ကိုဇော်မင်းသန်း(စာသင်သား)
သနပ်ပင်ဆိပ်အရှေ့ရွာ

ဒေါက်တာ ဝင်းဝင်းခိုင်
ဓာတုဗေဒဌာန(သရုပ်ပြ)

အခက်အခဲ တွေနဲ့ပဲတွေ့တွေ့ သွားရောက်သင်ကြားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လာရောက်ခဲ့တာပါ။ ကျွန်မတို့ သင်တဲ့စာကို သင်ယူသူတွေကလည်း ကြိုးကြိုးစားစားနဲ့ လိုက်နာသင်ယူတဲ့အတွက် ပျော်လည်းပျော်တယ်။ အားလည်းရတယ်။ စာကို လေးလေးနက်နက်နဲ့ သင်ယူကြသလို ရအောင်လည်း ကြိုးစားမယ်ဆိုတဲ့ စကားသံလေးတွေ ကြားရတဲ့အတွက်လည်း အတိုင်းအသိ ဝမ်းသာမိပါတယ်။

ဒေါ်လှဲ့လှဲ့(ကျောင်းအုပ်)
သနပ်ပင်ဆိပ်အရှေ့ရွာ

အခုလို လာရောက်သင်ကြားပေးတဲ့အတွက် စာမတတ်သူမိဘအချို့အနေနဲ့ သူတို့ရဲ့ သားသမီးတွေအတွက် အဘက်ဘက်က အထောက်အကူ ဖြစ်စေမှာပါ။ သားသမီးလေးတွေ ကိုယ့်ရှေ့မှာ အမှားတွေ ရေးနေ၊ ဖတ်နေရင်တောင် စာမတတ်လို့ မထောက်ပြ၊ မသင်ပြနိုင်တာလေး တွေရှိတဲ့အတွက် အခုလို စာတတ်မြောက်ရေးလှုပ်ရှားမှုမှာ ပါဝင်ဆောင်ရွက် နေကြသူအားလုံးကို ကျေးဇူးတင်ပါတယ်။

ကိုဇော်မင်းသန်း (စာသင်သား)
သနပ်ပင်ဆိပ်အရှေ့ရွာ

ကျွန်တော် အရင်က ‘အ’သုံးလုံးသင်တန်းကို တက်ဖူးပါတယ်။ အခုလည်း ကျွန်တော်လာတတ်တာပါ။ အခုဆိုရင် စာတော်တော်များများ ဖတ် တတ်နေပါပြီ။ ကျွန်တော်တို့လို စာမတတ်သူတွေကို အခုလို လာရောက်သင်ကြားပေးတဲ့အတွက် ဆရာ ဆရာမတွေနဲ့ အားလုံးကို ကျေးဇူးတင်ပါတယ်။ သင်ယူလိုတဲ့စိတ်၊ စာဖတ်တတ်၊ ရေးတတ်ချင်တဲ့စိတ်တွေ ကျွန်တော်တို့စာသင်သားအားလုံးမှာ ရှိပါတယ်။ အခုဆို ကျွန်တော်ဖတ်ချင်တဲ့ တရားစာအုပ် တွေကိုလည်း ဖတ်လို့ရပြီ။ တီဗွီကလာတဲ့ စာတန်းထိုးဇာတ်ကားတွေကိုလည်း ကြည့်လို့ရတော့မှာပါ။

ဦးထွေးတင် (ရာအိမ်မှူး)
သနပ်ပင်ဆိပ်အရှေ့ရွာ

စာမတတ်သူ ပပျောက်စေရေးအတွက် ဆရာ ဆရာမတွေက နိုင်ငံတော်စီမံချက်နဲ့အတူ ကျေးရွာ၊ ဒေသခံအုပ်ချုပ်ရေးအဖွဲ့များနဲ့ စနစ်တကျ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ၁၉၇၀ နောက်ပိုင်း ‘အ’သုံးလုံးအခြေခံသင်တန်း မတတ်ရောက်၊ မသင်ကြားခဲ့ရတဲ့ သက်ကြီး ရွယ်အိုတွေနဲ့ လူငယ်လူရွယ်လေးတွေရဲ့ အထူးအခွင့်အရေးဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်ရဲ့ အစီအမံနဲ့ တစ်နိုင်ငံလုံးက စာမတတ်သူ အများဆုံးမြို့နယ် တွေကို ရွေးချယ်ကာ ပိုက်စိပ်တိုက်ရှာဖွေ စာရင်းပြုစုကာ သင်ကြားပေးနေတဲ့အတွက် ဖွံ့ဖြိုးတိုးတက်မှုတွေ ဖြစ်ပေါ်လာမှာပါ။

ဦးညွန့်မောင် (ရပ်မိရပ်ဖ)
သနပ်ပင်ဆိပ်အရှေ့ရွာ

ဒေသခံတစ်ယောက်အနေနဲ့ ကိုယ့်ကျေးရွာကို လာရောက်ပြီး စာသင်ဝိုင်းတွေ လုပ်ပေးတဲ့အတွက် တစ်ချိန်က ကျန်ခဲ့တဲ့ စာမတတ်သူ လက်ကျန် လေးတွေကို အမြတ်ဖြတ်လိုက်ခြင်းအားဖြင့် နောင်တစ်ချိန်မှာ စာမတတ်သူတွေ ပပျောက်သွားမှာပါ။ ယနေ့နိုင်ငံတော်ကလည်း မူလတန်း၊ အလယ်တန်းနဲ့ပတ်သက်ပြီး မသင်မနေရာ မူစနစ်အရ သင်ကြားပေးနေတဲ့အတွက် ယခင်အနှစ် ၃၀ကျော်လောက်က ‘အ’သုံးလုံးသင်တန်းကို သင်ခဲ့သော်လည်း ကျန်ရှိနေတဲ့လက်ကျန်ကို ကုန်စင်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းအားဖြင့်လည်း နိုင်ငံတစ်ဝန်း ကျေးရွာများတွင် စာမတတ်သူ လုံးဝမရှိတော့ တဲ့အနေအထား ကိုဖြစ်ပေါ်စေမှာပါ။ အခုလို နိုင်ငံတော်ရဲ့အစီအမံနဲ့ ဆရာ ဆရာမတွေရဲ့ ပညာအလင်းဆောင်ပေးခဲ့လို့ ကျွန်တော်တို့ရွာမှာ အားလုံးနီးပါး စာတတ်မြောက် ကြတော့မှာပါ။

‘ပညာသမာ အာဗာနတ္ထိ’ ပညာနှင့်တူသော အလင်းရောင်သည်မရှိဟုဆို ထားပေရာ စာပေသည် လူသားတိုင်း၏ မီးရှူးတန်ဆောင် အလင်းရောင် ပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်မှာ ထိုနိုင်ငံတွင် နေထိုင်သည့် နိုင်ငံသားတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ တိုးတက်ရန် လိုအပ်ပါသည်။ ထိုကဲ့သို့တိုးတက်ရန်မှာ လူတစ်ဦးချင်းစီ၏ အသိပညာ၊ အတတ်ပညာစွမ်းအားများ မြင့်မားနေမှသာ ရပေမည်။ အသိပညာ၊ အတတ်ပညာများတိုးပွားရန်မှာ စာပေဖတ်ရှုမှ ရရှိနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် မသင်မနေရ အခြေခံပညာများကို သင်ကြားစေရန်မူလတန်းနှင့်အလယ်တန်းကို အခမဲ့ပညာရေးဖြင့် သင်ကြားစေခဲ့ပြီး စာတတ်မြောက်ရေးလှုပ်ရှားမှုများကို တိုးမြှင့်လုပ်ဆောင်ခဲ့ရာ စာတတ်မြောက်နှုန်း ၉၅ရာခိုင်နှုန်းအထိ ရှိလာခဲ့သည်။ စာတတ်မြောက်ရေးလှုပ်ရှားမှုကို ၁၉၆၄ခုနှစ်မှာ စတင်ကာ ၁၉၈၄ခုနှစ်အထိ ဆောင်ရွက်စေခဲ့ပါသည်။ ၁၉၆၆ခုနှစ်တွင်စာတတ်မြောက်ရေးကြီးကြပ်မှု ဗဟိုကော်မတီကို ဖွဲ့စည်းပြီး တော်လှန်ရေးကောင်စီနှင့် ပြည်သူတို့လက်တွဲကာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး စာတတ်မြောက်ရေးလုပ်ငန်းများကို ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။ ကြိုးပမ်းမှု၏ရလဒ်အဖြစ် ၁၉၇၁ခုနှစ်တွင် ယူနက်စကိုအဖွဲ့က ချီးမြှင့်သည့် မိုဟာမက်ရီဇာပါလဗီဆုနှင့် ၁၉၈၃ ခုနှစ်တွင် ယူနက်စကိုအဖွဲ့ကြီးက ထပ်မံချီးမြှင့်သည့် နိုမာဆုကို ထိုက်ထိုက်တန်တန် ရရှိခဲ့ပါသည်။

အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုကို ၂၀၁၃ခုနှစ်တွင် ပထမအကြိမ်အဖြစ် ပြည်နယ်ငါးခုမှ မြို့နယ်ပေါင်း ကိုးမြို့နယ်မှ စာမတတ်သူဦး ရေ ၂၂၄၁၇ဦးအား တက္ကသိုလ် ၁၀ခုမှ လုပ်အားပေးကျောင်းသား ကျောင်းသူ ၁၉၈၅ဦးတို့ဖြင့် သင်ကြားပေးခဲ့သည်။ ၂၀၁၄ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မြို့နယ် ၂၉မြို့နယ်မှ စာမတတ်သူ၄၆၄၇၉ဦးတို့အား စာသင်ဝိုင်း ၄၄၄၇ ဖွဲ့၍ တက္ကသိုလ် ကျောင်းသား ကျောင်းသူ ၄၂၆၀၊ တက္ကသိုလ်ဆရာ ၄၀၃ဦးနှင့် ဒေသခံလုပ်အားပေးများပါဝင်၍ သင်ကြားပေးခဲ့သည်။ ယခုနှစ်၏ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် တက္ကသိုလ် ၂၈ခုမှ လုပ်အားပေး ကျောင်းသားကျောင်းသူ ၃၀၇၁ ဦး၊ ကြီးကြပ်ဆရာ ဆရာမ ၃၁၀နှင့် ဒေသခံဆရာ ဆရာမ ၃၁၀တို့ပူးပေါင်းကာ မေ ၁ရက်မှ မေ ၁၅ရက်အထိ ၄၅ရက်ကြာသင်ကြားသွားမည်ဖြစ်သည်။

နေဇာဇာထွန်း

ကျွန်းလှမြို့နယ်၌ ကျေးရွာချင်းဆက် ချောင်းကူးတံတားများတည်ဆောက်

ကျွန်းလှ ဧပြီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ကျေးလက်နေပြည်သူများ သွားလာရေး လွယ်ကူစေရန် မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် အင်တိုင်း-ကျွဲတဲ-လိပ်စင်းတောင်လမ်းပိုင်းတွင် မြေသားလမ်း၊ ချောင်းကူးတံတားနှင့် ရေကျော်များ တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အင်တိုင်း-ကျွဲတဲ မြေသားလမ်း ၅မိုင်ခင်းခြင်း၊ ရေကျော်ပေ ၆၀ ငါးခုနှင့် ၁၅ ပေတစ်ခုတို့ကို မျိုးမြတ်ချမ်းသာကုမ္ပဏီက တာဝန်ယူ၍လည်းကောင်း၊ အင်လှ-လိပ်စင်းတောင်ကျေးရွာ မြေသားလမ်း ၉ မိုင် ၄ ဖာလုံကို ဒီဇိုင်းမန္တလေးကုမ္ပဏီက တာဝန်ယူခင်းခဲ့ကြောင်း သိရသည်။

ကျွဲတဲ-အင်လှဖုံ့မှာ ချောင်းကိုဖြတ်၍ အရှည်ပေ၂၀၀၊ အကျယ်၁၅ပေ၊ အမြင့် ၁၄ ပေ သံပေါင်သစ်သားခင်းတံတားကိုလည်းကောင်း၊ အင်းလှ-လိပ်စင်းတောင် ကျေးရွာကြား အရှည် ပေ ၁၀၀၊ အရှည်ပေ ၆၀၊ အရှည် ပေ ၄၀ တံတားသုံးစင်းနှင့် အရှည် ၁၀ ပေတံတား ငါးစင်းကိုလည်းကောင်း၊ လိပ်စင်းတောင်ရွာအနီး ရွှံ့နွံပြင် အရှည် နှစ်ဖာလုံ၊ အကျယ် ပေ ၄၀ မြေသားလမ်းတို့ကိုလည်းကောင်း တည်ဆောက်ခင်းပြီးကြောင်း တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဝင်းက ပြောသည်။

"ကျွန်တော်တို့ သဖန်းဆိပ်ဆည်အနောက်ခြမ်းကျေးရွာတွေမှာ မိုးရာသီဆိုရေလမ်းကိုသာ အားကိုးပြီး သွားရပါတယ်။ ကျေးရွာတစ်ရွာနှင့် တစ်ရွာ ကူးရာတွင်လည်း ချောင်းများဖြတ်ရပါတယ်။ ချောင်းရေကျချိန် ကျောင်းသား၊ ကျောင်းသူတွေ၊ ဝန်ထမ်းတွေ၊ ဒေသခံပြည်သူတွေ ချောင်းရေကျချိန်စောင့်ပြီးမှ သွားရပါတယ်။ ယခုလိုလမ်း၊ တံတားနှင့် ရေကျော်တွေ တည်ဆောက်ပေးလိုက်တော့ သွားလာရေးလွယ်ကူပြီး ကုန်စည်ကူးသန်းရာတွင်လည်း မြန်ဆန်နေပါပြီ" ဟု ဒေသခံတစ်ဦးက ပြောသည်။

မျိုးဝင်းညို(ကျွန်းလှ)

မြို့နယ်ရွှေးကောက်ပွဲ ကော်မရှင်ညှိနှိုင်း အစည်းအဝေးကျင်းပ

ချောက် ဧပြီ ၁၄

ချောက်မြို့နယ် ရွေးကောက်ပွဲကော်မရှင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၁၀ ရက် နံနက် ၈ နာရီက အဆိုပါရုံးခန်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးမြင့်သန်းက ယခင်ကဆောင်ရွက်ခဲ့သည့် လုပ်ငန်းအတွေ့အကြုံများ ရှင်းလင်းဆွေးနွေးပြီး အတွင်းရေးမှူး ဦးမောင်ရွှေသိန်းကလည်း ရှေ့လုပ်ရမည့်လုပ်ငန်းစဉ်များ၊ လက်ရှိဆောင်ရွက်နေရသည့် လုပ်ငန်းများ၊ အလုပ်ရုံဆွေးနွေးပွဲ အတွေ့အကြုံများ ရှင်းလင်းဆွေးနွေးခဲ့သည်။

ကော်မရှင်အဖွဲ့ဝင် လဝကဦးစီးမှူးမှလည်း မိမိတို့ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားခဲ့ပြီး ရပ်မိရပ်ဖများမှလည်း အတွေ့အကြုံများ ရှင်းလင်းပြောကြားပြီး ကော်မရှင်ဥက္ကဋ္ဌမှလည်း ပွင့်လင်းမြင်သာပြီး လွပ်လပ်တရားမျှတသောရွေးကောက်ပွဲဖြစ်ရန် အားလုံးဟာ ပူးပေါင်းပါဝင် ဆောင်ရွက်သွားစေလိုကြောင်း စသည့်များ ဆွေးနွေးခဲ့ကြောင်းသိရသည်။

မချို(ချောက်)

အမှတ်စဉ်(၂)အရန်သားဖွားသင်တန်းဆင်းပွဲကျင်းပ

မောက်မယ် ဧပြီ ၁၄

လင်းခေးခရိုင် မောက်မယ်မြို့နယ် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဦးစီးကျင်းပသော အမှတ်စဉ်(၂) အရန်သားဖွား သင်တန်းဆင်းပွဲကို ဧပြီ ၁၀ ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းနေ့က မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမြမြသန်းက အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များအား ချီးမြင့်ပေးအပ်ပြီး မြို့နယ်သူနာပြုအဆင့် ၁ ဒေါ်လေးလုံနီက Kit Box များ တစ်ဦးစီပေးအပ်ခဲ့ကြောင်း သိရသည်။

အမှတ်စဉ်(၂) အရန်သားဖွားသင်တန်းတွင် မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဝါသနာနှင့် စိတ်ပါဝင်စားသူ အရန်သားဖွားဆရာမ ၂၀ ဦးကို စာတွေ့၊ လက်တွေ့ သုံးလသင်ကြားပေးခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသရှိ တိုင်းရင်းသားပြည်သူများ ကျန်းမာရေးအသိပညာရရှိစေရန် ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုများ အင်အားကောင်းမွန်ပြီး အရည်အသွေးပြည့်ဝသော စောင့်ရှောက်မှုများ ရရှိစေရန်အတွက် ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနနှင့် GAVI အထောက်အပံ့ဖြင့် ယင်းသင်တန်းကိုဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စိုင်းမျိုးသန့်(မြန်/ဆက်)

သင်္ကြန်အကြိုကာလ နယ်စပ်မြို့ ကော့သောင်းတွင် ပြည်သူများအေးချမ်း တည်ငြိမ်စွာ ရောင်းဝယ်ဖောက်ကားသွားလာ

ကော့သောင်း ဧပြီ ၁၄

မြန်မာနိုင်ငံ တောင်ဘက်စွန်း ကော့သောင်းမြို့သည် ထိုင်းမြန်မာ နယ်စပ်မြို့ဖြစ်သည့်နှင့်အညီ မြို့နေပြည်သူများ ကုန်စည်ကူးသန်း ရောင်းဝယ်ဖောက်ကားသည့် စီးပွားရေးလုပ်ငန်းအပြင် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ လာရောက်စီးပွားရှာခြင်း၊ တစ်ဖက်ထိုင်းနိုင်ငံတွင် တရားဝင်သွားရောက်အလုပ်လုပ်ကိုင်ကြခြင်းစသည့် လုပ်ငန်းများဖြင့် နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော် ကူးသန်းသွားလာမှု အစဉ်စည်ကားလျက်ရှိသည်။

ယခုနှစ် မြန်မာရိုးရာသင်္ကြန်ပွဲတော်ကာလမတိုင်မီ မြို့နေပြည်သူများ တစ်ဖက်နိုင်ငံသို့ ဈေးရောင်း၊ ဈေးဝယ်သွားရောက်ခြင်း၊ အနယ်နယ်အရပ်ရပ်မှ တစ်ဖက်နိုင်ငံတွင်လာရောက် အလုပ်လုပ်ကိုင်ကြသည့် မြန်မာနိုင်ငံသားများ မြန်မာ့သင်္ကြန်ပွဲတော်နွှဲပျော်နိုင်ရေး မိမိတို့၏ နေရပ်ဇာတိသို့ ကော့သောင်းမြို့မှတစ်ဆင့် အချိန်မီ ပြန်နိုင်ရေး ကူးလူးသွားလာသူများဖြင့် ပျားပန်းခပ်မျှစည်ကားလှသည်ကို ဧပြီ ၁၁ ရက်က တွေ့မြင်ရသည်။

ကော့သောင်းမြို့မှ မြန်မာနိုင်ငံအနှံ့ မြို့ကြီးများသို့ မြန်မာ့အမျိုးသားလေကြောင်း လေယာဉ်ခရီးစဉ်များနှင့် ပုဂ္ဂလိကပိုင် ပြည်တွင်းလေကြောင်းလိုင်းများ ၊ အမြန်ရေယာဉ် (ရှပ်ပြေးယာဉ်)ခရီးစဉ်များအပြင် ပြည်ထောင်စုလမ်းမကြီးဖြင့် ပြည်မအရောက်သွားလာနိုင်သည့် မော်တော်ကားခရီးစဉ်များပါ ကြိုက်နှစ်သက်ရာ လမ်းကြောင်းဖြင့် သွားလာနိုင်ကြပြီဖြစ်သည်။ ယင်းကြောင့် အနယ်နယ်အရပ်ရပ်မှ လုပ်သားပြည်သူများ တစ်ဦးချင်းနှင့် မိသားစုများအလိုက် မြန်မာ့ရိုးရာသင်္ကြန်ပွဲနွှဲပျော်နိုင်ရေး မိမိတို့ဒေသများဆီ အချိန်မီ ပြန်နိုင်ကြရန် လှုပ်ရှားသွားလာနေသူများ၊ ခါသင်္ကြန် အလုပ်ပိတ်ရက်များအတွင်း မြို့နေပြည်သူများမိမိတို့နေအိမ်အတွက် လိုအပ်သည့် စားသောက်ဖွယ်ရာများ၊ လိုအပ်သည့် ပစ္စည်းများ ဝယ်ယူဖြည့်ဆည်းသူများ၊ရောင်း ဝယ် ဖောက်ကားသူများဖြင့် အေးချမ်းတည်ငြိမ်စွာ သက်ဝင်လှုပ်ရှားလျက်ရှိကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း မြန်/ဆက်)

ကလေးမြို့နယ်အောင်ရွာကျေးရွာတွင် ဆိုလာဖြင့် ရွာလုံးကျွတ် မီးလင်း

ကလေး ဧပြီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ပျဉ်းတောဦးကျေးရွာအုပ်စု အောင်ရွာကျေးရွာအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီး ၃၀၃ လုံးကို အိမ်ခြေ ၃၀၃ အိမ်တွင် ဆိုလာပြားတစ်ချပ်၊ ဘက်ထရီအိုးတစ်လုံး၊ အင်ဗာတာတစ်ခု၊ မီးချောင်းများနှင့် မီးလုံးများကို Bright Green Angel ကုမ္ပဏီက အခမဲ့တပ်ဆင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီး တပ်ဆင်ပေးခြင်းသည် ကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ယခုအချိန်တွင် အိမ်တိုင်း ၂၄ နာရီ မီးလင်းပြီဖြစ်ကြောင်း ဒေသခံများကပြောသည်။

ကျေးလက်မီးလင်းရေး ဆိုလာမီးဖွင့်ပွဲ အခမ်းအနားကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးနှင့် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးအောင်ကျော်မျိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ယင်းနောက် အိမ်တိုင်း၌ ဆိုလာမီးတပ်ဆင်အသုံးပြုမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ဂျိုးနက်

သင်္ကြန်ကာလ ယာဉ်စည်းကမ်း မလိုက်နာသူများအား အရေးယူ ဆောင်ရွက်မည်

သာစည် ဧပြီ ၁၄

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ၂၀၁၅ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ကာလတွင် မော်တော်ဆိုင်ကယ်စီးနင်းသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာတို့၏ နှစ်သစ်ကူးအတာသင်္ကြန်ကျင်းပသည့်ရက်များတွင် ပြည်သူများဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ပျော်ရွှင်စွာ ရေပက်ကစားနိုင်စေရန် မော်တော်ဆိုင်ကယ်စီးနင်းသူများအနေဖြင့် မူးယစ်သောက်စားပြီး မောင်းနှင်ခြင်းမပြုရ၊ အပျော်လွန်ပြီးစည်းကမ်းမဲ့မောင်းနှင်ခြင်း မပြုရ၊ အိတ်ဇောပိုက်ဖြုတ်၍ အသံဆူညံစွာ မောင်းနှင်ခြင်း၊ နှစ်ဦးထက်ပို၍စီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မဆောင်းခြင်း၊ ဆိုင်ကယ်နံပါတ်ပြားမတပ်ခြင်း၊ ယာဉ်ကျောပြောင်းပြန် မောင်းနှင်ခြင်းများမပြုလုပ်ရန် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများအထိ အသံချဲ့စက်များဖြင့် ကြေညာထားသည်။

၂၀၁၅ခုနှစ် မဟာသင်္ကြန်ကာလတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု မရှိဘဲ တားမြစ်ချက်များကို ဖောက်ဖျက်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးမင်း(သာစည်)

တိုင်းဒေသကြီးအစိုးရအဖွဲ့၏ရန်ပုံငွေဖြင့် ဆောက်လုပ်ခဲ့သည့် မြင်းမူမြို့နယ် မီးသတ်စခန်း ဆောက်လုပ်မှုရာနှုန်းပြည့်ပြီးစီး

မြင်းမူ ဧပြီ ၁၄

၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေ ကျပ် ၅၁၁၁ သိန်းဖြင့် ဆောက်လုပ်ခဲ့သည့် မြင်းမူမြို့နယ်မီးသတ်စခန်းနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံသစ်များအားလုံး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်မီးသတ်စခန်း အဆောက်အအုံသစ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေ ကျပ် ၁၅၁၁ သိန်းဖြင့် အလျား ၆၅ ပေ၊ အနံ ၅၂ ပေ၊ အမြင့် ၂၅ ပေရှိ ငါးယူနစ်သံကူကွန်ကရစ်နှစ်ထပ်အဆောက်အအုံနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေ ကျပ်သိန်း ၁၈၀၀ စီဖြင့် အလျား ၁၀၀ ပေ၊ အနံ ၄၀ ပေ၊ အမြင့် ၂၂ ပေစီရှိ လေးခန်းတွဲ သံကူကွန်ကရစ်နှစ်ထပ် ဝန်ထမ်းအိမ်ရာအဆောက်အအုံနှစ်လုံးကို ကျော်စွာဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အောင်စိုးဖေ



ရုပ်ဆိုးအကျည်းတန်သင်္ကြန်မဖြစ်စေလို

ဆုနှင်းလဲ့

မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ရက်များ ရောက်ရှိရန် ရက်ပိုင်းမျှသာလိုတော့သည်။ အတာသင်္ကြန်ပွဲ ဆင်နွှဲရန်မဏ္ဍပ်ကြီး မဏ္ဍပ်ငယ်အသွယ်သွယ်တို့ ဆောက်လုပ်ပြင်ဆင်နေကြသည်မှာလည်း ပြီးသလောက်ပင်ရှိနေပြီဖြစ်သည်။ ရန်ကုန်မြို့တွင်မူ မဏ္ဍပ်များဖြင့် စည်ကားမြဲဖြစ်သည့် ကန်တော်ကြီးကန်ပတ်လမ်းတစ်လျှောက်၊ ပြည်လမ်း၊ ကမ္ဘာအေးဘုရားလမ်း၊ ဆရာစံလမ်းနှင့် ရန်ကုန်မြို့တွင်း လမ်းမကြီးများတွင် မဏ္ဍပ်ကြီးငယ်များ ဆောက်လုပ်ပြင်ဆင်ပြီး ဆင်နွှဲနေကြပြီ။ ယင်းအပြင်နှစ်စဉ် ခမ်းခမ်းနားနားသိုက်သိုက်ဝန်းဝန်းနှင့် ရိုးရာအစဉ်အလာမပျက် မဏ္ဍပ်တည်ဆောက်လေ့ရှိသည့် မြို့တော်ဝန်မဏ္ဍပ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ မဏ္ဍပ်တို့ဖြင့် ရန်ကုန်သင်္ကြန်သည် ယခင်နှစ်များ ထက်ပိုမိုစည်ကားမည်ဟု ခန့်မှန်းမှုများလည်းရှိသည်။ ယဉ်ကျေးမှုမြို့တော်ဟူသော မန္တလေးမြို့တွင်လည်း မြို့တော်ဝန်မဏ္ဍပ်အပါအဝင် ကျုံးဘေးတစ်လျှောက်မဏ္ဍပ်များ၊ ကုမဏီများ၏ မဏ္ဍပ်များဖြင့် အတာသင်္ကြန်ပွဲကို ဆင်နွှဲရန်အဆင့်သင့်ဖြစ်နေကြပြီပင်ဖြစ်သည်။ အခြားသောအနယ်နယ်အရပ်ရပ်တို့တွင်လည်း မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲဆင်နွှဲကြသည်။

မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲသည် ဆယ့်နှစ်လရာသီပွဲတော်များအနက် မြန်မာနိုင်ငံသားများ အပျော်ရွှင်ဆုံးနှင့် စည်ကားမှုအရှိဆုံး ပွဲတော်ကြီးတစ်ခုဖြစ်ပြီး ပုဂံခေတ်ကပင် နှစ်သစ်ကူးအတာသင်္ကြန်ပွဲကို ဆင်နွှဲလာခဲ့ကြသည်ဟု မှတ်တမ်းမှတ်ရာများအရ သိရသည်။ သပြေခက်နှင့် ရေပက်ဖြန်း၍ ယဉ်ကျေးသော ဓလေ့စရိုက်များနှင့် နှစ်ဟောင်းကိုစွန့်၍ နှစ်သစ်ကို ကြိုဆိုခဲ့ကြသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီပင်ဖြစ်သည်။ နှစ်ပေါင်းများစွာ ထိန်းသိမ်းလာခဲ့ကြသော ရိုးရာယဉ်းကျေးမှုပွဲတော်သည် နှစ်အနည်းငယ်အတွင်းမှာပင် ယိုယွင်းလာသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ ခေတ်ရေစီးကြောင်းနှင့် ခေတ်ဆန်မှုများကို လိုက်လျောညီလက်ခံနိုင်ကြသော်လည်း မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ဆိုသည်မှာ သရုပ်ပျက် ဝတ်စားဆင်ယင်၍ မူးယစ်ရမ်းကား ပျော်ပါးနေသည့် ပွဲတော်ဟု ကမ္ဘာက ထင်မှတ်သွားမည်ဆိုပါက အင်မတန်မှ ရှက်စရာကောင်းလှသည်ပင်ဖြစ်သည်။ ယဉ်ကျေး၍ ရိုးပင်ကူညီတတ်သည်ဟု နိုင်ငံတကာကပင် အသိအမှတ်ပြုထားသော မြန်မာနိုင်ငံသည် လက်ရှိအချိန်ကာလတွင် နိုင်ငံတကာဧည့်သည်များ စိတ်ဝင်တစား လာရောက်လည်ပတ်မှုစံချိန်တင်မြင့်တက်နေသည့် အချိန်အခါသမယလည်း ဖြစ်သည့်အတွက် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကိုလည်း ယဉ်ကျေးစွာဖြင့် ဆင်နွှဲစေချင်ကြသည်မှာ မြန်မာတိုင်းရင်းသားအများစု၏ ဆန္ဒအမှန်ပင်ဖြစ်သည်။ ယနေ့တိုင် သရုပ်မပျက်ယဉ်ကျေးစွာဖြင့် သင်္ကြန်ပွဲတော်ကို ဆင်နွှဲခဲ့ကြသည့် ရခိုင်တိုင်းရင်းသားတို့၏ ရိုးရာအမွေကို ထိန်းသိမ်းစောင့်ရှောက်လာကြသည်မှာ ယနေ့တိုင် ဂုဏ်ယူဖွယ်ရာပင် ကောင်းလှသည်။ နံ့သာသွေးပွဲ၊ လောင်းလှေကြီးများတွင် ရေထည့်၍ တစ်ဦးနှင့်တစ်ဦး ယဉ်ကျေးစွာရေပက်ဖြန်းကြသည့် ဓလေ့မှာ ယနေ့တိုင် ပျောက်ကွယ်မသွားသေးပေ။ အတုယူဖွယ်ရာပင်ဖြစ်သည်။ ယနေ့ကာလသရုပ်ပျက် ဝတ်စားဆင်ယင်၍ ရမ်းကားနေကြသည်မှာ လူနည်းစုပင်ဖြစ်သော်လည်း လူနည်းစုကြောင့်ပင် လူအများစု၏ ယဉ်ကျေးမှုစံနှုန်း ပျက်ယွင်းရတော့မည်ပင်ဖြစ်သည်။ ယဉ်ကျေးမှုနှင့်မညီ၊ ရမ်းကားသော သရုပ်ပျက်မှုများကိုမည်သို့ပင် အရေးယူလင့်ကစား လူတိုင်းကိုယ်စီ အသိစိတ်ဓာတ်ဖြင့် ပြုပြင်ထိန်းသိမ်းသွားမှသာလျှင် ယဉ်ကျေးမှုအမွေတို့မှာ တည်တံ့မည်ပင်ဖြစ်သည်။

ခေတ်ရေစီးကြောင်းအလိုက် လွတ်လပ်ပျော်ပါးစွာ ဆင်နွှဲမှုများကို လက်ခံနိုင်ကြသော်လည်း လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းတွင်မူ သရုပ်ပျက်ယဉ်ကျေးမှုက ပိုမိုဆိုးရွားလာခဲ့သည်။ မဏ္ဍပ်များပေါ်တွင် အမြင်မတင့်တယ်သော ဝတ်စားဆင်ယင်မှုများနှင့် မူးယစ်ကခုန်မှုများ ဆိုးဆိုးဝါးဝါး ပြုလုပ်လာခဲ့ကြပြီး ထိုမဏ္ဍပ်များကို စည်းကမ်းထိန်းသိမ်းအရေးယူမည်ဟု ဆိုသော်လည်း နောင်နှစ်များတွင်လည်း သရုပ်ပျက်မှုများက ပျောက်ကွယ်မသွားဘဲ ပိုပိုဆိုးဆိုးလာခဲ့သည်ပင်ဖြစ်သည်။ ယခင့်ယခင်နှစ်များကလည်း ခေတ်အလိုက်လွတ်လပ်ပျော်ပါးစွာ အတာသင်္ကြန်ပွဲဆင်နွှဲခဲ့ကြပြီး အတာသင်္ကြန်သီချင်းများမှာလည်း ရိုင်းစိုင်းလွန်းခြင်း မရှိပေ။ ခေတ်ဆန်သောစာသားများဖြင့် ခေတ်ရေစီးကြောင်းအလိုက် မြူးကြွသောသီချင်းများဖြင့် နှစ်သစ်ကူးအတာသင်္ကြန်ပွဲကို ပျော်ရွှင်စွာပင်ဆင်နွှဲခဲ့ကြသည်ကို မြင်တွေ့ခဲ့ကြရမည်ဖြစ်သည်။ အတာသင်္ကြန်ပွဲတော်ဟော့ဟုဆိုလျှင် အားလုံးမြင်ယောင်ကြသည်မှာ သင်္ကြန်မိုးရုပ်ရှင် ဇာတ်ကားကြီးပင်ဖြစ်ပြီး ဇာတ်လမ်းဇာတ်အိမ်ခိုင်မာခြင်း၊ ဖန်တီးတင်ဆက်သူနှင့် ပါဝင်သူများအားလုံး ကောင်းမွန်လွန်းခြင်းအပြင် ဇာတ်ဝင်တေးသီချင်များအားလုံးမှာ နှစ်ပေါင်းများစွာကြာမြင့်သည့်တိုင် ပျောက်ကွယ်သွားမှုမရှိဘဲ ယနေ့ထိတိုင်ခေတ်အဆက်ဆက် သီဆိုခဲ့ရသည့် သီချင်းများဖြစ်ခြင်းကြောင့် သင်္ကြန်မိုးသည် သင်္ကြန်နှင့်ခွဲမရသော ရုပ်ရှင်ဇာတ်ကားတစ်ကားဆိုသည်ထက် ယဉ်ကျေးမှုကို ဖော်ပြသော၊ ဓလေ့စရိုက်များကို ဖော်ကြူးသော၊ သင်္ကြန်ဆိုသည့် အဓိပ္ပာယ်ကို ဖွင့်လှစ်ပြသော၊ ခေတ်အဆက်ဆက် ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းသင့်သည့် ရိုးရာပွဲတော်တစ်ခုကို အကောင်းဆုံးတင်ဆက်ပြသခဲ့သော သမိုင်းဝင်ဇာတ်ကားတစ်ကားပင်ဖြစ်သည်။ ဆရာမြို့မငြိမ်း အပါအဝင် ဂီတအနုပညာရှင်များ၏ တေးသီချင်းစာသားများက အနှစ်သာရရှိ ယဉ်ကျေးသိမ်မွေ့လှပြီး ယနေ့တိုင် ခေတ်အဆက်ဆက် အဆိုတော်တို့ပြန်လည်သီဆိုနေရသော သီချင်းများပင်ဖြစ်သည်။ ထိုနောက်ပိုင်းတွင်လည်း သင်္ကြန်တေးသီချင်းများ၊ သင်္ကြန်နှင့် ပတ်သက်သည့် ဇာတ်လမ်း၊ ရုပ်ရှင်ဇာတ်ကားများ များစွာပေါ်ထွက်လာခဲ့ကြပြီး ရိုင်းစိုင်းလွန်းသော တင်ဆက်ပြသမှု၊ မယဉ်ကျေးသော တေးသီချင်းစာသားများကို ဖော်ပြတင်ဆက်ခဲ့ခြင်း မရှိခဲ့ပေ။ သို့ရာတွင် ယခုနောက်ပိုင်းတွင် သရုပ်ပျက်လွန်းသော ဝတ်စားဆင်ယင်မှုနှင့် မယဉ်ကျေးသော အသုံးအနှုန်းများပါဝင်သည့် တေးသီချင်းစာသားများ ပေါ်ပေါက်လာပြီး ရိုးရာသင်္ကြန်ပွဲကို အရုပ်ဆိုး အကျည်းတန်စေမည့်ပုံဖော်မှုများကို တွေ့မြင်လာရသည်။ ရိုးရာသင်္ကြန်ပွဲတော်ကို ခေတ်နှင့်အညီ လှလှပပ ခေတ်ဆန်ဆန် ထိန်းသိမ်းသွားရန် မကြိုးစားကြဘဲ ခေတ်ပျက်၊ သရုပ်ပျက် မြန်မာကို ကမ္ဘာက အထင်သေးစေမည့်ဖြစ်ရပ်များ မဖြစ်ပေါ်စေရန်မှာ မြန်မာနိုင်ငံသားများ အားလုံး၏ တာဝန်ပဲဖြစ်သည်။ ခေတ်ရေစီးကြောင်းနှင့် အညီ ခေတ်ဆန်၍ ရပါသည်။ ခေတ်မှီ၍ရပါသည်။ လွတ်လပ်စွာ ပျော်ရွှင်၍ရပါသည်။ သို့သော် ဒါ မြန်မာဟု မပြောချင်လောက်အောင် ရှက်စရာကောင်းသော အပြုအမူများ မပြုမိစေရန်မှာ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့အပြင် ကိုယ်စီကိုယ်စီ အားလုံးတွင်သာ ပိုမိုတာဝန်ရှိမည်မှာ အမှန်ပင်ဖြစ်သည်။ သတ်မှတ်ချက်နှင့် မကိုက်ညီမှုများ၊ သရုပ်ပျက်မှုများ၊ မူးယစ်ရမ်းကားမှုများ၊ စသည်တို့ကို စနစ်တကျ မှတ်တမ်းထားရှိထားသင့်ပြီး ထိထိရောက်ရောက် အရေးယူရန်လိုအပ်ပါသည်။ နောင်နှစ်များတွင် အမည်ပြောင်း၍ မဏ္ဍပ်တည်ဆောက်ခြင်း၊ သရုပ်ပျက်မှုများ ထပ်မံမပြုလုပ်စေရန် စစ်ဆေးဆောင်ရွက်ဖို့ လိုပါသည်။ သရုပ်မပျက်လည်း ပျော်စရာကောင်းသည့် မြန်မာတို့၏ အတာသင်္ကြန်ပွဲသည် မူးရစ်ယမ်းကားခြင်း မပြုဘဲ ယဉ်ကျေးစွာ ဆင်နွှဲခြင်းသည်လည်း ပျော်စရာကောင်းပါသည်။ တစ်နှစ်တွင် တစ်ခါပဲပျော်စရာကောင်းသည့် ရိုးရာသင်္ကြန်ပွဲဖြစ်သည့်အတွက် အရုပ်ဆိုးအကျည်းတန်စေသည့် သင်္ကြန်ပွဲတော် မဖြစ်စေချင်ပါဟုသာ . . . ။

လွမ်းခဲ့ရပါသည်အတာသင်္ကြန်

မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကိုအစည်ကားဆုံးကျင်းပနိုင်သော မြို့တော်မှာမန္တလေးမြို့ပင်ဖြစ်လိမ့်မည်ဟုထင်သည်။ အလှပြယာဉ်များသဘာဝသရုပ်ပြသံချပ်သင်းများအနုအလှရသတို့ကိုပေးစွမ်းနိုင်သော ရိုးရာဂီတဖျော်ဖြေရေးယာဉ်များယဉ်ကျေးမှုအနုပညာအခြေခံကောင်းသော ရပ်ကွက်များမှဧည့်ခံရေသဘင်မဏ္ဍပ်များ၊ အမြို့မြို့အနယ်နယ်မှလာရောက်ဆင်နွှဲကြသောအနုပညာညီအကိုမောင်နှမများ၊ နိုင်ငံကျော်အဆိုတော်ရုပ်ရှင်မင်းသားမင်းသမီးများ၊ စာရေးဆရာများ၊ ဂီတနှင့်အနုပညာရှင်များ တစ်နှစ်လျှင် တစ်ခါအနားယူအပန်းဖြေရင်းရိုးရာအတာသင်္ကြန်ပွဲတော်ကို လာရောက်နွှဲပျော်ကြသောကြောင့် မန်းမြို့သည် အစည်ကားဆုံးမြို့ဖြစ်ခဲ့ပါသည်။

မြန်မာရိုးရာ အတာသင်္ကြန်ပျော်ရွှင်မှုများနှင့်အတူရိုးရာဂီတဖျော်ဖြေမှုတွင်မန်းမြို့၏ ကျက်သရေဆောင်ငွေ့ငန်းမြို့မတူရိယာအသင်း၏ပြန်တက်တော့မည့်ငွေ့ငန်းအရုပ်ကြီးမှာ အထင်ရှားဆုံးယာဉ်ဖြစ်သည်။ တစ်ချိန်က နိုင်ငံကျော်ရုပ်ရှင်မင်းသားအကယ်ဒမီဆုများရှင် ကိုဝင်းဦးသည်လည်းငွေ့ငန်း မြို့မအလှပြယာဉ်ကြီးနှင့်အတူတမြို့လုံးလှည့်ကာဖျော်ဖြေမှုများပြုခဲ့သည်။

ဧည့်ခံမဏ္ဍပ်များတွင် နိုင်ငံကျော်နဂါးတံဆိပ်ဆေးလိပ်ခုံဒေါ်ဦး၏ မဏ္ဍပ်သည်ကြီးကျယ်ခမ်းနားလှသည် နဂါးမလေးတွေများစွာပါဝင်စုစည်းထားသော ယိမ်းအလှအကသည် နာမည်ကျော်ရွှာစားဆိုင်းဆရာများနှင့်စနစ်တကျအချိန်ယူသင်ကြားလေ့ကျင့်ထားသောကြောင့်ခေါင်း၊ ခါး၊ ခြေ၊ လက်ယိမ်းနွဲ့လှုပ်ရှားစည်းဝါးညီညာသောအကပဒေသာများဟာပညာရှင်များပင်ချီးကျူးရသောအဖွဲ့ကြီးဖြစ်သည်။

ဧည့်ခံမဏ္ဍပ်ရှေ့ကိုရောက်လာသည့် အဆိုအတီးပညာရှင်တို့၏ အလှပြယာဉ်ပေါ်မှဆိုကြတီးကြသောအခါ ဧည့်ခံမဏ္ဍပ်မှကပြသူတစ်ဦးနှစ်ဦးစသည်ဖြင့် ပြန်လည်တွဲဖက်ကပြရပါသည်။ ထိုစဉ်အခါ ကားပေါ်မှအဆိုအတီးနှင့်မဏ္ဍပ်မှအကအလှတို့သည်ကြည့်ရှုနားဆင်ရသူတို့အတွက်ထူးခြားသည့် ပြိုင်ပွဲတစ်ခုလေလားဟုပင်ထင်မှတ်မှားလောက်အောင် ကြိုးစားကြသည်မှာလည်း မန်းသင်္ကြန်၏ထူးခြားသည့်ဟန်တစ်ခုဖြစ်ခဲ့ပါသည်။

တစ်နှစ်မှာတစ်ခါပျော်ရွှင်မှုအစဉ်အလာများနှင့်ကျင်းပပြုလုပ်ခဲ့ကြသော အတာသင်္ကြန်ပွဲမှာသံချပ်အသင်းအဖွဲ့များသည် မြို့ပေါ်ရပ်ကွက်များမှ သာမကမိတ္ထီလာ၊ ပျော်ဘွယ်၊ ပျဉ်းမနား၊ ကျောက်ဆည်၊ စစ်ကိုင်း၊ မုံရွာ၊ ရွှေဘိုစသည့်ပတ်ဝန်းကျင်မြို့များမပင် နှစ်စဉ်လာရောက်ပြိုင်ပွဲဝင်ခဲ့ကြသည်။ သံချပ်အသင်းများ၏ ယှဉ်ပြိုင်မှုများသည် အလှအပအဆင်အပြင်အသင်းသားများ၏ သရုပ်ဖော်ပြသမှုကျစ်လျစ်သည့် ထိမိသံချပ်များပါဝင်မှုတို့ကိုတစ်ဖွဲ့နှင့် တစ်ဖွဲ့ အပြိုင်အဆိုင်ပရိသတ်ကိုသက်သေထားယှဉ်ပြိုင်ကြသည်။ တစ်နှစ်မှတစ်ခါဆိုသော်လည်းထိရောက်မှုရှိသောခေတ်တခေတ်၏သင်္ကြန်ပုံရိပ်များဖြစ်ခဲ့သည်။

သုံးလေးရက်ဆိုသော်လည်းသံချပ်အဖွဲ့များသည် တစ်နှစ်အတွင်းကြုံခဲ့ဆုံခဲ့ရင်ဆိုင်ခဲ့ရသောအကြောင်းအရာများကို တာဝန်ရှိသူတို့မှ ပြုပြင်ဆောင်ရွက်ပေးနိုင်ရန်အချိန်ယူ၍စိတ်ကူးကြံစည်ရေးစပ်ခဲ့ကြသည်။ ပေါ်လွင်သည့်တင်ပြမှုဖြစ်ရန်သရုပ်ပြများနှင့် အားဖြည့်ဇာတ်တိုက်လေ့ကျင့်မှုများမှာ အကြောင်းအရာချင်းတူညီသော်လည်းထူးခြားသည့် တင်ပြမှုတွေကိုပရိသတ်ပြည်သူများ၏ ရဲ့ခံစားချက်များကို ပီပီပြင်ပြင်ဖေါ်ထုတ်နိုင်လေ လက်ခုပ်သြဘာသံတွေဆူညံလေဖြစ်သည်။ ပြိုင်ပွဲကော်မတီမှပေးမည့်ဆုဖလားထက်ပိုပြီးအသင်းအဖွဲ့များ နှစ်သက်အားရကျေနပ်ခဲ့ကြသည်။ ယင်းတို့သည် တစ်ချိန်က မန္တလေးမြို့လွမ်းစရာ့အတာသင်္ကြန်ရှုခင်းတချို့တစ်ဝက်တစ်စိတ်တစ်ပိုင်းမျှသာဖြစ်ပါသည်။အဟောင်းတွေကိုချန်ထားခဲ့ပြီးလက်ရှိကို အကောင်းဆုံးအသုံးချကာ ကောင်းမွန်သောအနာဂါတ် ကိုတည်ဆောက်ကြပါစို့ဟုတိုက်တွန်းပြီးနိဂုံးချုပ်လိုက်ပါသည်။သင်္ကြန်ချစ်သူများကောင်း မွန်စွာပျော်ရွှင်ကြပါစေ။

ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့)က ကြည့်မြင်တိုင်မြို့နယ် မဟာသကျမုနိရုပ်ရှင်တော်မြတ်ကြီး၌ သီလ ဆောက်တည်နေရသူများအား တွေ့ရစဉ်။

သင်္ကြန်အကြိုနေ့ ပြည်လမ်း အင်းလျားကန်ပေါင်ရှေ့ရှိ မဏ္ဍပ်တစ်ခုမှရေဆော့ကစားနေစဉ်နှင့် လာရောက်ကြည့်ရှုနေသူများအား တွေ့ရစဉ်။

ဧပြီ ၁၃ ရက် (သင်္ကြန်အကြိုနေ့) နံနက်ပိုင်းက ကြည့်မြင်တိုင်မြို့နယ် ဘောဂလမ်းတွင် စတုဒိသာကို အိမ်တိုင်ရာရောက်ဝေငှနေစဉ်။

ကျော်လှိုင်(ကမာရွတ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကုသရေးဦးစီးဌာန
အမျိုးသားသွေးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

- အမျိုးသားသွေးဌာနတွင် လုံခြုံရေးစနစ်ပါရှိသော Serri- Airtigth Door များ ပြောင်းလဲတပ်ဆင်ခြင်း
- ပြတင်းများ၊ အလင်းပေါက်များအား လုံခြုံရေးသံပန်းများတပ်ဆင်ခြင်း
- Close Curcit TV System များတပ်ဆင်ခြင်း
- Water Closet များအား ပြုပြင်မွမ်းမံခြင်း

အိတ်ဖွင့်တင်ဒါလျှောက်လွှာရောင်းချမည့်နေ့ - ၂၂-၄-၂၀၁၅(ဗုဒ္ဓဟူးနေ့)
အိတ်ဖွင့်တင်ဒါ လျှောက်လွှာပိတ်မည့်နေ့ - ၅-၅-၂၀၁၅(အင်္ဂါနေ့)

အသေးစိတ်အချက်အလက်များ သိရှိလိုပါက အမျိုးသားသွေးဌာန၊ ရန်ကုန်သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း
ရွှေပညာဒါန(အခမဲ့)သင်တန်းဖွင့်လှစ်မည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေလုပ်ငန်းရှင်များအသင်းမှ ရွှေပညာဒါန(အခမဲ့)ဖွင့်လှစ်ပါမည်။ သင်တန်းတက်ရောက်လိုသူများသည် အမှတ်(၄၂/၅၀)၊ ပထမထပ် ရွှေဘုံသာလမ်းရှိ အသင်းရုံးတွင် သင်တန်းတက်ရောက်ခွင့်ပုံစံကို (အခမဲ့)တောင်းယူဖြည့်စွက်ပြီး တက်ရောက်နိုင်ပါသည်။ သင်တန်းကာလမှာ၂၆-၄-၂၀၁၅ရက်မှ ၅-၅-၂၀၁၅ရက်အထိ ၁၀ရက်ဖြစ်ပြီး သင်တန်းချိန်မှာ နံနက် ၈နာရီမှ ၁၀နာရီအထိဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၃၀၀၁၇၆၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။

သင်တန်းဖြစ်မြောက်ရေးအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင် တိုက်ရှိ တိုက်ခန်းကို လက်ရှိအမည်ပေါက်ထံမှ ဝယ်ယူထားသူက တိုက်ခန်းအမည်ပြောင်းလဲပေးပါရန် တင်ပြလျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဒေါ်လှမြင့်သန်း [၁၂/မဂတ(နိုင်)၀၆၅၉၁၇]	ဦးညီညီအောင် [၁၂/ဗတထ(နိုင်) ၀၁၀၀၆၀]	အခန်းအမှတ်(၉-A) ဆင်မလိုက်ဈေးကွန်ဒို ကမာရွတ်မြို့နယ်

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

Dream Light Technology Co., Ltd.
259,Anawrahta Rd, Bet 29th and
Shwe Bon Thar St, Yangon
Ph:09-73220620, 01-709081
1. Sales & Marketing Manager/Executive M(2)Post
- Any Graduate, MS Office, Internet သုံးနိုင်ရမည်။
- Team အား ဦးဆောင်နိုင်သူဖြစ်ရမည်။
- လုပ်သက်အနည်းဆုံး (၂) နှစ်ရှိရမည်။
လျှောက်ထားလိုသူများသည် CV၊ လိုင်စင်ဓာတ်ပုံ (၁)ပုံ၊ လိုအပ်သည့် စာရွက်စာတမ်းများနှင့်အတူ ၂၇-၄-၂၀၁၅ရက်နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲဖိတ်ကြားခြင်း

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ဒိုဇရစ်မြို့မ၊ ယခင်ဒိုဇရစ်ကျေးရွာ တွဲဖက်အလက မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ယခုဒိုဇရစ်မြို့မတွဲဖက်အထက၌ ၁၉-၄-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသူ/သားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကိုကြည်စိုး၊ ညောင်လေးပင်မြို့ ၀၉-၄၂၈၁၆၁၃၃၃
ကိုခင်မြင့်၊ ပဲခူးမြို့ ၀၉-၂၅၀၂၀၉၀၈၀
ကိုခင်မောင်သိန်း၊ ပြွန်တန်ဆာမြို့ ၀၉-၂၅၂၂၀၅၉၀၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံး ကိုဓဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀
ပဲခူးခရိုင်နယ်တရားမရုံး၌
၂၀၁၅ ခုနှစ်၊ တရားမကြီးအမှုအမှတ် ၁၅

ဦးအောင်မျိုးမြင့် နှင့် ၁။ ဒေါ်မူမူဝင်း၊
(ခ) မောင်မျိုး ၂။ ဦးသိန်းနိုင်၊
၃။ ဦးသိန်းလှိုင်၊
၄။ ဦးမောင်မောင်လွင်၊
၅။ ဦးထိန်လင်း

တရားလို တရားခံ

(၃) တရားပြိုင် ဦးသိန်းလှိုင် (ဘ) ဦးတင်ဖေ၊ ဖက္ကလိပ်ကျေးရွာ၊ အဗျားငှက်ချေးဝင်းကျေးရွာအုပ်စု၊ ဝေါမြို့နယ်(ယခုနေရပ်လိပ်စာမသိ)

(၄) တရားပြိုင်ဦးမောင်မောင်လွင်(ဘ) ဦးတင်ဖေ၊ အဗျားငှက်ချေးဝင်းကျေးရွာ၊ ဝေါမြို့နယ်(ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်(၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် (၁) စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ်၊ ဧပြီလ ၉ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြင့်ဆွေ)
ဒုတိယခရိုင်တရားသူကြီး(၁)
ပဲခူးခရိုင်တရားရုံး၊ ပဲခူးမြို့။

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
209077, 209388, 09-73167000

အမြန်ရောင်းမည်

➢ ဇေယျမင်္ဂလာ(၃)လမ်း၊ လှိုင်မြို့နယ်၊ မြေညီ ထပ်၊ ခြေရင်းခန်း၊ (၁၁½×၄၀)ပေ၊ (၂၅၅)သိန်း။
➢ မရမ်းမြိုင်လမ်း၊ လှိုင်မြို့နယ်၊ (၁၂½×၄၀)ပေ၊ ပထမထပ်၊ (၂၄၀)သိန်း။
ဖုန်း-၀၉-၅၀၄၆၈၇၃၊ ၀၉-၃၁၁၃၅၇၈၆

အရှင်အရဟံ ကျေးဇူးတော်ကောင်းဆုဝေ ဗုဒ္ဓသာသနာပြုကျောင်းတိုက်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင် စံပြကျေးရွာ "ကောင်းဆုဝေ" ဗုဒ္ဓသာသနာပြုကျောင်းတိုက်၌ ပထမကြီးတန်းအောင်ပြီးသူများနှင့်ဓမ္မာစရိယဘွဲ့ရပြီး ရဟန်းသာမဏေများကို"ရေး" "ဖတ်" "ပြော" "နားလည်" အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု(၄)မျိုးလုံးကို ကျောင်းနေ သံဃာအဖြစ် လက်ခံပြီး (၆)လပိုင်းမှ (၃)လပိုင်းထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ပါသည်။ ကဆုန်လဆန်း(၁) ၁၈-၄-၂၀၁၅ရက်မှစ၍ ဝင်ခွင့်များ လာရောက်ယူနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၉၄၂၀၇၆၉၅၉
ဦးကဝိဓဇဇောတိ(ကောင်းဆုဝေ)
သာသနာဓဇဓမ္မာစရိယ **BA, MA (B.Dh)**
ရှင်အရဟံကျေးဇူးတော်ကောင်းဆုဝေ ဗုဒ္ဓသာသနာပြုကျောင်းတိုက်
ကုန်းတလပေါင်စံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
သံဖြူဇရပ်မြို့နယ် တရားရုံးတော်၌
၂၀၁၅ခုနှစ်၊ တရားအထွေထွေမှုအမှတ်-၁

ဦးမှိန် နှင့် ၁။ဒေါ်ရင်စိန်
၂။ဒေါ်လှကြည်

လျှောက်ထားသူ လျှောက်ထားခံရသူများ

သံဖြူဇရပ်မြို့နယ်၊ ထင်းရှူးကျေးရွာနေ ဒေါ်လှကြည်(ယခုနေရိပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူ ဦးမှိန်က ဤရုံးသို့တရားမကျင့်ထုံးဥပဒေ အမိန့်-၂၁၊ နည်းဥပဒေ ၅၈အရ လျှောက်ထားသူပိုင်ဆိုင်လက်ရှိထားသော နေအိမ်နှင့်မြေပေါ်တွင် စွဲကပ်ထားသည့် ၂-၂-၂၀၁၅ရက်စွဲပါ ပညတ်ဝရမ်းအား ခွာစေသည့် အမိန့်တစ်ရပ်ချမှတ်ပေးရန် လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က၎င်းအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၅ခုနှစ်၊ ဧပြီလ ၂၃ရက် (၁၃၇၇ခုနှစ်၊ ကဆုန်လဆန်း ၆ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ် လိမ့်မည်။

၂၀၁၅ခုနှစ်၊ မတ်လ(၂၆)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လှမျိုးလွင်)
မြို့နယ်တရားသူကြီး
သံဖြူဇရပ်မြို့နယ် တရားရုံး

သင့်ကြောင့် မီးမလောင်ပါစေနှင့်

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန
နေပြည်တော်ပညာရေးညွှန်ကြားရေးမှူးရုံး
နေပြည်တော်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း နေပြည်တော်ကောင်စီနယ်မြေရှိ အခြေခံပညာကျောင်းများတွင် ကျောင်းဆောင်သစ်ဆောက်လုပ်ငန်းရေး လုပ်ငန်းများဆောင်ရွက်ရန် လုပ်ငန်းဆောင်ရွက်လိုသည့် တရားဝင် အသိအမှတ်ပြု လိုင်စင်ရအဖွဲ့အစည်း၊ ကုမ္ပဏီ၊ ကန်ထရိုက်တာများထံမှ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို (၂၇-၄-၂၀၁၅)ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို (၂၆-၅-၂၀၁၅) ရက်(၁၆း၃၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်သည်။
၃။ တင်ဒါတင်သွင်းလိုသူသည် လုပ်ငန်းတစ်ခုစီအလိုက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။
၄။ အသေးစိတ်သိရှိလိုသည့်အချက်များကို နေပြည်တော် ပညာရေးညွှန်ကြားရေးမှူးရုံး၊ နေပြည်တော်(ပျဉ်းမနား)၊ ဖုန်း ၀၆၇-၂၅၅၆၃၊ ၀၆၇-၂၅၅၆၄၊ ၀၉-၄၀၂၅၁၃၅၄၉၊ ၀၉-၄၉၂၂၁၄၀၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ တင်ဒါကြီးကြပ်ရေးမှူး

ရှေ့ဆောင်(၁) ၀၁-၂၅၂၁၁၃ ၀၁-၃၈၈၀၁၄ ၀၁-၃၇၀၁၈၇ | မင်္ဂလာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂ | မင်္ဂလာစံပြ ၀၉၂၆၀၀၀၇၀၁၅ ၀၉၂၆၀၀၀၇၀၁၆ ၀၉၇၇၁၀၇၆၀၀၀ | မင်္ဂလာဒိုင်းမွန်း (မြေနီကုန်း) ၀၉၄၀၂၇၆၅၆၃ ၀၉၄၀၂၇၆၅၆၄၂ | မင်္ဂလာထွန်းသီရိ (မြို့) ၀၉၇၉၁၁၀၃၇၅၁ ၀၉၇၉၁၁၀၃၇၅၂ | ၁၇ . ၄ .၂၀၁၅ ရက်မှ စတင်၍ တစ်ပြိုင်တည်းပြသ
နေပြည်တော်(၁) ဖုန်း- 251277 251288 | မင်္ဂလာစံပြ ၀၉၂၆၀၀၀၇၀၁၅ ၀၉၂၆၀၀၀၇၀၁၆ ၀၉၇၇၁၀၇၆၀၀၀ | မင်္ဂလာဒိုင်းမွန်း (မြေနီကုန်း) ၀၉၄၀၂၇၆၅၆၃ ၀၉၄၀၂၇၆၅၆၄၂ | ၁၇ . ၄ .၂၀၁၅ ရက်မှ စတင်၍ တစ်ပြိုင်တည်းပြသ | ပွဲချိန်သတိပြု ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လေယာဉ်ကွင်းအထူးအဖွဲ့(၂)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကြိမ်ပင်ဆည်-စကြော့-ခနေဖြူ-ဇလွန်လမ်းတွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လမ်းလုပ်ငန်းများအတွက် လိုအပ်သောလမ်းခင်းပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

၂။ ဝယ်ယူလိုသည့် ပစ္စည်းများ၏ အရေအတွက်စာရင်းနှင့်တင်ဒါလျှောက်လွှာပုံစံများကို ၂၂-၄-၂၀၁၅ရက်မှစ၍ လေယာဉ်ကွင်းအထူးအဖွဲ့(၂)၊ အောင်ဇေယျတံတားဝင်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၆၄၅၄၀၇တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်မည့်ရက်/အချိန် - ၂၃-၄-၂၀၁၅ရက်၊ ၁၂း၀၀နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၃-၄-၂၀၁၅ရက်၊ ၁၃း၃၀နာရီ
တင်ဒါဖွင့်မည့်နေရာ - ကြိမ်ပင်ဆည်-စကြော့-ခနေဖြူ-ဇလွန်လမ်း၊ လုပ်ငန်းခွင်စခန်းရုံး၊ (မိုင်၄/၃)၊ ညောင်တုန်းမြို့။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
လေယာဉ်ကွင်းအထူးအဖွဲ့(၂)
ရန်ကုန်မြို့

အိတ်ဖွင့်ဈေးနှုန်းလွှာတင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တက္ကသိုလ်ပန်းခြံရှိ နှစ်ထပ်ဆိုင်ခန်းများအား ဖွင့်လှစ်ရောင်းချရေးအတွက် အိတ်ဖွင့်(တင်ဒါ)များ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ရန်ကုန်တက္ကသိုလ်စီမံရေးဌာန (AE-5)တွင် ၂၃-၄-၂၀၁၅ရက် နံနက် ၁၀နာရီမှ ၁၁-၅-၂၀၁၅ရက် မွန်းလွဲ ၁၃း၀၀နာရီထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်ရက်မှာ ၁၂-၅-၂၀၁၅ရက် ၁၃း၀၀နာရီတိတိဖြစ်ပါသည်။

၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာအတိုင်း ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ဆိုင်ခန်းနေရာချထားရေးနှင့်ကြီးကြပ်ရေးကော်မတီ
ရန်ကုန်တက္ကသိုလ်
ဖုန်း-၅၃၂၃၁၀၊ ၅၃၅၇၅၁

ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအဆင့်ဆင့်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများနှင့် ရုံးသုံးယာဉ်များ၊ စက်ကိရိယာနှင့် ပရိဘောဂများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသားကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တည်ဆောက်ရေးလုပ်ငန်းများနှင့် အကြီးစားပြင်ဆင်မှုလုပ်ငန်းများ

(၁)	၆ ခန်းတွဲဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း	၉ လုံး
(၂)	၄ ခန်းတွဲဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း	၁ လုံး
(၃)	၂ ခန်းတွဲဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း	၁ လုံး
(၄)	အရာရှိနေအိမ်ဆောက်လုပ်ခြင်း	၃ လုံး
(၅)	ရုံးအဆောက်အအုံဆောက်လုပ်ခြင်း	၁ လုံး
(၆)	ဝန်ထမ်းနေအိမ်ပြုပြင်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း	
(၇)	စုပေါင်းရုံးနှစ်ထပ်အဆောက်အအုံပြင်ဆင်ခြင်း	
(၈)	ရုံးအဆောက်အအုံနှင့် အစည်းအဝေးခန်းမ ပြင်ဆင်ခြင်း	

(ခ) ရုံးသုံးယာဉ်များဝယ်ယူခြင်း

(၁)	ဆလွန်းကား	၄ စီး
(၂)	ပစ်ကပ်ကား	၂ စီး

(ဂ) ရုံးသုံးစက်ကိရိယာများ ဝယ်ယူခြင်း

(၁)	ကွန်ပျူတာ	၁၉ လုံး
(၂)	မိတ္တူကူးစက်	၁၁ လုံး
(၃)	ပရိုဂျက်တာ	၁ လုံး
(၄)	စကင်နာ	၂ လုံး
(၅)	ဖက်(စ်)	၈ လုံး
(၆)	ကာလာပရင်တာ	၁ လုံး

(ဃ) ရုံးသုံးပရိဘောဂများဝယ်ယူခြင်း

(၁)	စားပွဲ	၅၉ လုံး
(၂)	ကုလားထိုင်	၁၅၉ လုံး
(၃)	သံဗီရို	၃၄ လုံး
(၄)	စာကြည့်တိုက်ဗီရို	၂ လုံး
(၅)	ဖိုင်တစ်စင်	၃၄ ခု
(၆)	အမှုတွဲခန်းဖိုင်တစ်စင်	၂၀ ခု
(၇)	ကွန်ပျူတာစားပွဲ	၁၀ လုံး

၂။ အဆိုပါလုပ်ငန်းများအတွက် ပြည်တွင်းနိုင်ငံသားကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာကို ၂၃-၄-၂၀၁၅ရက်မှစတင်၍ ဝယ်ယူနိုင်ပြီး ၂၂-၅-၂၀၁၅ရက် ၁၄း၀၀နာရီ မတိုင်မီ ပေးပို့တင်သွင်းသွားရန်ဖြစ်ပါသည်။ နောက်ကျတင်သွင်းလာသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၃။ တင်ဒါစည်းကမ်းချက်များနှင့်အညီ အဆိုပြုလွှာတွင် ပါဝင်ရမည့်အချက်အလက်များကို အလုံလမ်းနှင့် ပြည်လမ်းထောင့်ရှိ ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ ငွေစာရင်းဌာနတွင်ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ တင်သွင်းရမည် ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profileကိုပါ တင်ပြရမည်ဖြစ်ပါသည်။

၄။ တင်ဒါဖွင့်လှစ်ခြင်းကို ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ အစည်းအဝေးခန်းမ၌ တင်ဒါတင်သွင်းသူ ကိုယ်စားလှယ်များရှေ့မှောက်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ တင်ဒါဖွင့်လှစ်မည့် ရက်နှင့်အချိန်ကို တင်ဒါတင်သွင်းသူများသို့ ထပ်မံအကြောင်းကြားမည် ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များသိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၁-၂၃၀၂၁၆၄၊ ၀၁-၂၃၀၂၁၁၄နှင့် ၀၁-၂၃၀၂၁၇၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
အလုံလမ်း၊ ရန်ကုန်မြို့။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
လူမှုဖူလုံရေးရုံးချုပ်
ရုံးအမှတ်(၅၁)၊ နေပြည်တော်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့လက်အောက်ရှိ ဆေးရုံကြီးများတွင် အသုံးပြုရန် လိုအပ်သော အောက်ပါဆေးပစ္စည်းကိရိယာများကို မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံများကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးရုံးချုပ်၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်နှင့် လူမှုဖူလုံရေးအဖွဲ့ အလုံပင်မဆေးသိုလှောင်ရေးဌာန၊ ကမ်းနားလမ်းနှင့် အောင်ရတနာလမ်းထောင့်၊ သခင်မြပန်းခြံ(အလုံ)၊ ရန်ကုန်မြို့တွင် ၂၂-၄-၂၀၁၅ ရက်မှစတင်၍ ရုံးချိန်အတွင်း တင်ဒါပုံစံများကို ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက (၀၆၇-၄၃၀၃၈၃၊ ၀၆၇-၄၃၀၂၈၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(1) Operating Microscope,Topcom OMS-90(x-y axis)
(2) 128-Slice C T Scanner
(3) Accessories of Color Doppler (Hitachi,F 37,Aloka)
(a) Software & Probes For Cardiac Application (UST-5299)
(b) Software & Probes For Vascular Application(UST-5413)
(c) Software & Probes For Transvaginal Application(UST-9124)

ဆေးဌာန
လူမှုဖူလုံရေးရုံးချုပ်၊ နေပြည်တော်

အိတ်ဖွင့်ဈေးနှုန်းလွှာတင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တက္ကသိုလ်ရှိဆိုင်ခန်းများအား ဖွင့်လှစ်ရောင်းချရေးအတွက် အိတ်ဖွင့်(တင်ဒါ)များ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ရန်ကုန်တက္ကသိုလ်စီမံရေးရာဌာန (AE-5)တွင် ၂၃-၄-၂၀၁၅ရက် နံနက် ၁၀း၀၀နာရီမှ ၁၁-၅-၂၀၁၅ရက် မွန်းလွဲ ၁၃း၀၀နာရီထိရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်ရက်မှာ ၁၂-၅-၂၀၁၅ရက် ၁၃း၀၀နာရီတိတိဖြစ်ပါသည်။

၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာအတိုင်း ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ဆိုင်ခန်းနေရာချထားရေးနှင့်ကြီးကြပ်ရေးကော်မတီ
ရန်ကုန်တက္ကသိုလ်
ဖုန်း-၅၃၂၃၁၀၊ ၅၃၅၇၅၁

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန
၂၀၁၄-၂၀၁၅ ခု၊ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ် ဝင်ခွင့်လျှောက်လွှာများ ခေါ်ယူခြင်း

၁။ အစိုးရ စက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ)တွင် ၂၀၁၄-၂၀၁၅ ခု၊ ပညာသင်နှစ်အတွက် A.G.T.I ပထမနှစ်သင်တန်းသားများကို ခေါ်ယူမည် ဖြစ်ပါသည်။

၂။ **လျှောက်ထားသူသည်-**
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါသန်စွမ်းကျန်းမာသူဖြစ်ရမည်။
(ဂ) တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ဖော်ပြပါ ဘာသာတွဲများဖြင့် အောင်မြင်သူဖြစ်ရမည်။
(၁) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ။
(၂) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သမိုင်း၊ ရူပဗေဒ၊ ဓာတုဗေဒ။
(၃) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ စိတ်ကြိုက်မြန်မာစာ၊ ရူပဗေဒ၊ ဓာတုဗေဒ။
(၄) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ။
(၅) မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်၊ ရူပဗေဒ၊ ဓာတုဗေဒ။
(ဃ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ရရှိခဲ့သည့် အင်္ဂလိပ်စာနှင့် သင်္ချာစုစုပေါင်းရမှတ်အပေါ်မူတည်၍ ရွေးချယ်မည်ဖြစ်သည်။

၃။ မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သည့် စာစစ်ဌာနများမှ အောင်မြင်သူများ လျှောက်ထားနိုင်သည်။

၄။ အစိုးရနည်းပညာအထက်တန်းကျောင်းများမှ အောင်မြင်သူများလည်း လျှောက်ထားနိုင်သည်။

၅။ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ)တွင်ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) မြို့ပြအင်ဂျင်နီယာ
(ခ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(ဂ) သုတနည်းပညာ

၆။ သင်တန်းကာလမှာ(၃)နှစ်ဖြစ်သည်။ သင်တန်းပြီးဆုံးပါက ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည်ဖြစ်သည်။

၇။ ဝင်ခွင့်လျှောက်လွှာများကို အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ)၌ ၂၂-၄-၂၀၁၅ ရက်မှ စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၃-၅-၂၀၁၅ ရက် နောက်ဆုံးထား၍ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ)သို့ ပြန်လည်တင်သွင်းရမည်။

၈။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲတင်ပြရမည်-
(က) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။
(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ထောက်ခံစာမူရင်းနှင့် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ထောက်ခံစာမူရင်း။
(ဂ) သက်ဆိုင်ရာမှ တရားဝင်ထုတ်ပေးထားသော တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့်အမှတ်စာရင်း (မူရင်းနှင့်မိတ္တူ)။
(ဃ) ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

၉။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဖြူ)သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

ဓာတ်အားခွဲရုံစီမံကိန်းများ

(၁) 66/11KV,5MVA, ဖလမ်းဓာတ်အားခွဲရုံတည်ဆောက်ခြင်း
(၂) 66/33KV,10MVA & 66/11KV, 5MVA မင်းပြားဓာတ်အားခွဲရုံ တည်ဆောက်ခြင်း
(၃) 66/11KV,5MVA မိုင်းရှူးဓာတ်အားခွဲရုံတည်ဆောက်ခြင်း
(၄) 66/11KV,5MVA ကွတ်ခိုင်ဓာတ်အားခွဲရုံတည်ဆောက်ခြင်း
(၅) 66/11KV,5MVA မင်းကင်းဓာတ်အားခွဲရုံ တည်ဆောက်ခြင်း
(၆) 66/11KV,5MVA ထီးလင်းဓာတ်အားခွဲရုံ တည်ဆောက်ခြင်း
(၇) 66/11KV,5MVA ဆောဓာတ်အားခွဲရုံ တည်ဆောက်ခြင်း
(၈) 66/11KV, 5MVA ရှားတောဓာတ်အားခွဲရုံ တည်ဆောက်ခြင်း
(၉) 66/33/11KV, 30MVA ဘော်လခဲဓာတ်အားခွဲရုံ တည်ဆောက်ခြင်း
(၁၀) 66/11KV, 10MVA ဘုရားကုန်း(ဇာသပြင်) ဓာတ်အားခွဲရုံတည်ဆောက်ခြင်း
(၁၁) 66/11KV,2×5MVA ကော့ကရိတ်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း
(၁၂) 66/11KV,5MVA မအီဓာတ်အားခွဲရုံ တည်ဆောက်ခြင်း
(၁၃) 66/11KV,2×10MVA ကျောက်ဖြူ(SEZ)ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း
(၁၄) 66/11KV, 10MVA တောင်ကုတ်မြို့ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း
(၁၅) 66/11KV, 5MVA မင်းတုန်းဓာတ်အားခွဲရုံ တည်ဆောက်ခြင်း
(၁၆) 66/11KV,5MVA ကမ္မဓာတ်အားခွဲရုံတည်ဆောက်ခြင်း
(၁၇) 132/66/11KV,2×50MVA တောင်ကြီးဓာတ်အားခွဲရုံ တည်ဆောက်ခြင်း
(၁၈) 230/66/11KV,2×50MVA ကလေးပင်မဓာတ်အားခွဲရုံ တည်ဆောက်ခြင်း
(၁၉) 230/66/11KV,2×50 MVA ဂန့်ဂေါပင်မဓာတ်အားခွဲရုံ တည်ဆောက်ခြင်း
(၂၀) 132/66KV, 100MVA, 132/33KV,50MVA လွိုင်ကော်ဓာတ်အားခွဲရုံတည်ဆောက်ခြင်း
(၂၁) 230/66/11KV,2×50MVA မြဝတီပင်မဓာတ်အားခွဲရုံ တည်ဆောက်ခြင်း
(၂၂) ၂၃၀ကေဗွီ တောင်တွင်းကြီးခွဲရုံ(၂) Bay Extension တည်ဆောက်ခြင်း
(၂၃) ၂၃၀ကေဗွီ ရွှေတောင်ခွဲရုံ(၂) Bay Extension တည်ဆောက်ခြင်း

ဓာတ်အားလိုင်းစီမံကိန်းများ

(၁) မော်လမြိုင်-မြဝတီ ၂၃၀ကေဗွီ ဓာတ်အားလိုင်း(၈၀)မိုင် တည်ဆောက်ခြင်း
(၂) မြဝတီ-ကော့ကရိတ် ၆၆ကေဗွီ ဓာတ်အားလိုင်း(၄၀)မိုင် တည်ဆောက်ခြင်း
(၃) တောင်ကုတ်-တောင်ကုတ်မြို့ ၆၆ကေဗွီဓာတ်အားလိုင်း(၉)မိုင် တည်ဆောက်ခြင်း

၂။ အထက်ပါလုပ်ငန်းများသည် နည်းပညာပိုင်းနှင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာလုပ်ငန်းများဖြစ်ပါသဖြင့် အလားတူလုပ်ငန်း အတွေ့အကြုံရှိသူများ ပါဝင်ဆောင်ရွက်နိုင်ပါသည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါပုံစံ ရောင်းချမည့်ရက်	- ၂၂-၄-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက်	- ၂၁-၅-၂၀၁၅ ရက်
တင်ဒါပိတ်မည့်အချိန်	- ၁၄း၀၀ နာရီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊
ပစ္စည်းစီမံရေးဌာန၊
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၂၈၂

"မဟာသင်္ကြန် နှစ်သစ်ဆုတောင်း"

မြပန်ဝါကုမ္ပဏီ၏မိတ်ဟောင်းမိတ်သစ်အပေါင်းကိုမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်းမဟာသင်္ကြန်ဆုမွန်ကောင်းပို့သအပ်ပါသည်။

ကုန်သည်၊ ပွဲစား၊ စက်ပိုင်များ၊ မိတ်ဖက်ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စာနယ်ဇင်းမီဒီယာများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ၁၃၇၇ ခုနှစ် မြန်မာနှစ်သစ်မှသည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပါစေကြောင်း၊ လုပ်ငန်းအပေါင်းဆတက်ထမ်းပိုး ကြီးပွားတိုးတက်အောင်မြင်ပါစေကြောင်း နှစ်သစ်ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မြပန်ဝါ
ideas coming true

Certificate No. TH 14/ 7562

MYANMAR CONSTRUCTION
MCEA
ENTREPRENEUR S ASSOCIATION

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း "The Best Construction Entrepreneurship Award" "ဆု" ရွေးချယ်နိုင်ရန်အတွက်ပြိုင်ပွဲဖိတ်ခေါ်ခြင်း

အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း (MCEA) နှင့် Sphere Exhibits (Singapore)တို့ ပူးတွဲကျင်းပမည့် **Build Tech 2015** ပြပွဲတွင် ဆုရွေးချယ်၍ ချီးမြှင့်နိုင်ရန်အတွက် စိတ်ပါဝင်စား၍ ပြိုင်ပွဲဝင်လိုသော အသင်းဝင် ကုမ္ပဏီများနှင့် ကန်ထရိုက်တာ များအား လှိုက်လှဲစွာ ဖိတ်ခေါ်အပ်ပါသည်။

ပေးအပ်မည့်ဆု- **The Best Construction Entrepreneurship Award**
ပထမဆု **(Diamond)**
The Best Construction Entrepreneurship Award
ဒုတိယဆု **(Platinum)**
The Best Construction Entrepreneurship Award
တတိယဆု **(Gold)**

ရွေးချယ်မည့် အသက်အပိုင်းအခြား-အသက် (၃၀-၄၀)အတွင်း (၃)ဆု
အသက်(၄၀-၅၀)အတွင်း (၃)ဆု
အသက်(၅၀နှင့် အထက်) (၃)ဆု
ဆု(၃)မျိုးသတ်မှတ်ပေးအပ်မည်ဖြစ်ပါသည်။

ပြိုင်ပွဲဝင်လိုသူများသည် မိမိတို့ကုမ္ပဏီနှင့် အဖွဲ့အစည်းများ၏ အသေးစိတ် Profile များ၊ လုပ်ငန်းအတွေ့အကြုံများ တင်ပြ၍ MCEAရုံးချုပ်သို့ ၁၅-၅-၂၀၁၅ရက် (သောကြာနေ့) ရက်မတိုင်မီ ပေးပို့ပါရန်ဖြစ်ပါသည်။

ဆုရွေးချယ်ရေးကော်မတီ
MCEA

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးအဖွဲ့

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနလက်အောက်ရှိ မီးသတ်စခန်းအသီးသီးတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

